ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့၊ (12-4-2015) (၈၁၇၃)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သောကံဟူ၍ မရှိပေ။

သောက္ကျတောင်ဆရာတော် ဦးတိလောက

# အင်းလေးကန်ရေ ကျဆင်းမှု ထိန်းချုပ်နိုင်ရန်

# ရေထိန်းရေမြှင့်အဆောက်အအုံတည်ဆောက်ထား

သတင်း စာမျက်နှာ-၃





## ပင်စင်စားများအားလုံး တိုးမြှင့်ပင်စင်လစာကို မေလမှစ၍ ခံစားခွင့်ပြုမည်

စာမျက်နှာ - ၇

## လေပွေလှိုင်းများကြောင့် အချိန်အခါမဟုတ်မိုးရွာနိုင်

**နေပြည်တော် ဧပြီ ၁၁**

ယနေ့ညနေ ၃ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများနှင့် အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့် ယနေ့ညနေမှ နောက် ၇၂ နာရီအတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**



ကြေးမုံ စာတည်းရှုထောင့် — ၁၂-၄-၂၀၁၅၊ တနင်္ဂနွေနေ့

# ကမ္ဘာကျော်မြန်မာ့ရိုးရာသင်္ကြန်

နိုင်ငံတကာတွင် နိုင်ငံအလိုက် ထင်ရှားကျော်ကြားသော ရိုးရာယဉ်ကျေးမှုပွဲတော်များရှိသည်။ ကမ္ဘာ့နိုင်ငံများ၏ ရိုးရာယဉ်ကျေးမှုပွဲတော်များနှင့် နှိုင်းယှဉ်မည်ဆိုပါက မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာပွဲတော်များသည် ပိုမိုများပြား၊ ပိုမိုထူးကဲသည်ဟု ဆိုနိုင်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာပွဲတော်များအနက် အတာကူးသည့် တန်ခူးလရေသဘင်ပွဲတော်မှာ ရှေးအစဉ်အလာမပျက် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းခဲ့သော၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော၊ တစ်နိုင်ငံလုံး၊ တိုင်းရင်းသားပြည်သူအားလုံး ပါဝင်ဆင်နွှဲသော အစည်ကားဆုံးပွဲတော်၊ ပျော်ရွှင်နှစ်လိုဖွယ်အကောင်းဆုံးပွဲတော်၊ အထူးခြားဆုံးပွဲတော်ကြီး ဖြစ်ပါသည်။

ထိုကဲ့သို့ ထူးခြားသော ဂုဏ်အင်္ဂါရပ်များနှင့်ပြည့်စုံသော အစဉ်အလာကြီးမားသည့် ပွဲတော်ကြီးဖြစ်သောကြောင့် မြန်မာများသာမက နိုင်ငံတကာကပါ စိတ်ဝင်စားကြသည်။ ထို့ကြောင့် ကမ္ဘာကျော်ပွဲတော်ကြီးဟု ဆိုချင်ပါသည်။ ကမ္ဘာကျော်ဟု ဆိုရခြင်းမှာ ပျော်ရွှင်ဖွယ်ရာအခင်းအကျင်းကို ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့် ထုံမွမ်းထားသောကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မူလကတည်းက ဘာသာယဉ်ကျေးမှု အစဉ်အလာကြီးမားသော နိုင်ငံဖြစ်ပါသည်။ အရှေ့တိုင်းမှ နိုင်ငံဖြစ်သည့်အားလျော်စွာ ယဉ်ကျေးသိမ်မွေ့သော ကိုယ်ပိုင်ဓလေ့စရိုက်များဖြင့် နှစ်လိုဖွယ်ကောင်းသော နိုင်ငံဖြစ်သည်။ အနောက်နိုင်ငံများသည် ၎င်းတို့၏ ထုံးတမ်းစဉ်လာအရ သရုပ်ပျက်ယဉ်ကျေးမှုကို လက်ခံကျင့်သုံးသော နိုင်ငံများဖြစ်သည်။ ထိုနိုင်ငံများသည် ၎င်းတို့သဘာဝနှင့်မတူသည့် ယဉ်ကျေးသိမ်မွေ့သော ဓလေ့စရိုက်များရှိသော မြန်မာတို့၏ပွဲတော်ကို စိတ်ဝင်စားသောကြောင့် ကျော်ကြားခြင်းဖြစ်သည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ဖျော်ဖြေကြသော ရိုးရာယဉ်ကျေးမှုတေးသွားများ၊ အကအလှ တင်ဆက်မှုများမှာ နှစ်စဉ်ရေလဲထပ်နေသော်လည်း ဆင်နွှဲကြသူများအဖို့ မရိုးနိုင်ကြပါ။ ကြီးကြီးငယ်ငယ် အရွယ်မရွေး စိတ်နှလုံးအေးအောင် ပျော်မြူးကြသည့် မြင်ကွင်းများက စိတ်ဝင်စားဖွယ်ရာ။ ထိုမျှပျော်မြူးခြင်းသာမက နိုင်ငံအနှံ့ ကုသိုလ်ကောင်းမှုများနှင့် အလှူဒါနပြုကြသည့် မြင်ကွင်းများမှာလည်း မြင်သူတိုင်း စိတ်ဘဝင် ကြည်နူးပီတိဖြစ်ကြမည်သာ။ ထိုမျှ ကောင်းခြင်းအဖြာဖြာနှင့် ပြည့်စုံသော မြန်မာ့ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာပွဲတော်ကြီးမှာ လူတိုင်းလူတိုင်း အစဉ်အလာမပျက်ဆင်နွှဲကြရမည်မှာ အမှန်ပင်။


သို့သော် ပြီးခဲ့သည့်သင်္ကြန်ကာလများမှစ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို မျက်ကွယ်ပြု၍ အနောက်တိုင်းသရုပ်ပျက်ယဉ်ကျေးမှုများ တစ်စတစ်စလွှမ်းမိုးလာသည်ကို မြင်တွေ့ရသည်မှာ ယဉ်ကျေးမှုကို ချစ်မြတ်နိုးကြသော နိုင်ငံသား၊ နိုင်ငံခြားသားအားလုံးအတွက် ဝမ်းနည်းစရာပါ။ နှစ်သက်မြတ်နိုးစရာ ယဉ်ကျေးမှုထုံးတမ်းစဉ်လာဖြစ်၍ ထင်ရှားကျော်ကြားရခြင်းကို မမေ့သင့်ပါ။

ပို၍ စိတ်မချမ်းမြေ့ဖွယ်ရာမှာ ယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကာလ၌ အကျင့်စာရိတ္တပျက်ပြားပြီး လူမှုဘဝကိုပါ ထိခိုက်နစ်နာစေနိုင်သော အရက်သေစာများ၊ ကာမစိတ်ကြွဆေးဝါးများ၊ မူယစ်ဆေးဝါးများ သုံးစွဲနိုင်အောင် တင်သွင်းဖြန့်ချိမှုများ ရှိလာသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က မြန်မာနိုင်ငံတစ်ဝန်း ဖြန့်ကြက်ရှာဖွေဖော်ထုတ်၍ ဖမ်းဆီးနေခြင်းဖြစ်သည်။ ဖြန့်သူရှိ၍ ရောင်းသူရှိလာသည်။ ရောင်းသူရှိ၍ သုံးစွဲသူများရှိလာသည်။ ယင်းကို သင်္ကြန်မတိုင်မီ ပိုက်စိပ်တိုက်ရှာဖွေတားဆီး တိုက်ဖျက်နေသည်။ သင်္ကြန်ကာလတွင်လည်း ရှာဖွေဖော်ထုတ်၍ ဆက်လက်ထိန်းသိမ်းပြီး ထိရောက်စွာ အရေးယူကြရမည်ဖြစ်သည်။

ကမ္ဘာကျော်အောင် ထင်ရှားလာခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ကို ရိုးရာအစဉ်အလာမပျက် ဆင်နွှဲခြင်းနှင့် အစဉ်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်ပေးခြင်းဖြစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖျက်ဆီးသူသည် မြန်မာ့ယဉ်ကျေးမှုကို တိမ်ကောအောင်ပြုလုပ်ခြင်းဖြစ်၍ အမျိုးသားရေးအန္တရာယ်သာဖြစ်သည်။ ယင်းကို နိုင်ငံသားအားလုံးက အမျိုးသားရေးအသိဖြင့် ရှောင်ရှားခြင်း၊ တိုက်ဖျက်ခြင်းများ ပါဝင်ပြုလုပ်ကြရမည်သာတည်း။ ။

## ဒသမအကြိမ် လယ်တီဝိပဿနာ (၇)ရက်စခန်း သတ္တသတ္တာဟ တရားစခန်းဖွင့်





**နေပြည်တော် ဧပြီ ၁၁**

နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံကျေးရွာများမှ ပြည်သူများ ဝိပဿနာတရားတော်များကို စိတ်အေးချမ်းသာစွာ ကျင့်ကြံအားထုတ်နိုင်ရန်အတွက် ဒသမအကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် သတ္တသတ္တာဟ တရားစခန်း၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်သူမြတ် အမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ တရားစခန်းဝင် အမျိုးသား၊ အမျိုးသမီးယောဂီများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များထံ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်သူမြတ်ထံမှ ရေစက်သွန်းချ သာဓုအနုမောဒနာတရားနာကြား၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ တရားစခန်းဖွင့်ပွဲအခမ်းအနားအား အောင်မြင်စွာ ပိတ်သိမ်းခဲ့သည်။

ယင်းနောက် သတ္တသတ္တာဟ ခုနစ်ရက် တရားစခန်းအား ယနေ့မှစတင်၍ ရန်ကုန်မြို့ရှိ ကလေးဝတောရကျောင်းတိုက်၊ ပျဉ်းမနားမြို့ရှိ လယ်တီစံကျောင်းတိုက်နှင့် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်တို့မှ တရားပြဆရာတော်များက လယ်တီဝိပဿနာတရားတော်များကို တစ်ရက်လျှင် ကိုးချိန် ဟောကြားပြသတော်မူကြမည်ဖြစ်ပြီး တရားစခန်းသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ထမ်းနှင့် မိသားစုဝင်ယောဂီ ၂၂၁ ဦးနှင့် ဒေသခံကျေးရွာများမှ ယောဂီ ၆၀၊ ယောဂီစုစုပေါင်း ၂၈၁ ဦး ဝင်ရောက်တရားအားထုတ်ကြသည်။ သတ္တသတ္တာဟ တရားစခန်းတွင် ပထမအကြိမ် လယ်တီဝိပဿနာ တရားစခန်းကို ၂၀၁၂ ခုနှစ် ဧပြီလ သင်္ကြန်ကာလတွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး ပထမအကြိမ်မှ နဝမအကြိမ်အထိ ဝန်ထမ်းနှင့်မိသားစုဝင်များ၊ ဒေသခံကျေးရွာများမှ စုစုပေါင်းယောဂီ ၁၇၅၃ ဦးသည် ဝိပဿနာတရားများကို ကျင့်ကြံအားထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ယခုနှစ် သင်္ကြန်ကာလတွင် (၁၀) ကြိမ်မြောက်နှင့် (၁၁) ကြိမ်မြောက်အဖြစ် လယ်တီဝိပဿနာ တရားစခန်းကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိနှင့် ဧပြီလ ၁၈ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ တရားစခန်းတစ်ကြိမ်လျှင် ယောဂီပေါင်း ၃၀၀ ခန့် ဝင်ရောက်တရားအားထုတ်နိုင်ပြီး ယောဂီများ၏ နေထိုင်စားသောက်မှုများအတွက် သာသနဟိတဓရအသင်းမှ ဦးဆောင်ပြီး စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယောဂီများ တရားအားထုတ်ရာ သာသနာ့ဗိမာန်တော်၊ ဆွမ်းစားဆောင်များအပြင် လေအေးပေးစက်ပါ နားနေဆောင်များ စီစဉ်ပေးထားပြီး၊ တည်ထားကိုးကွယ်ပြီးဖြစ်သည့် သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီးနှင့် တည်ထားပြီးစီးတော့မည်ဖြစ်သည့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယ လေးဌာနကိုလည်း ကြည်ညိုဖူးမြော်ကာ စိတ်အေးချမ်းသာစွာဖြင့် ဝိပဿနာ တရားတော်များကို ကျင့်ကြံအားထုတ်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၇)




### တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ထားဝယ်ခရိုင်အတွင်း ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်များအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော မြေသား လမ်း(၂)လမ်း၊ ကျောက်လမ်း(၅)လမ်း၊ သံကူကွန်ကရစ်တံတား(၂၆)စင်း၊ ဘာသာရေး(၃)ခု၊ အိမ်ယာဆောက်လုပ်ရေး(၃)လုံး၊ သောက်သုံးရေရရှိရေးကျေးရွာ(၉)ရွာနှင့် ဆိုလာမီးရရှိရေး ကျေးရွာ(၈)ရွာ၊ လုပ်ငန်းများအား ဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း တင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်/အချိန် | - | ၁၈-၄-၂၀၁၅ ရက်(စနေနေ့)နံနက် ၉း၃၀နာရီ |
| အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန် | - | ၉-၅-၂၀၁၅ ရက်(စနေနေ့) ညနေ ၁၆း၀၀နာရီ |
| အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ | - | ထားဝယ်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အာဇာနည်လမ်း၊ ဗျောတောဝရပ်ကွက်၊ ထားဝယ်မြို့။ |

ဖုန်း-၀၅၉-၂၁၀၀၅၊ ၀၅၉-၂၁၁၅၇

ထားဝယ်ခရိုင်၊ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၏ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှ အခြေခံပညာကျောင်းများဆောက်လုပ်မည့် အဆောက်အအုံ (၁၈၉)ကျောင်းအတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ၁၀-၄-၂၀၁၅ ရက်နေ့မှစ၍ ဝယ်ယူနိုင်ပြီး ၁၀-၅-၂၀၁၅ ရက်နေ့ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။
(က) ဝန်ကြီးရုံး၊ လူမှုရေးဝန်ကြီးဌာန၊ကချင်ပြည်နယ်အစိုးရအဖွဲ့ ၀၇၄-၂၉၅၂၀
(ခ) လူမှုဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ၀၇၄-၂၂၆၆၄
(ဂ) ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး ၀၇၂-၂၂၄၁၆
၀၇၂-၂၂၃၇၇

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့

GOLDEN STAR Travels & Tours
☆ ရွှေစက်တော်-ပုဂံ-ပုပ္ပါး-ပခုက္ကူ Apr-12
☆ ပုဂံ-ပုပ္ပါး-ပခုက္ကူ Apr-12,13
☆ မုံရွာ-အလောင်းတော်ကဿပ Apr-11
☆ တောင်ကြီး-အင်းလေး-ပင်းတယ Apr-12,13,17
☆ မန္တလေး-ပြင်ဦးလွင်-ဧဝက်ကိုင်း Apr-12,17
☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး Apr-11,12
☆ ထားဝယ်(ရှင်ကိုးရှင်)-မော်လမြိုင်-စက်စဲ Apr-11
ကျိုက်ထီးရိုး-ချောင်းသာ-ငွေဆောင် (နေ့စဉ်)
Ph: 209200, 703448, 430480, 544383, 705968, 09-5081580

**မိခင်အမည်မှန်**

အထက(ဆင်ဘို)၊ သတ္တမတန်း(B)မှ မောင်ခင်လေးရမ်ဆိန်း၊ဆဋ္ဌမတန်း(A)မှ မောင်ခင်လေးဒီးရှင်း၊စတုတ္ထတန်း(A)မှ မောင်ခင်လေးဂျဲ၊ ပထမတန်း(B)မှ မောင်ခင်လေးဆင်ရမ်တို့၏ မိခင်အမည်မှန်မှာ ဒေါ်အားခူ(ခ)ဒေါ်ထယ်မီနာ ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကိုမြိုးကျော်လင်း(၁၂/ဒပန(နိုင်)၀၅၄၆၉၃)၏ PP No.MA 085496 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၉၀၅၈၄၀

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရေးအတွက် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၁၁**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် လုပ်ငန်းကော်မတီအဖွဲ့ဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့်အတူ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကွင်းဆင်းအဖွဲ့ ခေါင်းဆောင်များ၏ ကွင်းဆင်းစစ်ဆေးချက်များနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးအား ဧပြီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် ရွေးချယ်စိစစ်ရမည့် ဆုအမျိုးအစားကိုးမျိုးနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနအလိုက် ကွင်းဆင်းအဖွဲ့များဖြင့် အသီးသီး ကွင်းဆင်းစိစစ်ဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုဖြစ်သည့်အတွက် အထူးအလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆုရွေးချယ်မှုနှင့်ပတ်သက်၍ အဘက်ဘက်မှ ဝေဖန်ထောက်ပြမှုများ မရှိစေရေး စနစ်တကျ ပြင်ဆင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆုနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာဆု၊ စွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီဆုနှင့် စည်ပင်သာယာရေးကော်မတီဆု၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာဆု၊ မွေးမြူရေးကဏ္ဍဆိုင်ရာဆုများအတွက် ကွင်းဆင်းစိစစ်ခဲ့မှုအခြေအနေတို့အားလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်တွင်းပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များ ရာသီဥတုခိုလှုံခွင့်ပြုသည့်နေရာ သတ်မှတ်

**နေပြည်တော် ဧပြီ ၁၁**

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို ၉-၄-၂၀၁၅ ရက် နေ့စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၅ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သမြချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင် ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ပ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်၊

ပြည်တွင်းပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာ နေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **ငါးလုပ်ငန်းဦးစီးဌာန**

# အင်းလေးကန်ရေကျဆင်းမှု ထိန်းချုပ်နိုင်ရန် ရေထိန်းရေမြှင့်အဆောက်အအုံတည်ဆောက်ထား

**ညောင်ရွှေ ဧပြီ ၁၁**

အင်းလေးကန်အတွင်းမှ ရေကိုကန်အောက်ပိုင်းသို့ စီးဆင်းရာတွင် လိုအပ်သလို ထိန်းချုပ်နိုင်ရန်အတွက် ရေထိန်းရေမြှင့် အဆောက်အအုံ (Geo-tube)ကို ညောင်ရွှေမြို့နယ် ပုန်မူကျေးရွာအုပ်စု ဘန်းကန်ကျေးရွာအထက် တစ်မိုင်အကွာတွင် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ခဲ့ကြောင်း သိရသည်။

"ကန်အတွင်းမှ ရေကျဆင်းမှုကို ထိန်းနိုင်ဖို့အတွက် မူလချောင်းအကျယ် ပေ ၂၂၀ မှာ ပေ ၁၅၀ အရှည်ရှိ (Geo-tube) တစ်လုံးနဲ့ ပေ ၁၀၀ အရှည်ရှိ (Geo-tube) နှစ်လုံးကို တည်ဆောက်ခဲ့ပြီး သဲ ၄၈၃ ကျင်းနဲ့ ကျောက် ၃၃၈ ဒသမ ၇၅ ကျင်း အသုံးပြုခဲ့ပါတယ်။ စက်လှေတွေ သွားလာနိုင်ဖို့အတွက် ရေလမ်းအကျယ် ပေ ၇၀ ထားရှိထားပါတယ်။ ရေထိန်းရေမြှင့် အဆောက်အအုံ (Geo-tube) ဆောင်ရွက်ပြီးတဲ့နောက်မှာ အဆောက်အအုံအပေါ်ပိုင်းနဲ့ အောက်ပိုင်းရဲ့ရေအနိမ့်အမြင့်ကွာခြားချက်က အပေါ်ပိုင်းမှာ ခြောက်လက်မအထိ မြင့်တက်လာပါတယ်"ဟု ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်ဦးက ရှင်းပြသည်။

အဆိုပါရေထိန်းရေမြှင့် အဆောက်အအုံ(Geo-tube) ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ငွေကျပ်သိန်း ၁၇၀၀ အကုန်အကျခံ



တည်ဆောက်ခဲ့ကြောင်း၊ အင်းလေးကန်အတွင်းမှ ရေကျဆင်းမှုကို အထိုက်အလျောက် သက်သာနိုင်ပြီး သဘာဝအနေအထားမပျက် အင်းလေးကန်ရေစီးမှုကို ထိန်းသိမ်းနိုင်ကြောင်း၊ ရေများချိန်တွင် ရေကျော်ကျ စီးဆင်းနိုင်မည်ဖြစ်သဖြင့် ရေလွှမ်းမိုးမှု မရှိနိုင်ဘဲ ရေကျချိန်၊ ရေနည်းချိန်တွင်သာ အဓိက ထိန်းချုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် နွေဦးရာသီတွင် ယမန်နှစ်ကထက် အပူရှိန်ပြင်းထန်သောကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်များ၊ ချောင်းကန်များတွင် ရေနည်းပါးမှုများဖြစ်ပေါ်လာရာ အင်းလေးကန်တွင်လည်း ရေနည်းပါးမှုရှိလာခဲ့သည်။ ထို့ကြောင့် ရာသီဥတုပူပြင်းမှုနှင့် မိုးရွာသွန်းမှုနည်းပါးပါက အင်းလေးကန်အတွင်း စံချိန်တင်ရေခန်းခြောက်မှုဖြစ်ပေါ်မည်ကို စိုးရိမ်မှုများ ရှိလာခဲ့သည်။ ယခုအင်းလေးကန်အတွင်း ရေကျဆင်းမှုကို အထိုက်အလျောက် သက်သာနိုင်မည့် ရေထိန်း ရေမြှင့် အဆောက်အအုံကို တည်ဆောက်ပေးထားခြင်းဖြစ်သည်။ **(နေမျိုးသူရိန်)**

# ကရင်ပြည်နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနများသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများပေးအပ်

**ဘားအံ ဧပြီ ၁၁**

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ ကော့ကရိတ်၊ သံတောင်ကြီး၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး၊ မြဝတီ၊ ဖာပွန်မြို့များရှိ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများသို့ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၉ ရက် ညနေ ၃ နာရီက ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာအောင်ကျော်ထွေးက ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများသို့ ပေးအပ်မည့် ဆိုလာပြား ၁၃၅ ခုနှင့် ဆက်စပ်ပစ္စည်းများကို ပြည်နယ်လူမှုရေးဝန်ကြီးက ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **အယ်လင်း(ပြန်/ဆက်)**

# ရာဇဂြိုဟ်ဆည် တူးမြောင်းမကြီးမှ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးသွားမည်

**ကလေး ဧပြီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မြောက်ဘက် ရာဇဂြိုဟ်ဘက်စုံရေလှောင်တမံစီမံကိန်းတူးမြောင်းမကြီးမှနေ၍ ကျေးရွာများ လျှပ်စစ်မီးရရှိရေးနှင့် နွေ၊ မိုး၊ ဆောင်း ရေအခက်အခဲမရှိစေရေးအတွက် ရာဇဂြိုဟ်ဆည်တည်ဆောက်ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည် ။

"ရာဇဂြိုဟ်ဆည်အောက်ဘက်ရှိ ကျေးရွာတွေမှာ ရေအခက်အခဲမရှိစေရေး တူးမြောင်းမကြီးအတွင်းရှိ ရေစစ်ကန်မှ ရေပေးဝေနိုင်ဖို့ စီစဉ်ထားပါတယ်။ ရာဇဂြိုဟ်ကျေးရွာကို ရေပေးဝေနိုင်ဖို့ ရေဂါလန် ၁၀၀၀၀ ဆံ့ ရေကန်နဲ့ရေဂါလန် ၂၃၄၀၀ ဆံ့ရေကန်တွေ တည်ဆောက်ပေးသွားမှာပါ။ ကံလှကျေးရွာအတွက် ဆိုရင်လည်း ဂါလန် ၅၀၀၀ ဆံ့ ရေကန်နဲ့ ဂါလန် ၂၃၄၀၀ ဆံ့ ရေကန်တွေကနေ ရေပေးသွားမှာပါ။ နောက်ပြီး ကံဦးကျေးရွာအတွက် ရေပေးဝေနိုင်ဖို့ ဂါလန် ၂၃၄၀၀ ဆံ့ ရေကန်၊ စုံလာမြိုင်ကျေးရွာတူးမြောင်းမကြီးမှ ကျေးရွာအတွက် ရေဂါလန် ၁၀၀၀၀ ဆံ့ ရေကန်တွေနဲ့ ရေပေးသွားမှာပါ"ဟု တည်ဆောက်ရေး (၄)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမော်မော်နိုင်က ပြောသည်။

ရာဇဂြိုဟ်ဆည်တည်ဆောက်ရေးလုပ်ငန်းပြီးစီးသွားပါက ပင်မတမံကြီးမှ ကလေးမြို့သို့ လျှပ်စစ်ဓာတ်အား လေးမဂ္ဂါဝပ် ထုတ်လွှတ်ပေးမည့်အပြင် ရာဇဂြိုဟ်ကျေးရွာအတွက် DY 2 မြောင်းမှနေ၍ ကီလိုဝပ် ၂၀ ဝန်းကျင်ရှိ လျှပ်စစ်ဓာတ်အားအသေးစားနှင့် နန်းကျင်းဆောင်ကျေးရွာအတွက် DY 1 မြောင်းမှနေ၍ ကီလိုဝပ် ၂၀ ဝန်းကျင်ရှိ လျှပ်စစ်ဓာတ်အားများလည်း ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(လင်းလက်ကြယ်စင်)**



# ကျူးဘားနှင့် အမေရိကန်ပြန်လည်သင့်မြတ်မှု လက်တင်အမေရိကခေါင်းဆောင်များ ချီးကျူး

**ပနားမားစီးတီး မေ ၁၁**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ကျူးဘားသမ္မတ ရာအူးလ်ကက်စထရိုနှင့် မေ ၁၁ ရက်တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားခြင်းနှင့်ပတ်သက်၍ လက်တင်အမေရိကခေါင်းဆောင်များက ချီးကျူးဩဘာပေးခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

နှစ်ပေါင်းကြာရှည်စွာ ရန်ဘက်ဖြစ်ခဲ့ကြသည့် အမေရိကန်နှင့် ကျူးဘားနိုင်ငံတို့ ပြန်လည်သင့်မြတ်မှုဘက်သို့ ဦးတည်လာခြင်းသည် သမိုင်းတွင်ရစ်မည့် တိုးတက်မှုတစ်ရပ်ဖြစ်ကြောင်း လက်တင်အမေရိကနိုင်ငံများမှ ခေါင်းဆောင်များက ချီးကျူးထောမနာပြုကြသည်။

အမေရိကတိုက် နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက်ညက ကျင်းပခဲ့ရာတွင် သမ္မတ အိုဘားမားနှင့် သမ္မတ ရာအူးလ်ကက်စထရိုတို့ လက်ဆွဲနှုတ်ဆက်ခဲ့ကြပြီး ခဏတာမျှ စကားပြောဆိုခဲ့ကြသည်။(ဓါတ်ပုံ)

အမေရိကန်ဆန့်ကျင်ရေးသမား ဗင်နီဇွဲလားဆိုရှယ်လစ်ဝါဒီ သမ္မတ နီကိုလပ်စ်မာဒူရိုသည်ပင်လျှင် ကျူးဘားနှင့် အမေရိကန်တို့ ပြန်လည်သင့်မြတ်မှုကို ကြိုဆိုခဲ့သည်။ ကျူးဘားနိုင်ငံသည် အမေရိကတိုက်နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်ခြင်းမှာလည်း ထူးခြားချက်တစ်ရပ်အဖြစ် ချီးကျူးပြောဆိုခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုသည် လက်တင်အမေရိကဒေသအပေါ် ဩဇာလွှမ်းမိုးရန် လုပ်ဆောင်လိုခြင်းမရှိတော့ကြောင်း သမ္မတ အိုဘားမားက ပြောကြားသည်။

အိုဘားမားသည် မကြာသေးမီက လက်တင်အမေရိကဒေသတစ်ဝန်းမှ အတိုက်အခံလှုပ်ရှားသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **ရိုက်တာ။**

# ဆိုဗီယက်သင်္ကေတများကိုပိတ်ပင်ရန် ယူကရိန်းက ဥပဒေကြမ်းအတည်ပြု

**ကီယက်ဗ် မေ ၁၁**

ယူကရိန်းနိုင်ငံ၌ ဆိုဗီယက်ခေတ်၏ အထိမ်းအမှတ်သင်္ကေတအရပ်ရပ်ကို ပိတ်ပင်ရန် ပါလီမန်က ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုပေးလိုက်ကြောင်း၊ ယင်းမှာ ရုရှားနိုင်ငံကို အာခံသည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၁ရက်တွင် သတင်းထုတ်ပြန်သည်။

ဆိုဗီယက်ခေတ်၏ အမှတ်သင်္ကေတအားလုံးကို ပိတ်ပင်ရန် ဥပဒေကြမ်းတွင်ဖော်ပြထားပြီး ထောက်ခံမဲ ၂၅၄ မဲ၊ ကန့်ကွက်မဲမရှိဖြင့် အတည်ပြုလိုက်ကြောင်း အမတ်တစ်ဦးဖြစ်သူ ယူရီလတ်ဆန်ကိုက ပြောကြားသည်။

ယူကရိန်းနိုင်ငံသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်မှသည် ၁၉၉၁ ခုနှစ်တွင် လွတ်လပ်ရေးရရှိချိန်အထိ ဆိုဗီယက်ပြည်ထောင်စု၏အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကာလအတွင်း ယူကရိန်းကို နာဇီတပ်ဖွဲ့များက ကျူးကျော်သိမ်းပိုက်ခဲ့သည်။

ဆိုဗီယက်နှင့် နာဇီအတိတ်သမိုင်းကြောင်းတို့နှင့် သက်ဆိုင်နေသော ရုပ်တုများ၊ ရုပ်လုံးများ၊ အမှတ်တံဆိပ်များ၊ အမှတ်သင်္ကေတများ စသည်တို့အသုံးပြုခြင်းကို ဥပဒေအရ တားမြစ်ပိတ်ပင်မည်ဖြစ်ကြောင်း လတ်ဆန်ကိုက ပြောကြားသည်။

ယူကရိန်းနိုင်ငံတစ်ဝန်း၌ ဆိုဗီယက်ခေတ်လမ်းအမည်များ၊ အထိမ်းအမှတ်ရုပ်တုများ၊ ယဉ်ကျေးမှုအနုပညာလက်ရာပစ္စည်းများ ရှိနေဆဲဖြစ်ပြီး ဥပဒေသစ်အရ ဆိုဗီယက်အငွေ့အသက်ပါရှိသော အမှတ်သင်္ကေတများကို မည်သို့မည်ပုံ ရှင်းလင်းဖယ်ရှားသွားမည်ကို မသိရသေးပေ။

ပြည်သူ့ရင်ပြင်များတွင် ထားရှိသော ဆိုဗီယက်ခေါင်းဆောင်ဟောင်း ဗလာဒီမာလီနင်အား သရုပ်ဖော်သည့် ရုပ်တုများကို ဖြိုချသည့် လုပ်ရပ်များပေါ်ပေါက်ခဲ့ပြီး ဆိုဗီယက်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ ရုရှားဘာသာစကားပြော ယူကရိန်းနိုင်ငံသားများက ဒေါသတကြီး ဝေဖန်ပြောကြားခဲ့ကြသည်။

**ပီတီအိုင်။**



**ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ ဆိုဗီယက်ခေတ်လက်ကျန် ဗလာဒီမာလီနင်ရုပ်တု။**

# ယီမင်တွင် စစ်ဆင်နွှဲနေသည့် ဆော်ဒီတပ်ဖွဲ့များအား အမေရိကန်ကထောက်လှမ်းရေးသတင်းများ ပိုမိုမျှဝေပေးမည်

**ဝါရှင်တန် မေ ၁၁**

ယီမင်နိုင်ငံရှိ ဟူသီသူပုန်များ၏ ပစ်မှတ်များဖြစ်နိုင်ဖွယ်ရှိသော နေရာများအား လေကြောင်းမှ တိုက်ခိုက်နေသည့် ဆော်ဒီအာရေဗျတပ်ဖွဲ့များအတွက် အမေရိကန်ပြည်ထောင်စုက ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ မျှဝေပေးမှုကို တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်ကာ ပင်လယ်ကွေ့အာရပ်နိုင်ငံများမှ တပ်ဖွဲ့ဝင်များအဖြစ်ပါဝင်သည့် မဟာမိတ်အဖွဲ့က ဟူသီသူပုန်များအပေါ် ရက်သတ္တနှစ်ပတ်ကြာပြင်းထန်သော လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သော်လည်း သူပုန်အဖွဲ့၏ ထိုးစစ်ရပ်တန့်သွားခြင်း မရှိသဖြင့် အမေရိကန်ပြည်ထောင်စုက ထောက်လှမ်းရေးသတင်းအချက်အလက်များကို ပိုမိုမျှဝေသွားရန် ကမ်းလှမ်းခြင်းဖြစ်သည်။

ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုပြည့်စုံစွာ ရရှိခြင်းဖြင့် ဆော်ဒီအာရေဗျတပ်ဖွဲ့များအနေဖြင့် ပစ်မှတ်ရွေးချယ်ရာတွင် တိကျမှန်ကန်မှုရှိလာမည်ဖြစ်ကြောင်း၊ မတ်လနောက်ပိုင်းတိုက်ခိုက်မှုများကြောင့် လူထောင်ပေါင်းများစွာ သေဆုံးရခြင်းနှင့် အိုးအိမ်စွန့်ခွာထွက်ပြေးရခြင်းတို့ရှိကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန**
**(ယခင်မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်)**
**အကြွေးပေးသွင်းရန် ပျက်ကွက်သည့်လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနသည် နိုင်ငံတော်သို့ အကြွေးပေးဆပ်ရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များအား သက်ဆိုင်ရာရဲစခန်းများတွင် ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုရေးအမှုဖွင့်ဆောင်ရွက်လျက်ရှိရာ ငါးစာအကြွေးပေးသွင်းရန်ရှိသော အောက်ပါလုပ်ငန်းရှင်များမှာ ကြွေးမြီးအပြေအကျေပေးသွင်းပြီးဖြစ်၍ အမှုပိတ်သိမ်းရေးဆောင်ရွက်ပေးပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဦးစန်းဝင်း | ကြွေးကျန်ငွေကျပ်(၁၃၀)သန်း | ဒညင်းကုန်းအစာစပ်စက်ရုံ |
| (ခ) | ဦးစောသိန်း | ကြွေးကျန်ငွေကျပ်(၉. ၇၂၅)သန်း | ဒညင်းကုန်းအစာစပ်စက်ရုံ |
| (ဂ) | ဦးမြင့်ကျော် | ကြွေးကျန်ငွေကျပ်(၂၄. ၇၆၄)သန်း | ဒညင်းကုန်းအစာစပ်စက်ရုံ |
| (ဃ) | ဦးမင်းဇော်ဦး | ကြွေးကျန်ငွေကျပ်(၁၉. ၂၉၀)သန်း | ဒညင်းကုန်းအစာစပ်စက်ရုံ |
| (င) | ဦးမင်းသိမ်း(အိမ်မဲ) | ကြွေးကျန်ငွေကျပ်(၁၁၃၂၃. ၂၃၇)သန်း | လှော်ကားအစာစပ်စက်ရုံ |

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊မွေးမြူရေးဌာန**
**(ယခင် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်)အကြွေးပေးသွင်းရန် ပျက်ကွက်သည့်**
**လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ ဖြိုးရေးဝန်ကြီးဌာန၊မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊မွေးမြူရေးဌာနသည် နိုင်ငံတော်သို့ အကြွေးပေးဆပ်ရန်ပျက်ကွက်သည့်လုပ်ငန်းရှင်များအား သက်ဆိုင်ရာရဲစခန်းများတွင် ရာဇဝတ်ကြောင်းဖြင့်တရားစွဲဆိုရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိရာ ဦးစန်းဝင်း၊ ဦးစောသိန်း၊ ဦးမင်းဇော်ဦး၊ ဦးမြင့်ကျော်၊ ဦးမင်းသိမ်း(အိမ်မဲ)တို့ လုပ်ငန်းရှင်(၅)ဦးမှာ အကြွေး အပြေအကျေပေးသွင်းပြီးဖြစ်၍ အမှုပိတ်သိမ်းရေးဆောင်ရွက်ပေးပြီး ဖြစ်ပါသည်။

၂။ အောက်ပါလုပ်ငန်းရှင်များသည် ၁၀-၄-၂၀၁၅ ရက်နေ့အထိ ဖော်ပြပါအတိုင်း အကြွေးပေးသွင်းရန် ကျန်ရှိနေသည့်အတွက် အမြန်ဆုံးပေးသွင်းနိုင်ပါရန်နှင့် ကျန်ရှိသူများအား တရားဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | ကုမ္ပဏီအမည် | ကြွေးကျန်ငွေ(ကျပ်သန်း) |
|---|---|---|---|---|
| ၁။ | ဦးအောင်နိုင်ထွန်း | ၁၂/လသန(နိုင်)၀၀၉၃၇၄ | မွေးမြူရေးလုပ်ငန်းရှင် | ၁၇. ၉၉၃ |
| ၂။ | ဦးမျိုးအောင် | ၁၂/တကန(နိုင်)၀၉၉၀၆၇ | မွေးမြူရေးလုပ်ငန်းရှင် | ၁၂၂၈. ၂၅၄ |
| ၃။ | ဦးစိုးမင်းထွန်း | ၁၂/တတန(နိုင်)၁၁၈၄၅၂ | မွေးမြူရေးလုပ်ငန်းရှင် | ၁၀၁. ၉၄၃ |
| ၄။ | ဦးစိန်သောင်းဦး | ၁၂/တတန(နိုင်)၀၅၆၃၂၈ | မွေးမြူရေးလုပ်ငန်းရှင် | ၁၁၀. ၂၉၉ |
| ၅။ | ဦးအောင်ဖုန်းမြင့် | ၁၂/ထတပ(နိုင်)၀၆၇၈၉၉ | မွေးမြူရေးလုပ်ငန်းရှင် | ၂၄. ၅၈၄ |
| ၆။ | ဦးဝင်းလှိုင် | ၁၂/ဥကမ(နိုင်)၀၇၄၈၉၃ | မွေးမြူရေးလုပ်ငန်းရှင် | ၁၅၂. ၀၀၆ |
| ၇။ | ဦးကျော်ကျော်နိုင် | ၁၂/တတန(နိုင်)၀၁၀၆၇၈ | မွေးမြူရေးလုပ်ငန်းရှင် | ၇၃. ၉၈၁ |
| ၈။ | ဦးစန်းလှ | ၁၂/တတန(နိုင်)၀၃၈၁၁၃ | မွေးမြူရေးလုပ်ငန်းရှင် | ၁၀၅. ၈၄၂ |
| ၉။ | ဦးလွင်ရှိန် | ၁၂/တတန(နိုင်)၀၉၄၀၇၄ | မွေးမြူရေးလုပ်ငန်းရှင် | ၅၉. ၁၉၅ |
| ၁၀။ | ဦးလှဝင်း(တွံတေး) | ၁၂/တတန(နိုင်)၀၅၆၅၈၇ | မွေးမြူရေးလုပ်ငန်းရှင် | ၆၅. ၂၁၁ |
| ၁၁။ | ဦးလှအောင် | ၁၂/ထတပ(နိုင်)၀၄၅၈၁၉ | မွေးမြူရေးလုပ်ငန်းရှင် | ၁၉. ၇၈၃ |
| ၁၂။ | ဒေါ်လေးလေးခိုင် | ၁၂/အလန(နိုင်)၀၀၀၁၆၀ | အာရှသားအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် | ၄၇၆. ၅၈၉ |

(ဆက်လက်ဖော်ပြပါမည်)

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# သင်္ကြန်ကာလ ယာဉ်အန္တရာယ်ကင်းဝေးအောင်

**တွေ့ဆုံမေးမြန်း ›› ရီရီမြင့်၊ ဥမ္မာသန့်၊**
**ဓာတ်ပုံ ›› ရီရီသန့်**

မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးသင်္ကြန်ကား မကြာမီရက်အတွင်းရောက်ရှိတော့မည်။ သင်္ကြန်ကာလ ရောက်သည်နှင့် လူကြီးသူမများက ဘုရား၊ ကျောင်းကန်သွားပြီး ဥပုသ်သီတင်းဆောက်တည်ကာ ကုသိုလ်ကောင်းမှုပြုကြသည်။ လူငယ်လူရွယ်များကမူ ရေပက်ကစားခြင်း၊ ရေပက်ခံထွက်ခြင်းတို့ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ကို ပျော်ရွှင်စွာဖြတ်သန်းကြတော့မည်ဖြစ်သည်။

မြန်မာ့ရိုးရာသင်္ကြန်ကို လူကြီးလူငယ်အားလုံး အေးချမ်းပျော်ရွှင်စွာဖြတ်သန်းနိုင်ရေး၊ မြန်မာ့ရိုးရာသင်္ကြန်ကို အရုပ်ဆိုးအကျည်းတန်မဖြစ်စေရေးတို့အတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခိုက်ရန်ဖြစ်ပွားမှုလျော့နည်းရေး၊ နှစ်သစ်ကူးကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် မှုခင်းများမဖြစ်ပေါ်စေရေးတို့ကို ရည်ရွယ်ကာ သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူအသီးသီးတို့က ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားကြပြီးဖြစ်သည်။

ယင်းတို့အနက် နှစ်သစ်ကူးသင်္ကြန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ကို အေးချမ်းပျော်ရွှင်စွာဆင်နွှဲနိုင်ရေး ရည်ရွယ်ပြီး ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် မည်သို့ကြိုတင်ဆောင်ရွက်ထားမှုများနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွဋ်အား မြန်မာ့သတင်းစဉ်သတင်းအဖွဲ့မှ သွားရောက်မေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်။

**မေး။ သင်္ကြန်ကာလ ရန်ကုန်မှာ ယာဉ်တိုက်မှုဖြစ်ပွားခဲ့တာနဲ့ပတ်သက်ပြီး နှစ်အလိုက်ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေလေးကို အရင်ဆုံးရှင်းပြပေးစေလိုပါတယ်ရှင့်။ ပြီးတော့ တစ်ဆက်တည်း ယခုနှစ်မှာ ဘယ်လိုအစီအမံတွေ ဆောင်ရွက်ထားသလဲဆိုတာလည်း သိချင်ပါတယ်။**

ဖြေ။ ပြီးခဲ့တဲ့ သင်္ကြန်တွေရဲ့ ယာဉ်တိုက်မှုဖြစ်ပွားခဲ့တဲ့အနေအထားကို ပြန်ကြည့်ရင် ၂၀၁၃ ခုနှစ် သင်္ကြန်တုန်းက ရန်ကုန်တိုင်းဒေသကြီးမှာ ၄၆ မှုဖြစ်ခဲ့တယ်။ ၂၀၁၄ ခုနှစ်မှာ ယာဉ်တိုက်မှု ၆၂ မှုဖြစ်ခဲ့တယ်။ ယာဉ်တိုက်မှုတိုးလာတယ်။ လူသေဆုံးမှုက ၂၀၁၃ မှာ တစ်ယောက်သေခဲ့တယ်။ ၂၀၁၄ မှာတော့မသေဘူး။ ၂၀၁၃ မှာ ဒဏ်ရာရရှိသူ တစ်ယောက်ပဲရှိတယ်။ ၂၀၁၄ မှာ ဒဏ်ရာရရှိသူ ၅၄ ယောက်ရှိလာတယ်။ များလာတယ်။ ဒီနှစ်မှာလည်း ယာဉ်တိုက်မှုက များလာမယ်လို့သုံးသပ်ပါတယ်။ နှစ်စဉ်တက်လာတဲ့ အနေအထားရှိတယ်။ ယာဉ်တွေကလည်း များလာတယ်။ ယာဉ်ကြောကျပ်တာလည်းပါတယ်။

အဲဒီလိုဖြစ်ရပ်တွေကြောင့် အစီအမံတွေလုပ်ထားတယ်။ သင်္ကြန်မတိုင်ခင် အပိုင်းသုံးပိုင်း စီမံထားတယ်။ သင်္ကြန်အကြိုကာလ ယာဉ်တိုက်မှုမဖြစ်အောင် ဘယ်လိုကာကွယ်မလဲ၊ သင်္ကြန်ကာလမှာ ယာဉ်မှုခင်းတွေမဖြစ်အောင် ဘယ်လိုကာကွယ်မလဲ၊ သင်္ကြန်ကာလအလွန်မှာ ဘယ်လိုလုပ်မလဲ ဆောင်ရွက်နေပါတယ်။

**မေး။ အခု သင်္ကြန်အကြိုကာလ ယာဉ်ဖမ်းဆီးမှု အခြေအနေလေး သိချင်ပါတယ်။**

ဖြေ။ သင်္ကြန်အကြိုကာလမှာ ယာဉ်တိုက်မှုဖြစ်စေနိုင်တဲ့ ယာဉ်စည်းကမ်းချိုးဖောက်မှုတွေကို တိုးမြှင့်ဖမ်းဆီးခဲ့ပါတယ်။ သင်္ကြန်မှာ ဘာတွေအဖြစ်များသလဲဆိုရင် မဆင်မခြင်မောင်းနှင်မှုပေါ့။ အရက်သေစာသောက်ပြီး မောင်းနှင်ကြတာပေါ့။ သွားကြလာကြ လွတ်လွတ်ကင်းကင်းနဲ့ သင်္ကြန်အကြောင်းပြပြီး စည်းကမ်းချိုးဖောက်မှုတွေရှိခဲ့တာ၊ လွတ်လပ်မှုရဲ့ နောက်ကွယ်မှာဖြစ်ပေါ်လာတဲ့ ကိစ္စပေါ့။ နောက်တစ်ခုက တိမ်းမှောက်မှုတွေမှာ ဒဏ်ရာရရှိသူ ၅၄ ယောက်ရှိလာတယ်။ ယာဉ်တိမ်းမှောက်တာ အများအားဖြင့် over weight ဖြစ်တာတွေပေါ့။ ဒီနှစ်မှာလည်း လည်မယ်၊ ပတ်မယ်၊ ကားတွေက ကိုရီးယားကား၊ Light Truck ကားတွေ၊ ဘွန်ဂိုကား၊ ဆူဇူကီးကားတွေ၊ ငှားဖို့က အများဆုံးကတော့ Light Truck တွေက လူများများဆံ့တာပေါ့။ အပေါ်မှာ တင်ဆောင်တဲ့အနေအထားကန့်သတ်ချက်ဖြစ်လာတယ်။ ယာဉ်နဲ့ကုန်ရဲ့ အလေးချိန်က သတ်မှတ်ချက်ရှိတယ်။ ကားတွေကို ဝါးတွေကာရံထားတာ အန္တရာယ်ရှိတာပေါ့။ အတိမ်းအမှောက်တွေ ဖြစ်မယ်။

ဒါတွေကိုမဖြစ်အောင်သင်္ကြန်တွင်းမှာ ပညာပေးတာတွေလုပ်မယ်။ ဒါတွေတော့ မသင့်တော်ဘူး။ over weight ဖြစ်နေရင် တားမြစ်တာတွေလုပ်ရမယ်။ မဆင်မခြင်မောင်းနှင်မှုက အရက်သောက်မှုကြောင့်ဖြစ်တဲ့အရာကို တိုင်းတာစစ်ဆေးတာတွေလုပ်နေတယ်။ ထိရောက်တဲ့ ဖမ်းဆီးမှုတွေလုပ်ပြီး ပညာပေးမယ်။ သင်္ကြန်ကာလအတွင်း ထိန်းဖို့ ခက်ခဲတယ်။ သင်္ကြန်ကာလအတွင်းမှာ ယာဉ်ပေါ်ပါတဲ့သူက အအေးဒဏ်ခံနိုင်အောင် အရက်သေစာသောက်စားကြတယ်။ ယာဉ်မောင်းအနေနဲ့ အရက်သေစာသောက်စားလို့မရဘူး။ ကားမောင်းနေတဲ့လူက မူးနေမယ်ဆိုရင် ယာဉ်ကိုဆက်မမောင်းဖို့တားမြစ်ရမယ်။ လူလဲရမယ်။ လဲဖို့လူမပါရင် နားလည်အောင် အသိပညာပေးဖို့ စည်းရုံးပြီး ခေတ္တထိန်းသိမ်းရတာတွေလုပ်ရမယ်။ ဘာကြောင့်လဲဆိုတော့ ဒါက ပြည်သူတွေအတွက်ပါ။ ဒီအပေါ်မှာ ခဏအပျော်လေးတစ်ခုအတွက် ပေးဆပ်ရမယ့် ဘဝတွေ အများကြီးပါသွားမှာလေ။ အတတ်နိုင်ဆုံးတော့ ယာဉ်တိုက်မှုလျော့နည်းအောင်လုပ်ရမှာပဲ။

**မေး။ ဒါဆိုရင် ဖမ်းဆီးမှုဘယ်လောက်ရှိပါသလဲရှင့်။**

ဖြေ။ သင်္ကြန်အကြိုမှုခင်းဖမ်းဆီးမှုအနေနဲ့ ဧပြီ ၅ ရက်အထိဖမ်းတာ တစ်သောင်းခွဲကျော်ပြီ။ ဖမ်းတာကတော့ မီးနီဖြတ်မောင်းတာ။ လမ်းပိတ်ရပ်တာတွေ၊ လမ်းပြောင်းပြန်မောင်းတာတွေ သင်္ကြန်မှာဖြစ်လာမယ့်ဖြစ်ရပ်တွေ ကြိုတင်ပြီး ကာကွယ်နေပါတယ်။ ယာဉ်တိုက်မှုဖြစ်စေနိုင်တဲ့ ယာဉ်စည်းကမ်းချိုးဖောက်မှုတွေ ဦးစားပေးဖမ်းဆီးနေပါတယ်။

**မေး။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ဘယ်လောက်နဲ့ သင်္ကြန်ကာလ တာဝန်ထမ်းဆောင်မယ်ဆိုတာလေး ပြောပြပေးနိုင်မလား။**

ဖြေ။ သင်္ကြန်ကာလမှာရှိတဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေ အကုန်လုံး တာဝန်ထမ်းဆောင်မှာပါ။ သင်္ကြန်ကာလအပြင် နှစ်ဆန်း(၁)ရက်နေ့မှာလည်း ဘုရား၊ ကျောင်းကန်သွားသူများပြားတဲ့အတွက် ငါးရက်လုံး ယာဉ်ထိန်းတပ်ဖွဲ့ဝင်အင်အား အားလုံးသုံးမှာပါ။

**မေး။ သင်္ကြန်မဏ္ဍပ်တွေ ဆောက်ထားတဲ့ နေရာတစ်ဝိုက်က အင်မတန်ကို ယာဉ်ကြောပိတ်ဆို့မှု ဖြစ်တတ်တာကို အရင်နှစ်တွေ အတွေ့အကြုံအရ တွေ့ရပါတယ်။ အခုဒီနှစ်**



ဒုတိယရဲမှူးကြီး လင်းထွဋ်။

**မှာကော မဏ္ဍပ်တွေနားမှာ ဘယ်လိုအစီအမံတွေလုပ်ဖို့ ပြင်ဆင်ထားပါသလဲရှင့်။**

ဖြေ။ သင်္ကြန်မဏ္ဍပ်တွေဆောက်လုပ်ချိန်ကနေ ဖျက်သိမ်းချိန်အထိ ညပိုင်းမှာ ယာဉ်ကြောပိတ်ဆို့မှုမရှိအောင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ တာဝန်ချထားပြီးလုပ်မှာပါ။ အထူးသဖြင့် မနှစ်ကညပိုင်းမှာ မဏ္ဍပ်ဆောက်နေရင်း ယာဉ်တိုက်မှုဖြစ်သွားတယ်။ အဓိကကတော့ အလင်းရောင်ပေါ့။ အလင်းရောင်အားနည်းတဲ့မဏ္ဍပ်တွေမှာ လက်သမားတွေ၊ ဆောက်လုပ်ရေးတွေက ကိုယ့်အာရုံနဲ့ ကိုယ်ဆောက်မယ်။ ကားတွေက မဆင်မခြင်မောင်းတော့ တိုက်တာပေါ့။ အဲဒါတွေမဖြစ်အောင် မဏ္ဍပ်ဆောက်လုပ်တဲ့အချိန် နေ့ပိုင်းက ပြဿနာမရှိဘူး။ ညပိုင်းက မီးအလင်းရောင်လုံလုံလောက်လောက်ထားပေးဖို့ ညွှန်ကြားထားပါတယ်။

**မေး။ ပညာပေးအစီအစဉ်တွေလည်း လုပ်တယ်ဆိုတာ သိရပါတယ်။ ဘယ်နှကြိမ်လောက် ပညာပေးဆွေးနွေးမှုတွေ လုပ်ခဲ့သလဲ။**

ဖြေ။ ယာဉ်တိုက်မှုနဲ့ပတ်သက်ပြီး ပညာပေးလုပ်တာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၁၃၄ ကြိမ်ရှိပြီ။ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ချိုးဖောက်မှုတွေ သင်္ကြန်တွင်းများလာမှာစိုးရိမ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ၂၀၁၃-၂၀၁၄ သင်္ကြန်မှာ ယာဉ်တိုက်မှုဖြစ်တာ ၄၆/၆၂ မှုဖြစ်ခဲ့တယ်။ သင်္ကြန်ရေပက်ရင်းဖြစ်တဲ့မှုခင်းက ၂၀၁၃ နှစ်ကြိမ်၊ ၂၀၁၄ မှာ ၁၀ ကြိမ်ဖြစ်သွားတယ်။ ဒီနှစ်မှာလည်း ဒီလိုဖြစ်မှာစိုးတဲ့အတွက် ကြပ်မတ်ဆောင်ရွက်နေပါတယ်။ ကျန်တဲ့ ပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေကလည်းဝိုင်းပြီး သူ့အပိုင်းနဲ့သူ မှုခင်းမဖြစ်အောင်ဆောင်ရွက်နေပါတယ်။

**မေး။ သင်္ကြန်တွင်း ယာဉ်ကြောပိတ်ဆို့မှုတွေကြုံခဲ့ရင်၊ ယာဉ်တိုက်မှုဖြစ်ရင် ဆက်သွယ်ဖို့အတွက် ဘယ်လို စီစဉ်ထားတယ်ဆိုတာလည်း သိချင်ပါတယ်။**

ဖြေ။ အကယ်၍ အခက်အခဲရှိပြီး ယာဉ်ကြောပိတ်ဆို့နေရင်၊ ယာဉ်တိုက်မှုဖြစ်ရင် ဖုန်းနံပါတ် ၀၁-၂၉၀၂၈၅၊ ၂၉၂၂၇၂၊ ၂၉၂၂၈၈ နဲ့ ၂၉၀၂၈၄၊ ယာဉ်မှုစစ်ဆေးရေးနဲ့ပတ်သက်ပြီး ဖုန်း-၂၉၆၄၅၄ များက ၂၄ နာရီ တောက်လျှောက် အချိန်မရွေး ဆက်သွယ်နိုင်ပါတယ်။ အထူးယာဉ်ကြောရှင်းဖို့အင်အား ဆိုင်ကယ်စီးအဖွဲ့ပါ ပွိုင့်နဲ့လမ်းဆုံတွေမှာ ထားပါမယ်။ ပြီးရင် ယာဉ်ပိတ်ဆို့ရင် ကရိန်းနဲ့ဆွဲထုတ်နိုင်ဖို့ ကရိန်းကားတွေနေရာ ပြည်လမ်းဆုံ ခုနစ်နေရာမှာ ထားရှိမှာပါ။ အဓိက သင်္ကြန်ကာလမှာ ကွပ်ကဲမှုရုံးတွေမှာ ဝန်ဆောင်မှုနဲ့ စည်းကမ်းထိန်းသိမ်းရေးတွေ ဆောင်ရွက်မှာပါ။ ဒီကာလအတွင်း ယာဉ်တိုက်မှုလျော့ပါးသွားရင် ပင်ပန်းရကျိုးနပ်မှာပါ။

**မေး။ သင်္ကြန်ကာလမှာ တစ်လမ်းမောင်းစနစ် လမ်းအချို့မှာ ကျင့်သုံးမယ်ဆိုတာနဲ့ပတ်သက်ပြီး တိတိကျကျလေး ပြောပြပေးပါရှင့်။**

ဖြေ။ သင်္ကြန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးမှာ တစ်လမ်းမောင်းစနစ် ကျင့်သုံးမှာက ဧပြီ ၁၃ ရက်ကနေ ၁၆ ရက် (သင်္ကြန်အတက်နေ့)ထိ မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ။ ကမ္ဘာအေးစေတီလမ်းဆိုရင် ပါရမီလမ်းဆုံကနေ ကုက္ကိုင်းလမ်းဆုံအထိ မြောက်မှတောင် တစ်လမ်းမောင်း သတ်မှတ်မယ်။ စက်မှု(၁)လမ်းမှာဆိုရင် ဆရာစံလမ်းဆုံကနေ ကမ္ဘာအေးစေတီလမ်းဆုံအထိ အရှေ့မှ အနောက် တစ်လမ်းမောင်း သတ်မှတ်မှာဖြစ်ပါတယ်။ ဆရာစံလမ်းဆိုရင် ကမ္ဘာအေးစေတီလမ်းဆုံကနေ စက်မှု(၁) လမ်းဆုံအထိ အနောက်ကအရှေ့ကို တစ်လမ်းမောင်းစနစ်သတ်မှတ်မှာဖြစ်ပါတယ်။ မဟာဗန္ဓုလပန်းခြံလမ်းဆိုရင် ပန်းဆိုးတန်းလမ်းကနေ ဆူးလေဘုရားလမ်းအထိ အရှေ့က အနောက်ကို တစ်လမ်းမောင်းစနစ်သတ်မှတ်မှာဖြစ်ပါတယ်။ ကန်တော်ကြီး ကန်ပတ်လမ်းကတော့ နှစ်စဉ်နှစ်တိုင်းပဲ ဦးထောင်ဘိုအဝိုင်း တိရစ္ဆာန် ဥယျာဉ်လမ်းဘက်ကနေ ကန်ရိပ်သာလမ်းအဝင်၊ ဟိုဘက်က လက်ဝဲရစ်မောင်းပြီးတော့ ဟိုဘက်က နတ်မောက်လမ်း၊ ကမ္ဘာအေးစေတီလမ်းအထွက် တစ်လမ်းမောင်းသတ်မှတ်သွားမှာဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

သင်္ကြန်နဲ့ပတ်သက်ပြီး ထုတ်ပြန်မယ့် ယာဉ်မောင်းသူများ လိုက်နာရမယ့် စည်းကမ်းချက် (၁၂)ချက်ကို မြန်မာ့အသံ၊ ရေဒီယိုနဲ့ သတင်းစာများမှာ ထုတ်ပြန်သွားမှာဖြစ်ပါတယ်။

သင်္ကြန်အတွင်း အများကြီးပြင်ဆင်၊ အများကြီး ပညာပေးပြီး စုဖွဲ့မှုများ ပြုလုပ်ထားသည့်အတွက် သင်္ကြန်တွင်း ယာဉ်အန္တရာယ်ကင်းရှင်းကြပြီး တာဝန်ရှိသူများရော ပြည်သူများအားလုံးပါ အန္တရာယ်ကင်းစွာကြည်နူးပျော်ရွှင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းမိပါသည်။ ။

# သင်္ကြန်မဏ္ဍပ်အနီး အရက်သေစာရောင်းချခြင်းကို အထူးကြပ်မတ်ဆောင်ရွက်မည်



**နေပြည်တော် ဧပြီ ၁၁**

ယခုနှစ် နေပြည်တော်သင်္ကြန်ကို ယခင်နှစ်များထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ရေကစားရာတွင် အရက်သေစာသောက်စားရမ်းကားမှုများ မရှိစေရန်နှင့် ခိုက်ရန်ဖြစ်ပွားမှုများမရှိစေရန်အတွက် သင်္ကြန်မဏ္ဍပ်နှင့်အနီးဝန်းကျင်တွင် အရက်သေစာ ရောင်းချခြင်းကို အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် သရုပ်ပျက်ဝတ်စားဆင်ယင်မှုကိုလည်း ကြပ်မတ်မည်ဖြစ်သည်။

နေပြည်တော် ဟိုတယ်ဇုန်တွင် သင်္ကြန်မဏ္ဍပ်ကြီး ကိုးခု တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး ရေကစားသူများ ပျော်ရွှင်စွာ ရေကစားနိုင်ရန်အတွက် ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုရှင်များဖြင့် သင်္ကြန်အကြိုနေ့မှစတင်၍ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

သင်္ကြန်မဏ္ဍပ်များ မလိုလားအပ်သော မှုခင်းများ မဖြစ်ပွားစေရန်အတွက် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ကြန်မဏ္ဍပ်တိုင်းတွင် ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်အင်အားနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အားကို ယခင်နှစ်ကထက် ပိုမိုချထားမည်ဖြစ်ကြောင်း သိရသည်။**သန်းဦး(လေးမျက်နှာ)**

## သတိပေးနှိုးဆော်ချက်

မြန်မာရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ရေပက်ခံထွက်ကြသည့် ပစ်ကပ်ယာဉ်များသည် သတ်မှတ်ဝန်အလေးချိန်ထက် လူဦးရေတင်ဆောင်မောင်းနှင်ကြသဖြင့် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်မတော်တဆမှုများဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပစ်ကပ်ယာဉ်များ(လိုက်ထရပ်၊ မီနီပစ်ကပ်) အနေဖြင့် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင်၍ မောင်းနှင်ခြင်း မပြုကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

**မူးလျှင်မမောင်းနှင့် မောင်းလျှင်မမူးနှင့်**

# အပြောင်းအလဲ မန္တလေးသင်္ကြန်

ဆူးငှက်



တပို့တွဲလပြည့်ကျော်. . . အအေးဓာတ်လျော့. . .။ စောစောနေထွက်. . . နောက်ကျနေဝင်ကာ ရွက်ဝါလေးတွေ ဖြုတ်ဖြုတ်ကြွေပြီး. . . တောင်လေလေးဝှေ့လာတော့ "ဩော်. . . တစ်နှစ်၊ တစ်နှစ် ဘာမျှမကြာလိုက်ပါလား. . .၊ မကြာခင် သင်္ကြန်ရောက်ဦးမှာပေါ့လေ. . ."ဟု သံဝေဂလိုလို. . .၊ စိတ်ပျက်ညည်းတွားသံလိုလိုနှင့် ဝတ္တရားမပျက် ညည်းညူမိပြန်ပါ၏။ ဟုတ်သည်. . .၊ တပို့တွဲလပြည့်ကျော်ပြီးတာနှင့် ဖေဖော်ဝါရီလကုန်တော့မှာပေါ့. . .။ မတ်လဆန်းတာနှင့် မန္တလေးစည်ပင်သာယာရုံးရှေ့မှာ မြို့တော်ဝန်သင်္ကြန်မဏ္ဍပ်ကြီးစတင်ဆောက်ဖို့ ဧရာမသံမဏိဟင်းဂလိုင်းကြီးတွေကို ဝန်ချီစက်ကြီးတွေနှင့် ချကြမည်။ ပြီးတော့စတင်ဆောက်လုပ်ကြတော့မည်။

ငယ်ငယ်ကဆိုလျှင်တော့ မတ်လဆန်း ၁၀တန်းစာမေးပွဲကြီးပြီးတာနှင့် သင်္ကြန်ရနံ့နှင့်အတူ သင်္ကြန်မိုးကမြို့လုံးကျွတ်ထလာတော့၏။ ပြတိုင်းပြတိုင်းမှာ သင်္ကြန်ကြော်ငြာပိုစတာတွေ ပလူပျံလာသည်။ ဝင်းတွေ၊ ခြံမှာရုံတွေထဲ တူးပို့တူးပို့ဒိုးသံနှင့်သင်္ကြန်သီချင်း၊ သင်္ကြန်တီးလုံး၊ သင်္ကြန်ယိမ်းတိုက်သံတွေကြားလာရပြီ။ အချို့ဝင်း၊ အချို့ရပ်ကွက်၊ အချို့ခြံမှာရုံတွေမှာလည်း စည်တိုသံ၊ လင်းကွင်းသံစည်းချက်ကျကျဖြင့် သင်္ကြန်သံချပ်တွေတိုက်ကြဖို့ ပြင်ဆင်လာကြ၏။ သင်္ကြန်တီးလုံး၊ သင်္ကြန်သီချင်း၊ သင်္ကြန်သံချပ်ကိုတော့ သိုသိုသိပ်သိပ်ဖြင့်သာ မိမိတို့သံချပ်အသင်းသားများသီးသန့်ဖြင့် အချိန်ကပ်မှ တိုက်ကြသည်။ အဘယ့်ကြောင့်ဆိုသော် သင်္ကြန်သံချပ်ပါ အကြောင်းအရာအသစ်အဆန်းတွေကို ပြိုင်ဘက်အသင်းတွေ ကြိုတင်မသိစေချင်လို့ဖြစ်သည်။

ထို့ကြောင့် ငယ်စဉ်ကဆိုလျှင်ဖြင့် ယခုလိုဆောင်းဆုတ်ရန်ပြင်ချိန်တွင် သံဝေဂတွေ၊ ညည်းညူစိတ်ပျက်မှုတွေ အလျဉ်းအသံမထွက်ဘဲ ရင်တလှပ်လှပ်ဖြင့် အပျော်ဓာတ်တွေပဲ စတင်ဥဖွဲ့ကြီးထွားလာသည်ချည်းဖြစ်သည်။ ဟုတ်သည်. . .။ အဲသည်တုန်းက ပြည်သူ့သင်္ကြန်၊ လူထုသင်္ကြန်၊ ယဉ်ကျေးမှုသင်္ကြန်၊ အယုတ် အလတ် အမြတ်မရွေး အားလုံးကိုယ်စားပြုသင်္ကြန်ဖြစ်သည်။

ထိုစဉ်ကာလ. . . ညောင်းရွက်ကျ၊ တောင်လေမြူးစဆိုလျှင်ပင်. . .၊ တီးလုံးတီးကွက်ဝါသနာပါသူတိုင်း နှုတ်ဖျားတွင် သင်္ကြန်တီးလုံးတီးကွက်ကို ရွတ်ဆိုကြည့်ကာ အနားရှိမယ်ဒလင်၊ တယော၊ ပတ္တလားတို့ဖြင့် တို့ခတ်ကြည့်မိသည်ချည်းဖြစ်၏။ သီချင်း၊ ကဗျာဝါသနာပါသူတိုင်းလည်း သင်္ကြန်တေးတစ်စကို စိတ်ထဲပေါ်သည်နှင့် ဗလာစာအုပ်၊ စာရွက်ထဲချက်ချင်းရေးချသီကုံးမိကြသည်ချည်းဖြစ်သည်။ အလားတူ လက်မှုပညာနှင့် ပန်းချီဝါသနာပါသူကလည်း စာရွက်လွတ်တစ်ရွက်မှာ အလှပြမဏ္ဍပ်ပုံစံ၊ အလှပြရေသဘင်ကားပုံစံကောက်ကြောင်းတွေခြစ်ကြည့်နေကြသည်။ အတီးအမှုတ်ဝါသနာပါသူကလည်း စန္ဒရား၊ တယော၊ ဂီတာ. . . နီးစပ်ရာဖြင့် အသံညှိ တို့ထိတေးတစ်စဖန်တီးနေကြပြီ။

သံချပ်ဝါသနာပါသူတွေက အချင်းချင်းခေါင်းချင်းဆိုင်ပြီး အကြောင်းအရာတစ်ခုအပေါ် ပုဂ္ဂိုလ်ရေးလား၊ အမျိုးသားရေးလား၊ သာမညလား၊ အဓိကလား၊ ပဋိပက္ခလား၊ သမုဟလား၊ ရန်တိုက်တာလား၊ စံကိုက်တာလား. . .။ ငြင်းခုံဆွေးနွေးပြီး မှတ်စုထုတ်နေကြပြီ။ တကယ်တော့ သင်္ကြန်ဆိုတာ မြန်မာပြည်တွင်း၌နေထိုင်သော ပုပုရွရွလူမှုန်သမျှနှင့် သက်ဆိုင်သည်။ ဦးတည်ချက်က အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှုပြယုဂ်. . .။ သင်္ကြန်ကို လက်ဝါးကြီးအုပ်လို့မရ. . .။သင်္ကြန်ကို သံဆူးကြိုးခတ်ကန့်သတ်လို့မရ. . .။ **သင်္ကြန်ကို ဆိုဖာခုံ၊ ဆက်တီ၊ အပူအအေးစားသောက်ဖွယ်ရာနှင့် အခွင့်ထူးခံလို့မရ. . .။ သင်္ကြန်ကို ကော်ဇောနီခင်း၊ ဝင်ခွင့်လက်မှတ်ဖြင့် ဗီအိုင်ပီသီးသန့်လုပ်လို့မရ. . .။** သင်္ကြန်ကို စိတ်တော်သိဗောင်းတော်. . . မူဖြင့် အမှတ်ပေး အကဲဖြတ်လို့မရ. . .။ သင်္ကြန်ကို ငွေအရင်းအနှီးထုတ် နေရာအပိုင်စားဝယ်. . .၊ လက်မှတ်ပြန်ရောင်းအမြတ်ထုတ် စီးပွားဖြစ်လုပ်လို့မရ။ သင်္ကြန်ကို လက်ဝါးရိုက်စည်းဝေးဆုံးဖြတ် ငွေသိန်းရာချီသုံးပြီး ပျော်တော်ဆက်ခံလို့မရ။ သင်္ကြန်ကို ခေတ်ပေါ်လက်ညှိုးထိုး အဟောင်းနှာခေါင်းရှုံ့. . .၊ လူတော်သလင်းပွဲ တရားဝင်ကျင်းပလို့ မရ. . .။ သင်္ကြန်ကို အစဉ်အလာရွှေမျက်နှာဖုံး စက္ကန့် ၃၀ စာတီဗွီရိုက်လွှင့်ပြီး. . တစ်ချိန်လုံးပျော်သလိုသာနေကိုယ့်လူရေ. . . ထင်ရာကဲလို့မရ. . .။

မန္တလေးသည် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်များနှင့်ပတ်သက်၍မူအစဉ်အလာမှတ်တိုင်များကို သမိုင်းတန်ဖိုးရှိရှိစိုက်ထူနိုင်ခဲ့သည်။ ထိုမှတ်တိုင်များက သမိုင်းတန်ဖိုးရှိခဲ့၏။ အမျိုးသားရေးဆိုင်ရာ အမှတ်အသားများလည်းဖြစ်ခဲ့၏။ ဂုဏ်ပုဒ်ဝိသေသများလည်းဖြစ်ခဲ့၏။ သာမန်တစ်ဦးနှင့်တစ်ဦး ရေပက်ကစားကြရာမှ. . . ၁၉၂၀ ဝန်းကျင်တွင် ကုန်တိုက်၊ ကုမ္ပဏီများသုံးသော ထရပ်ကားကြီးတွေပေါ် ရေစည်ပိုင်း၊ ရေပုံးများတင်ကာ တစ်ပြဝင်၊ တစ်ပြထွက် ရေပက်ကစားကြသည့်အစဉ်အလာတွေ ပေါ်ပေါက်လာသည်။ တစ်နှစ်၊ နှစ်နှစ်အတွင်း ထိုရေပက်ခံကားကြီးတွေပေါ်မှာ ရေစိုခံတူရိယာပစ္စည်းတွေ ပါဝင်လာကာ တီးမှုတ်သီဆိုဖျော်ဖြေမှုတွေ တိုးလာသည်။ သည်လိုရေပက်ခံကားတွေလာရောက်ရေပက်ကစား သီဆိုတီးမှုတ်ကြလျှင် ရေပက်အဖွဲ့တွေကလည်း ပြန်လည်ဧည့်ခံကြဖို့ ရေပက်မဏ္ဍပ်တွေမှာ တီးဝိုင်းအဖွဲ့တွေပါဝင်လာကြသည်။ နောက်တော့ ဝါသနာရှင်အသီးသီး၏ ကိုယ်ပိုင်သီချင်း၊ ကိုယ်ပိုင် တီးလုံးတွေပါလာတာပေါ့။ ကားတွေ၊ မဏ္ဍပ်တွေ အလှဆင်ပသာဒအသွင်ခြယ်မှုန်းဖန်တီးမှုတွေ ပါလာတာပေါ့။

"မိုး. . . မိုး. . . မိုးလားမောင်တို့
လေ. . . လေ. . . လေလားမောင်တို့
ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ. . .
အမောပြေအောင် သောက်ပ့ါ မမ. . ."

"သူများပျော်လို့ မပျော်နိုင်. . . ရည်းစားပျောက်လို့မှိုင်. . ."ဟူသော သမားရိုးကျသံချပ်များအစား အမြင်မတော်တာသရော်သည့် သံချပ်တွေထိုးလာကြသည်။ ဤသို့ဖြင့် နိုင်ငံ၏နောက်ခံကားချပ်များက သင်္ကြန်မှာ မဖြစ်မနေပုံရိပ်ထင်လာတော့သည်။ လွတ်လပ်ရေးတိုက်ပွဲအရှိန်အဟုန်မြင့်လာသည့် ၁၃၀၀ ပြည့်နှစ်သင်္ကြန်မှာ မန္တလေးသင်္ကြန်အဖွဲ့သားများကလည်း ခေတ်ကိုထင်ဟပ်သည့် သင်္ကြန်သီချင်းများ ရေးစပ်လာကြသည်။ အထူးသဖြင့် မျိုးရိုးဇာတိဝံသာနုစိတ်ဓာတ်ကို ပြန်လည်ဖော်ထုတ်သတိရစေလိုမှုကို ဦးစားပေးလာကြ၏။ ဒုတိယကမ္ဘာစစ်ကြီးအပြီး စစ်ဒဏ်ကြောင့် ပျက်စီးနေသော မန္တလေးမြို့ကြီး၏ ၁၉၄၅ခုနှစ် သင်္ကြန်အကြိုကာလတွင် "ဖြစ်ဟဲ့ဆို. . . ဖြစ်ရမယ်တဲ့ တက်ခေတ်လူငယ်များ၊ အားအင်တောင့်တင်းစေ. . ."ဟု လှုံ့ဆော်ကာ ပြည်တော်ဝင်သင်္ကြန် ဆင်နွဲခဲ့ကြသည်။ ၁၉၄၇ခုနှစ်မှာတော့ သင်္ကြန်အရှိန်ကို ပြန်လည်မြှင့်တင်ခဲ့ကြသည်။ အသင်းအဖွဲ့များ အားလုံးနီးနီးက လွတ်လပ်ရေးတိုက်ပွဲနှင့် အမျိုးသားနိုင်ငံတော်သစ် ထူထောင်ရေးပြယုဂ်၊ ပုံရိပ်များကို ဦးတည်ခဲ့ကြသည်။ ထိုနှစ်မှာပဲ ယခုထက်တိုင် နာမည်ကျော်သင်္ကြန်သီချင်းတစ်ပုဒ်အဖြစ် ခိုင်မာဆဲဖြစ်သည့် "ရွှေမန်းတောင်ရိပ်ခို"သီချင်းကို ဆရာမြို့မငြိမ်းက ရေးစပ်ကာ မြို့မအလှပြယာဉ်က စတင်သီဆိုခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းစစ်မီးကြောင့်မငြိမ်မသက်ဖြစ်ကာ နိုင်ငံထူထောင်ရေးနှောင့်နှေးခဲ့မှုကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းဦးဆောင်ပြီး တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်များစုစည်း၍ ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှု အရှိန်အဟုန်ကြီးမားခဲ့သည်။ ထို့ကြောင့် ၁၉၅၀ခုနှစ် (၁၃၁၁ ခုနှစ်မှ ၁၃၁၂ ခုနှစ်အကူး) သင်္ကြန်ကို 'ငြိမ်းချမ်းရေးသင်္ကြန်'ဟု ကမ္ပည်းတင်ကာ မန္တလေးသင်္ကြန်ကို 'ငြိမ်းချမ်းရေး'သို့ဦးတည်၍ မြို့လုံးကျွတ်ဝှဲချီးကျင်းပခဲ့ကြ၏။

ပိတောက်တွေ ဝေဝေလွင်လွင်. . .၊
ရွှေစင်အိအိ
ဖူးပွင့်တဲ့. . . သည်ချိန်တွင်
ဗမာပြည်တစ်ခွင်. . . ဘေးအပေါင်း
ရန်အပေါင်းလွင့်ပျောက်
ငြိမ်းချမ်းရေး ရွက်သစ်နုတို့လို
ခါတော်ရေစင်မိုးလို့ ဝေစည်လွင်လွင်
ငွေငန်းဆုတောင်း၊
အောင်ကြောင်းကို ဆင်. . .'ဟုလည်း

မြို့မငြိမ်းက သင်္ကြန်တေးတစ်ပုဒ်ရေးစပ်ခဲ့သည်။ ထိုနှစ်ပြီး နောက်နှစ်တွင်လည်း ပင်လုံစိတ်ဓာတ်ဖြင့်ဖွဲ့စည်းရယူခဲ့သောလွတ်လပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြယုဂ်အဖြစ်'ပြည်ထောင်စုသင်္ကြန်'ကို မန္တလေးတွင် ခမ်းနားစွာဆင်နွဲခဲ့ပြန်သည်။

၁၉၅၁ခု (သက္ကရာဇ် ၁၃၁၂ခုမှ ၁၃၁၃ခုနှစ်အကူး) သင်္ကြန်ပွဲတော်ဖြစ်သည်။ ထိုစဉ်က နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ် အပါအဝင် အကြီးအကဲများနှင့် ရာချီ၍ရှိသော အလှပြယာဉ်၊ အလှပြမဏ္ဍပ်၊ သံချပ်အသင်း၊ ရေပက်အသင်းများနှင့် မြို့လုံးကျွတ်ဆင်နွဲကြသည့် သင်္ကြန်မို့ ပြည်သူ့သင်္ကြန်၊ လူထုသင်္ကြန်အသွင် အပီပြင်ဆုံးဖြစ်ခဲ့သည်။ သင်္ကြန်၏ ပြယုဂ်များကလည်း ရိုးရာယဉ်ကျေးမှုကို အခြေခံပြီး လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေး ပြဆိုခဲ့ကြသည်။ နောက်ပိုင်း မန္တလေးသင်္ကြန်များတွင်တော့ နိုင်ငံရေးကိုနောက်ခံပြုသည့် အထိမ်းအမှတ်များ မရှိခဲ့သော်လည်း အမျိုးသားယဉ်ကျေးမှု မဏ္ဍိုင်ကိုတော့ ခိုင်ခိုင်ကြီး စိုက်ထူခဲ့ကြသည့် 'လူထုသင်္ကြန်'များက အများစုဖြစ်ခဲ့သည်။ ရာချီရှိသော အလှပြယာဉ်များ၊ ရာချီရှိသော အလှပြမဏ္ဍပ်များ၊ ပြတိုင်းစေ့၊ ရပ်ကွက်တိုင်းစေ့ ရေပက်မဏ္ဍပ်များ၊ နိုင်ငံရေးသဘောထားခိုင်မာမှုတစ်ခု ဦးတည်သည့် သံချပ်အသင်းများ. . . စသည်ဖြင့် အယုတ် အလတ် အမြတ်မရွေး ပျော်ရွှင်ကြည်နူးခဲ့ကြသည့် သင်္ကြန်များဖြစ်ပါ၏။ ၁၉၈၀ ကျော်ကာလများအထိ ဆိုပါတော့. . .။ ထိုကာလများ၏ အသီးအပွင့်အဖြစ် နာမည်ကျော်'သင်္ကြန်မိုး'ရုပ်ရှင်ဇာတ်ကားကြီးက ၁၉၈၄ ခုနှစ်တွင် ပေါ်ထွက်ခဲ့ပြန်သည်။

၁၉၉၀ကျော်မှ ပြီးခဲ့သည့် ၂၀၁၄ခုနှစ်သင်္ကြန်အထိ မြင်ကွင်းများကိုတော့ မပြောပါရစေနှင့်တော့. . .။ မြင်ကြ၊ ကြားကြ၊ သိကြ၊ ကြုံကြ၊ ခံစားခဲ့ကြပြီးဖြစ်ပါသည်။ ကျွန်တော်လည်းအဖန်တလဲလဲ ရေးခဲ့၊ ပြောခဲ့ပြီးပါပြီ။ 'တန်ဖိုး'ဟူသော စံဖြင့်ပဲ တိုင်းကြရပါမည်။ ဘာတန်ဖိုးလဲ. . . ငွေကြေး၊ စီးပွားရေး၊ အရေအတွက်မဟုတ်. . .။ 'အမျိုးသားရေးတန်ဖိုး'ကို ဆိုလိုပါသည်။ ကိုင်း. . . ဒါဖြင့် . . .

မကြာတော့ပါ. . .။ ၂၀၁၅ခုနှစ်(သက္ကရာဇ် ၁၃၇၆မှ ၁၃၇၇ခုအကူး) မဟာသင်္ကြန်ကြီး ရောက်လာပါပြီ။ တိုင်းပြည်၏အဓိကပင်စည် နိုင်ငံရေးကြီးပြောင်းလဲသွားပြီလား. . .။ အမျိုးသားကြီးပွားတိုးတက်ရေးကို အဓိက အခြေခံသောပြောင်းလဲမှုလား. . .။ အမျိုးသားနိုင်ငံရေး၊ အမျိုးသားစီးပွားရေး၊ အမျိုးသားယဉ်ကျေးမှု. . . အပြောင်းအလဲကရော. . .။ ကိုင်း. . . ဒါဖြင့်. . . အမျိုးသား ပြယုဂ်တစ်ခုအဖြစ် တစ်ချိန်က ထင်ရှားခဲ့တဲ့မန္တလေး သင်္ကြန်ကရော အခါတိုင်းနှစ်တွေလို. . . နေရာမဲနှိုက်၊ စပွန်ဆာတောင်း၊ လက်မှတ်ရောင်း၊ ကျုံးရေဖြုန်း၊ စလီဘယ်ရီတွေ သိန်းရာချီပေး၊ **အများပြည်သူဆိုင်ရာဌာန မဏ္ဍပ်ကြီးတွေက သိန်းထောင်ချီသုံး၊ ပြည်သူဆီက သင်္ကြန်ကြေးဖြတ်. . .၊** သင်္ကြန်အကြိုနေ့ စက္ကန့်ပိုင်းလေးပဲ

မြူမှောင် ဝေကင်း၊ ငွေအဆင်း စန္ဒာ့. . .'
ပြီးတာနဲ့ စည်းမရှိ၊ ကမ်း မရှိ. . .
ထင်တိုင်းကဲကြဦးမယ်ဆိုရင်ဖြင့်. . .။ ။

## ပန်းပိတောက်ရွှေရည်

ရောင်နီအပျိုး၊ လေပြည်နိုးထ
မိုးသောက်စမှာ၊ ဝင့်သည်းစွာနှင့်
နံ့သာထုံမွှမ်း၊ ဖူးပွင့်လန်းသည်
ချစ်ပန်းအလှ ပိတောက်ရွှေရည်။
ရွှေယဉ်သိမ်းသစ်၊ ဖူးပုရစ်မျိုး

"ပျိုမျစ်နုနယ်၊ လှသွေးကြွယ်လျက်
တင့်တယ်ဆင်ယင်၊ အသွင်ပြင်နှင့်
ယဉ်ကျေးသိမ်မွေ့ သည်ဓလေ့ကြောင့်"
ချမ်းမြေ့အားသစ်၊ မြန်မာနှစ်ဝယ်
ချစ်ခဲ့မိသည် ပိတောက်ရွှေရည်။
ချိုဝတ်ရည်နှင့်

သင်္ဂီရွှေပွင့်၊ မြဖူးဆင့်ကာ
တင့်လှပေသည့်၊ ချစ်မိသည်သာ
ဆိုခဲ့ပါလည်း၊ ဖြာဝေတဲ့လှိုင်
မိုးထိတိုင်အောင်၊ "မွှေးကြိုင်ထုံသင်း"
ထိုအချင်းနှင့်၊ ရင်တွင်းနှလုံးသား
ခံ့ညားပေလတ်၊ ဖြူစိတ်ဓာတ်ကြောင့်

မြတ်နိုးမိသည် ပိတောက်ရွှေရည်။
အဆင်းအချင်း၊ တုလွှတ်ကင်းအောင်
မင်း၏ယဉ်ကျေး၊ အလှသွေးနှင့်
မွှေးကြိုင်သင်းဆုံး၊ ပန်းတို့ဂုဏ်ကြောင့်
အင်္ဂုံအဖူး၊ ပွင့်သစ်ဦးအား
ခူးပန်ခဲ့သည် ပိတောက်ရွှေရည်။

အောင်လံမြေ့နေညီညို

ပြည်တွင်းရေးရာ

# ပင်စင်စားများအားလုံး တိုးမြှင့်ပင်စင်လစာကို ဧပြီလမှစ၍ ခံစားခွင့်ပြုမည်

နိုင်ငံ့ဝန်ထမ်းများအတွက် လစာနှုန်းထားများ တိုးမြှင့်သတ်မှတ်ပေးပြီးနောက် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့သတင်းစဉ် သတင်းအဖွဲ့မှ ပင်စင်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



မြန်မာ့စီးပွားရေးဘဏ်(စစ်တွေ)တွင် အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာငွေကို စမတ်ကတ်ဖြင့် ထုတ်ယူစဉ်။ (မြဝတီ)

**မေး။ ။နိုင်ငံ့ဝန်ထမ်းများ လစာနှုန်းထား တိုးမြှင့်ခွင့်ပြုပြီးဖြစ်ပေမယ့် ပင်စင်စားတွေအတွက် တိုးမြှင့်ပေးမယ့်နှုန်းထားပါရှိခြင်း မရှိတဲ့အတွက် ပင်စင်စားတွေကို ဘယ်လိုတိုးမြှင့်ပေးမလဲ ဆိုတာ သိလိုပါတယ်။**

ဖြေ။ ။ပင်စင်လစာ တိုးမြှင့်ရေးနဲ့ ပတ်သက်ပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဧပြီ(၁၀)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၅၉/ ၂၀၁၅ ဖြင့် ပင်စင်စားတွေရဲ့ ပင်စင်လစာကို တိုးမြှင့်သတ်မှတ်ပေးဖို့ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးပြီး ဖြစ်ပါတယ်။ အဲဒီအမိန့်ကြော်ငြာစာမှာ ပင်စင်စားတွေကို လက်ရှိပင်စင်လစာအပြင် ထပ်မံတိုးမြှင့်သတ်မှတ်တဲ့ လစာ ကျပ် ၄၅၀၀၀ အပေါ် မူတည်ပြီး တည်ဆဲပင်စင်နည်းဥပဒေနဲ့ အညီတွက်ချက်ပြီး တိုးမြှင့်ပင်စင်လစာအဖြစ် ထပ်မံတိုးမြှင့်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ပင်စင်စားတွေအနေနဲ့ တိုးမြှင့်ပင်စင်လစာကို ဘယ်လ၊ ဘယ်နေ့ကစပြီး စတင်ခံစားခွင့်ရှိသလဲဆိုတာကို သိရှိလိုပါတယ်။ ဒါ့အပြင် ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်များမှာ ပင်စင်လစာတိုးမြှင့်ခြင်းနဲ့ ယခု ၂၀၁၅ ခုနှစ် တိုးမြှင့်ပင်စင်လစာရဲ့ ကွာခြားမှုကို သိရှိလိုပါတယ်။**

ဖြေ။ ။ တိုးမြှင့် ပင်စင်လစာကို ၂၀၁၅ ခုနှစ် ဧပြီလကစပြီး ခံစားခွင့်ပြုမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်တွေမှာ ကျပ် ၂၀၀၀၀ ပေါ်မှာ တိုးမြှင့်ပင်စင်လစာ တွက်ချက်ပေးခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၁၅ ခုနှစ်မှာ ကျပ် ၄၅၀၀၀ ပေါ်မှာ တိုးမြှင့်တွက်ချက်ရခြင်းဖြစ်တဲ့အတွက် ပင်စင်စားတွေအနေနဲ့ ၂ ဒသမ ၂၅ ဆ ပိုမို၍ အကျိုးခံစားခွင့် ပေးထားတာကိုတွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ယခင်ကျပ် ၂၀၀၀၀ တိုးမြှင့်ပေးစဉ်က လုပ်သက်(၁၀) နှစ်အတွက် ကျပ် ၃၀၀၀ သာ တိုးမြှင့်ခံစားခွင့်ရရှိပြီး ယခု ကျပ် ၄၅၀၀၀ နှုန်းနဲ့ တွက်ချက်ပါက ကျပ် ၆၇၅၀ တိုးမြှင့်ခံစားခွင့်ရရှိမှာဖြစ်ပါတယ်။

**မေး။ ။ ၂၀၁၅ ခုနှစ် တိုးမြှင့်ပင်စင်လစာဟာ ပင်စင်စားအားလုံးနဲ့ သက်ဆိုင်ပါသလား။ ဧပြီ ၁ ရက်နေ့ နောက်ပိုင်း ပင်စင်ယူမယ့် ဝန်ထမ်းတွေအတွက် ပင်စင်အကျိုးခံစားခွင့် ဘယ်လိုခွင့်ပြုမလဲဆိုတာကို သိရှိလိုပါတယ်။**

ဖြေ။ ။ ဧပြီ ၁ ရက်နေ့ မတိုင်မီ လက်ရှိပင်စင်စားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ဧပြီ ၁ ရက်နေ့ နောက်ပိုင်း ပင်စင်ယူမယ့် ဝန်ထမ်းတွေဟာ ဘဏ္ဍာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်၊ ၈၇၂/ ၂၀၁၅ နဲ့ ခွင့်ပြုထားတဲ့ လစာနှုန်းသစ်ကို အခြေခံပြီး ပင်စင်နဲ့ဆုငွေကို တွက်ချက်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။

**မေး။ ။မြို့ပြ ပင်စင်စားတွေနဲ့ တပ်မတော်ပင်စင်စားတွေအတွက် တိုးမြှင့်ပင်စင်လစာကို ဘယ်လိုတွက်ချက်မလဲကို သိရှိလိုပါတယ်။**

ဖြေ။ ။မြို့ပြဝန်ထမ်းတွေအတွက် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ ပြဋ္ဌာန်းချက်နဲ့အညီ ပင်စင်ဦးစီးဌာနက တွက်ချက်ခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်။ တပ်မတော် ပင်စင်စားတွေအတွက် တပ်မတော်ဆိုင်ရာ ပင်စင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံးက တွက်ချက်ခွင့်ပြုမှာ ဖြစ်ပါတယ်။

**မေး။ ။ပင်စင်စားတွေအနေနဲ့ တိုးမြှင့်ပင်စင်အတွက် လျှောက်ထားဖို့ လိုပါသလား။ ပင်စင်စားအားလုံး တိုးမြှင့်ပင်စင်ရရှိရေးအတွက် အချိန်ဘယ်လောက် လိုအပ်ပါသလဲ။**

ဖြေ။ ။ပင်စင်စားတွေက လျှောက်ထားဖို့ မလိုပါဘူး။ ပင်စင်ဦးစီးဌာန (ရုံးချုပ်)နဲ့ တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲတွေက ဥပဒေနဲ့အညီ တွက်ချက်ပြီး တိုးမြှင့်ပေးမှာ ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ခွဲများကလည်း ရုံးပိတ်ရက်မှအပ တိုးမြှင့်ပင်စင်ကို နေ့စဉ်ထုတ်ပေးသွားမှာဖြစ်ပါတယ်။ ပင်စင်စားတွေအားလုံး တိုးမြှင့်ပင်စင် ခံစားခွင့်ရရှိစေရေးအတွက် ပင်စင်ဦးစီးဌာနအနေနဲ့ စီမံချက်ချမှတ်ပြီး အမြန်ဆုံးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားပြီး ဖြစ်ပါတယ်။

**မေး။ ။ပင်စင်စားတွေကို ဘာများ အသိပေးပြောကြားလိုပါသလဲ။**

ဖြေ။ ။ပင်စင်ဦးစီးဌာနအနေနဲ့ ပင်စင်စားတွေအားလုံး တိုးမြှင့်ပင်စင်လစာ ရရှိရေးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ပင်စင်စားတွေအနေနဲ့ တိုးမြှင့်ပင်စင်ရရှိရေး အခက်အခဲရှိပါက ပင်စင်ဦးစီးဌာန (ရုံးချုပ်)၊ ဖုန်း- ၀၆၇-၄၁၀၄၁၅၊ ၀၆၇-၁၀၄၄၅ နဲ့အထက်မှာ ဖော်ပြထားတဲ့ ပင်စင်ဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲတွေကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ။

## ဆက်သွယ်အကြောင်းကြားနိုင်သော ဖုန်းနံပါတ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် ပင်စင်ဦးစီးမှူးရုံး | ဆက်သွယ်ရန်ဖုန်းနံပါတ်များ/ Fax |
|---|---|---|
| ၁။ | နေပြည်တော်(ရုံးချုပ်) | ၀၆၇-၄၁၀၃၇၂၊ ၀၆၇-၄၁၀၅၂၁၊ ၀၆၇-၄၁၀၄၄၆ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီးရုံး | ၀၁-၃၇၆၆၈၅၊ ၀၁-၃၇၄၇၆၅ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီးရုံး | ၀၄၂-၂၅၅၅၃ |
| ၄။ | ရခိုင်ပြည်နယ်ရုံး | ၀၄၃-၂၄၃၁၅ |
| ၅။ | မွန်ပြည်နယ်ရုံး | ၀၅၇-၂၇၁၅၀ |
| ၆။ | ကရင်ပြည်နယ်ရုံး | ၀၅၈-၂၂၅၂၂ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီးရုံး | ၀၅၉-၂၃၄၉၃ |
| ၈။ | ပဲခူးတိုင်းဒေသကြီးရုံး | ၀၅၂-၂၂၂၁၂၁၆၊ ၀၅၂-၂၂၂၁၀၁၇ |
| ၉။ | ပဲခူးတိုင်းဒေသကြီးရုံးခွဲ(ပြည်မြို့) | ၀၅၃-၂၆၄၇၆ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီးရုံး | ၀၂-၇၁၈၃၂ |
| ၁၁။ | မကွေးတိုင်းဒေသကြီးရုံး | ၀၆၃-၂၅၅၈၁ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီးရုံး | ၀၇၁-၂၃၆၁၆၊ ၀၇၁-၂၃၄၉၅ |
| ၁၃။ | ကချင်ပြည်နယ်ရုံး | ၀၇၄-၂၂၁၆၄ |
| ၁၄။ | ရှမ်းပြည်နယ်ရုံး | ၀၈၁-၂၁၂၅၀၁၉ |
| ၁၅။ | ရှမ်းပြည်နယ်ရုံးခွဲ(ကျိုင်းတုံမြို့) | ၀၈၄-၂၃၀၂၅ |
| ၁၆။ | ရှမ်းပြည်နယ်ရုံးခွဲ(လားရှိုးမြို့) | ၀၈၂-၃၀၉၄၁ |
| ၁၇။ | ကယားပြည်နယ်ရုံး | ၀၈၃-၂၂၅၃၇၊ ၀၈၃-၂၁၁၀၃ |
| ၁၈။ | ချင်းပြည်နယ်ရုံး | ၀၉-၄၉၆၃၂၃၆ |


## "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်းနေထိုင်ကြသော ပြည်သူလူထုအသီးသီးတို့သည် ပြည်တွင်းငြိမ်းချမ်းရေးရရှိပြီး အေးချမ်းဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် လိုလားတောင့်တလျက်ရှိကြသည့်အခါသမယတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT)တို့အကြား တစ်နိုင်ငံလုံးအပစ်အခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း(Nation-wide Ceasefire Agreement-NCA)ကို ၂၀၁၅ခုနှစ်၊ မတ်လ ၃၁ရက်တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်(YRCCI)အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

အဆိုပါ တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း ပြုစုရေးဆွဲနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCCT)တို့အား ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းဖော်ပြအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊
ဘုရင့်နောင်ကုန်စည်ဒိုင်(YRCCI )



## တောင်ကြီးမြို့ စက်မှုလက်မှုအထက်တန်းကျောင်း (၁၉၆၈–၁၉၉၈)ခုနှစ် ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

(၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(၁၉၆၈ မှ ၁၉၉၈)ခုနှစ်အတွင်း ဤကျောင်းတွင် ဆရာ/ဆရာမအဖြစ် ပညာသင်ပေးခဲ့ဖူးကြသော ဆရာ/ ဆရာမများခင်ဗျား ကျောင်းသားဟောင်းများမှ ပူဇော်ကန်တော့လိုပါသဖြင့် ဖုန်းနံပါတ် ၀၉-၅၀၁၉၇၇၁၊ ၀၉-၄၃၀၈၈၉၀၁၊ ၀၉-၅၁၉၂၉၇၅၊ ၀၉-၅၁၃၁၂၁၉၊ ၀၉-၅၀၀၃၈၁၊ ၀၉-၅၀၆၈၆၈၊ ၀၉-၅၂၁၁၁၄၆၊ ၀၉-၄၉၅၇၁၈၆၂သို့ ဆက်သွယ်ပေးပါရန် ပန်ကြားအပ်ပါသည်။

နေ့ရက် - ၂-၅-၂၀၁၅ရက် (စနေနေ့)
အချိန် - ညနေ ၆နာရီမှ ၉ နာရီအထိ
နေရာ - "Dolphin Restaurant"မြေပဒေသာဥယျာဉ်ဝင်း၊
ငါးပြတိုက်ဝင်ပေါက်၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ နတ်မောက်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မှတ်ချက်- နယ်မှလာသော ဆရာ၊ ဆရာမများနှင့် ကျောင်းသားဟောင်းများတည်းခိုရန်အတွက် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး "အင်းလေးဓမ္မာရုံ" တွင် စီစဉ်ထားပါသည်။



နိုင်ငံကြီးသား ပီသစွာ အခွန်ထမ်းဆောင်တာ စားသုံးပြီးက ပြေစာဖြတ် အခွန်ပါပြီးမှတ်

# နေပြည်တော် စစ်မှုထမ်းဟောင်း အဆင့်မြင့်အိမ်ရာစီမံကိန်း ပန္နက်တင်



**နေပြည်တော် မေ ၁၁**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်၌ နေပြည်တော် စစ်မှုထမ်းဟောင်း အဆင့်မြင့်အိမ်ရာ စီမံကိန်း ပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်မှုထမ်းဟောင်း အဆင့်မြင့်အိမ်ရာ ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ပန္နက်တော်တင်၊ တွင်းတော်ဝန်း မင်္ဂလာပြုလုပ်သည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်ပေးကြသည်။**(ယာပုံ)**

ဆက်လက်၍ တွင်းတော်ဝန်း မင်္ဂလာ ပြုလုပ်ကြသည်။ ထို့နောက် ဇယန္တောဗောဓိယာမူလေ မင်္ဂလာဂါထာတော်များ ရွတ်ဖတ်ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးက နေပြည်တော် စစ်မှုထမ်းဟောင်း အဆင့်မြင့် အိမ်ရာတည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

နေပြည်တော်စစ်မှုထမ်းဟောင်း အဆင့်မြင့်အိမ်ရာစီမံကိန်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လျာထားမြေဧက ၈ ဒသမ ၄ ဧက၌ အရာရှိကြီးနေအိမ်နှစ်ခန်းတွဲလေးထပ်နှစ်လုံး၊ အရာရှိငယ်နေအိမ် နှစ်ခန်းတွဲ လေးထပ် လေးလုံး၊ အခြားအဆင့် စစ်သည်နေအိမ် နှစ်ခန်းတွဲ လေးထပ် ၁၀ လုံး စုစုပေါင်း ၁၆ လုံး ဆောက်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အသက်စွန့်လှူခဲ့သူ အရာရှိ စစ်သည်များ၊ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့သူ အရာရှိ၊ စစ်သည်များနှင့် သက်ပြည့်စစ်မှုထမ်းဟောင်းများ စုစုပေါင်း ၁၀၈ ဦးအား နေရာချထား ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

အလားတူ အထက်ပါဘဏ္ဍာရေးနှစ်အတွင်း စစ်မှုထမ်းဟောင်း အဆင့်မြင့်အိမ်ရာများကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ အရာရှိကြီး နေအိမ်နှစ်ခန်းတွဲ သုံးထပ် နှစ်လုံး၊ အရာရှိငယ်နေအိမ် နှစ်ခန်းတွဲ သုံးထပ် လေးလုံးနှင့် အခြားအဆင့်နေအိမ် နှစ်ခန်းတွဲ သုံးထပ် ၁၇ လုံး စုစုပေါင်း ၂၃ လုံးကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ အရာရှိကြီး နေအိမ်နှစ်ခန်းတွဲ သုံးထပ် နှစ်လုံး၊ အရာရှိငယ်နေအိမ် နှစ်ခန်းတွဲ သုံးထပ် လေးလုံးနှင့် အခြားအဆင့်နေအိမ် နှစ်ခန်းတွဲ သုံးထပ် ၁၇ လုံး စုစုပေါင်း ၂၃ လုံးကိုလည်းကောင်း အသီးသီး ဆောက်လုပ်လျက်ရှိပြီး လားရှိုးမြို့တွင် အရာရှိငယ်နေအိမ် နှစ်ခန်းတွဲ နှစ်ထပ်လေးလုံး၊ အခြားအဆင့်နေအိမ် နှစ်ခန်းတွဲနှစ်ထပ် ၂၈ လုံးနှင့် ဟူမ္မလင်းမြို့တွင် အခြားအဆင့် နေအိမ် နှစ်ခန်းတွဲတစ်ထပ် ခုနစ်လုံး တို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ကျိုက်ထို၊ ပုသိမ်၊ မုံရွာ၊ ခိုလမ်၊ ရေတာရှည်စသည့် ငါးမြို့နယ်တွင်လည်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း စစ်မှုထမ်းဟောင်း အဆင့်မြင့်အိမ်ရာများကို ဆက်လက်ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အသက်စွန့်လှူခဲ့သူ အရာရှိ၊ စစ်သည်များ၊ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့သူ အရာရှိ၊ စစ်သည်များနှင့် သက်ပြည့်စစ်မှုထမ်းဟောင်းများအား နေရာချထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# လက်ပံတန်းသပိတ် ကျောင်းသားနှင့်ပြည်သူများလွတ်မြောက်ရေး ဆန္ဒထုတ်ဖော်



**မန္တလေး မေ ၁၁**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိ အနောက်ရပ်တွင် လက်ပံတန်းကျောင်းသား သပိတ်အကြမ်းဖက် တိုက်ခိုက်ခံရမှုနှင့် ဖမ်းဆီးခံကျောင်းသားများနှင့်ပြည်သူများ ပြန်လည်လွတ်မြောက်စေရေးအတွက် တရားဝင်ခွင့်ပြုချက်ရယူကာ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒပြမှုကို မေ ၁၁ ရက် ညနေ ၄ နာရီက စုရပ်နေရာဖြစ်သော (၃၅)လမ်း၊ (၈၅) လမ်းနှင့် (၈၆)လမ်းကြားမှစတင်ကာ ကျောင်းသားအင်အား ၂၆ ဦးဖြင့် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းစွာစီတန်းလှည့်လည်ရာတွင် စုရပ်ဖြစ်သော (၃၅) လမ်း၊ (၈၅) လမ်းနှင့်(၈၆) လမ်းကြားမှ(၃၅) လမ်းအတိုင်း အရှေ့ဘက် (၈၂) လမ်းဆုံအထိ၊ ယင်းမှ (၈၂) လမ်းအတိုင်း တောင်ဘက်(၄၂)လမ်းအထိ၊ ယင်းမှ (၈၄) လမ်းအတိုင်း မြောက်ဘက် (၃၅)လမ်းအထိ၊ ယင်းမှ စုရပ်ဖြစ်သော (၃၅) လမ်း၊ (၈၅) လမ်းနှင့် (၈၆) လမ်းကြားအထိ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒပြခဲ့ကြသည်။

"မတ် ၁၀ ရက်က လက်ပံတန်းမှာ ပင်မသပိတ်စစ်ကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အပြင်းအထန်ကန့်ကွက် ရှုတ်ချပါတယ်။ ဒါကြောင့် ဖမ်းဆီးကျန်ရှိနေတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ ဝိုင်းရံပေးတဲ့ ပြည်သူတွေကို အမြန်ဆုံးပြန်လည်လွှတ်ပေးဖို့နဲ့ တာဝန်ရှိသူတွေအားလုံးကို အမြန်ဆုံးဖော်ထုတ်အရေးယူပေးဖို့ တောင်းဆိုပါတယ်။ ဒီမိုကရေစီစနစ်နဲ့ ကိုက်ညီမှုမရှိတဲ့ လုပ်ရပ်တွေအားလုံးကို ကျွန်တော်တို့အနေနဲ့ ပြင်းပြင်းထန်ထန်ကန့်ကွက် ရှုတ်ချပါတယ်"ဟု ဆန္ဒပြရာတွင် ပါဝင်သူတစ်ဦးက ပြောသည်။

"ဒီလောက် နေပူကြီးထဲမှာ ဖွဲ့ကြီးကြီးနဲ့ ဒီလိုဆန္ဒပြတာကိုတော့ လေးစားပါတယ်။ အစိုးရအဖွဲ့ကလည်း အခုချိန်မှာ လိုအပ်တဲ့ ပြင်ဆင်မှုတွေ၊ တွေ့ဆုံမှုတွေ ပြုလုပ်နေပါတယ်။ ဒါကြောင့် နှစ်ဦးနှစ်ဖက်အတွက် အကောင်းဆုံးဖြစ်ပါစေလို့ မျှော်လင့်မိတယ်"ဟု ဆန္ဒပြမှုကို ကြည့်ရှုနေသော ဒေသခံပြည်သူ ဦးမြင့်က ပြောသည်။

အဆိုပါ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ရာ လမ်းတစ်လျှောက်တွင် မဟာအောင်မြေမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးခင်မောင်ရီနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် အဖွဲ့တို့က လုံခြုံရေး လိုက်ပါဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

» aumz;r

ထွန်းထွန်းမင်းနှင့်ဆိုင်းရပ်စ်တို့တွဲဆိုင်းပွဲထွက်လာသည်နှင့် ပရိသတ်က ထိုင်ရာမှထကာ အားပေးကြသဖြင့် ကြိုးဝိုင်းဘေးအထူးတန်းထိ ထိုင်ကြည့်၍မရအောင် ပြည့်ကျပ်နေသည်။

ပထမအချီစတင်သည်နှင့် ထွန်းထွန်းမင်းက တိုက်စစ်ဆင်သည်။ အနိုင်ရလိုသည့်ဇောကပ်နေသဖြင့် ထင်တိုင်းမပေါက် နှစ်ကြိမ်တိုင် ထိုင်လျက်ကျနေသည်။ သို့သော် ပရိသတ်အားပေးသံနှင့်အတူ သတိထား၍ တရစပ်ဖွင့်တိုက်လာသဖြင့် ပထမအချီမှာပင် ဆိုင်းရပ်စ် နဖူးမှသွေးဖြာကျလာသည်။ တစ်ခါက ပတ်ခြေဖြင့် အောင်ပွဲခံခဲ့သည့် ဆိုင်းရပ်စ် ပတ်ခြေကိုအားကိုးကာကန်သည်။ သို့သော် ထွန်းထွန်းမင်း ပတ်ခြေကန်ချက်ကို အလစ်မပေးဘဲ ကာကွယ်နိုင်ခဲ့သော်လည်း ဆိုင်းရပ်စ်ပတ်တံတောင် နဖူးထိလဲကျပြီး ဒုတိယအချီမှာ အနားတောင်းလိုက်ရသည်။ နောက်တစ်ချီပြန်အစတွင် ထွန်းထွန်းမင်းအငိုက်မိမခံတော့။ လက်သီးပါဝါအားမြှင့်ထိုးသည်။ ဆိုင်းရပ်စ် ပတ်ခြေကန်ချက်ကိုရှောင်ပြီး ထွန်းထွန်းမင်းအောက်ခြေကိုကန်၍ ရိုက်ဖြုတ်သဖြင့် ဆိုင်းရပ်စ်မကြာခဏလဲနေသည်။ စတုတ္ထအချီနှင့် နောက်ဆုံးအချီတွင် ထွန်းထွန်းမင်း ဒူးတိုက်ချက်က ဆိုင်းရပ်စ်မေးစေ့ထိပြီး မှိန်သွားသည်။ ဆိုင်းရပ်စ်မှိန်သွားသည့်အခွင့်အရေးကို လက်လွှတ်မခံသည့် ထွန်းထွန်းမင်း ဆိုင်းရပ်စ်မျက်နှာသို့ ဘယ်ညာ လက်သီးတွဲလုံးများတရစပ်ပစ်သွင်းပြီး နောက်ဆုံးအချီပြီးခါနီးတွင် ဆိုင်းရပ်စ်ကို အလဲထိုးအနိုင်ယူလိုက်နိုင်သဖြင့် မီဒီယာများကို ကတိပေးထားသည့်အတိုင်း ရှုံးကြွေးကိုပြန်ဆပ်ကာ ချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်နိုင်ခဲ့သည်။

ပြည်တွင်းစိန်ခေါ်ပွဲများဖြစ်သည့် သိန်းစိုး (T&T) နှင့် ရှိုင်းထက်အောင် (အဖြူရောင်သွေးသစ်)တွဲဆိုင်းမှာ ငါးချီထိ ယှဉ်ပြိုင်ခဲ့သော်လည်း ပူးတွဲသရေကျခဲ့ပြီး ထွန်းနိုင်ဦး(အဖြူရောင်သွေးသစ်)နှင့် ဖြူလေး(မုဒုံသား) တို့ပွဲစဉ် စတုတ္ထအချီတွင် ဖြူလေးကို ထွန်းနိုင်ဦးက အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၃) အဖေ့သွေး(တောင်ကလေး)နှင့်ရှမ်းလေး (ဝါဆို)တို့ပွဲစဉ်ပျက်သွားခဲ့ပြီး ကျော်ဝင်းအောင် (T&T) နှင့် မိုက်မိုက် (STL) တို့ယှဉ်ပြိုင်ရာ ကျော်ဝင်းအောင် ညာခြေကန်ချက်မိုက်မိုက် (STL) မျက်လုံးထိပြီး ဆက်လက်မယှဉ်ပြိုင်တော့သဖြင့် ကျော်ဝင်းအောင်အနိုင်ရရှိခဲ့သည်။

ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့် စောသဲဦး (STL) တို့သရေဖြင့် ပြီးဆုံးခဲ့သော်လည်း ပရိသတ်အကြိုက် ပွဲကောင်းဖြစ်ခဲ့သည်။ စောဘဦး (တောင်ကလေး)နှင့်ကျားပေါက်(ရွှေသောင်းရင်း)တို့ပွဲတွင် ကျားပေါက်၏ ဘယ်ညာလက်သီးတွဲလုံးများကြောင့် စောဘဦးမျက်ခုံးကွဲပြီး သွေးများစီးကျလာ၍ ဆရာဝန်ခွင့်ပြုချက်မရသဖြင့် ဆက်လက်မယှဉ်ပြိုင်နိုင်တော့ဘဲ ကျားပေါက်အနိုင်ရသွားခဲ့သည်။လေးညို့ရှင်(ခ)ရှမ်းကို (T&T) နှင့် ရဲတံခွန် (အဖြူရောင်သွေးသစ်)တို့တွဲဆိုင်းမှာလည်း ပဉ္စမအချီထိ ယှဉ်ပြိုင်ထိုးသတ်သော်လည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြင့် ပြီးဆုံးခဲ့သည်။

**(အောင်ကျော်ဦး)**



**❍ ဆီးဂိမ်းမှ**

ပြိုင်ပွဲတွင် ရွှေတံဆိပ်မရသည်မှာ နှစ်ပေါင်းများစွာကြာမြင့်နေပြီဖြစ်ပြီး ဗိုလ်လုပွဲအဆင့်သို့ ၂၀၀၇ပြိုင်ပွဲတွင်နောက်ဆုံးအကြိမ်ရောက်ရှိခဲ့သည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းမှာ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သလို အုပ်စုအဆင့်မှထွက်ခဲ့ရသည်။

(၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မေ ၂၉ ရက်မှဇွန် ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲကို ဇွန် ၅ ရက်၊ ပိတ်ပွဲကို ဇွန် ၁၆ ရက်တွင်ပြုလုပ်မည်ဖြစ်သည်။ ယခု ဆီးဂိမ်းပြိုင်ပွဲတွင်အားကစားနည်း ၃၆ မျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ၃၁မျိုး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ **( ရှိုင်းထက်ဇော်)**

**❖ အန္တရာယ်များသောမှ**

လွန်ခဲ့သည့်နှစ်က ထိုင်းဆွန်ခရန်ပွဲတော်ကာလအတွင်း မှုခင်း ၂၉၉၂ မှုတွင် စုစုပေါင်းလူ ၃၂၂ဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၃၂၂၅ ဦးရှိခဲ့သည်။ ပွဲတော်ကာလအတွင်း အရက်သေစာသောက်စားမှုးယစ်ပြီး ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် သေဆုံးထိခိုက်ဒဏ်ရာရမှု ၃၆ ရာခိုင်နှုန်းနှင့် မော်တော်ဆိုင်ကယ်မတော်တဆမှု ၇၉ ရာခိုင်နှုန်းရှိခဲ့သည်ဟု သိရသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သည့် ထိုင်းနိုင်ငံသို့ ယခုနှစ် ဆွန်ခရန်ပွဲတော်ကာလအတွင်း ကမ္ဘာလှည့်ခရီးသည် ငါးသိန်းခန့်လာရောက်မည်ဟု ထိုင်းခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနက မျှော်မှန်းထားသည်။

ရေသဘင်ပွဲတော်ကို အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မြန်မာ၊ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင်လည်း နှစ်စဉ် ဧပြီလလယ်တွင် ကျင်းပလေ့ရှိပြီး ထိုင်းနိုင်ငံ၏ ဆွန်ခရန်ရေသဘင်ပွဲတော်သည် လူသေဆုံးထိခိုက်မှုအများဆုံးပွဲတော်အဖြစ် လူသိများလျက်ရှိသည်။

**စီအင်န်အင်န်။**

# အခုလိုတွေ့ဆုံပြီး ဆွေးနွေးတယ်၊ ညှိနှိုင်းတယ်၊ အဖြေရှာတယ်ဆိုတာ အကောင်းဆုံးအဖြေရှာတဲ့နည်းဖြစ်ပါတယ်၊ ဒီမိုကရေစီနည်းဖြစ်တဲ့အတွက် ဝမ်းသာတယ်

ဦးသုဝေ (ဥက္ကဋ္ဌ၊ ဒီမိုကရက်တစ်ပါတီမြန်မာ)

**လွှတ်တော်တွင် အရေးကြီးအဆိုတင်သွင်းပြီး တွေ့ဆုံရန်တိုက်တွန်းခဲ့သည့် ပုဂ္ဂိုလ် ခြောက်ဦးဖြစ်သော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်တို့ ဧပြီ ၁၀ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ယင်းတွေ့ဆုံပွဲနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးလုပ်ငန်းအဖွဲ့များ၊ ပြည်သူများ၏မျှော်လင့်ချက်၊ သုံးသပ်ချက်၊ ထင်မြင်ယူဆချက်များကို ရေးသားတင်ပြလိုက်ရပါသည်-**


ဦးထွန်းအောင်ကျော်။


ဦးသုဝေ။


ဦးရဲထွန်း။


ဦးလှမောင်ရွှေ။


ဦးအေးလွင်။


ဦးနေမင်းကျော်။


ဒေါက်တာဆလိုင်းငွန်ကျူးလန်။


ဦးမျိုးမြတ်သူ။


ဦးဇော်ထိုက်။


စာရေးဆရာဆူးငှက်။


ဦးမြင့်ကျော်။


ဦးဟန်ရွှေ။

**ဦးထွန်းအောင်ကျော်**
**(ခေတ်သစ်ပြည်သူ့ပါတီ)**

ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးမှုတွေကို ကျွန်တော်တို့ပါတီက ထောက်ခံပါတယ်။ ဒါဟာ ဒီမိုကရေစီ ယဉ်ကျေးမှုပါပဲ။ ဥပဒေပြင်ရေးကို လွှတ်တော်က လုပ်ပိုင်ခွင့်ရှိတယ်။ အခုခေါ်ပြီး ညှိနှိုင်းတယ်ဆိုတော့ အားလုံးပါဝင်နိုင်ဖို့ဖြစ်တယ်လို့ သဘောထားလို့ ရပါတယ်။ ဒါကြောင့် အခုလို တွေ့ဆုံဆွေးနွေးတာကို ကြိုဆိုပါတယ်။

**ဦးသုဝေ**
**(ဥက္ကဋ္ဌ၊ ဒီမိုကရက်တစ်ပါတီမြန်မာ)**

အခုလိုတွေ့ဆုံပြီး ဆွေးနွေးတယ်၊ ညှိနှိုင်းတယ်၊ အဖြေရှာတယ်ဆိုတာ အကောင်းဆုံးအဖြေရှာတဲ့နည်း ဖြစ်ပါတယ်။ ဒီမိုကရေစီနည်းဖြစ်တဲ့အတွက် ဝမ်းသာတယ်။ တွေ့ဆုံပြီးတဲ့အခါ မူဘောင်သတ်မှတ်ရုံပဲ ရှိသေးတယ်။ သူတို့ရဲ့ သဘောထားအမှန်ကို မပြောသေးတဲ့အတွက် အသေးစိတ်မဝေဖန်ချင်သေးဘူး။ သူတို့အနေနဲ့ တိုင်းပြည်အကျိုးအတွက် ပွင့်ပွင့်လင်းလင်းပြောမယ်ဆိုရင် ကောင်းပါတယ်။ အဲလိုမျိုးမဟုတ်ဘဲနဲ့ စိတ်ကူးထဲက စိတ်ကူးယဉ်အိပ်မက်တွေကိုပဲ ပြောသွားမယ်ဆိုရင်တော့ မဟုတ်သေးဘူးပေါ့။

**ဦးရဲထွန်း (ဥက္ကဋ္ဌ၊**
**၈၈ မျိုးဆက်ကျောင်းသားလူငယ်များ ပြည်ထောင်စုမြန်မာနိုင်ငံပါတီ)**

တိုင်းပြည်ကို အခုလက်ရှိအခြေအနေကနေ ပိုပြီးကောင်းတဲ့အခြေအနေတစ်ခုကို သွားမယ်ဆိုရင် နိုင်ငံရေးနဲ့ တိုင်းပြုပြည်ပြုကိစ္စရပ်တွေမှာ ပါဝင်ပတ်သက်နေတဲ့သူတွေ ညှိညှိနှိုင်းနှိုင်းဆွေးနွေးပြီး ဆောင်ရွက်ကြရမယ့် ကိစ္စဖြစ်ပါတယ်။ နိုင်ငံမှာ သေနတ်သံတိတ်သွားအောင်လုပ်နိုင်တယ်ဆိုရင်ပဲ ဒါအောင်မြင်မှုရပြီ။ စကားဝိုင်းအပေါ်မှာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတဲ့အဆင့်ကို ရောက်လာပါလိမ့်မယ်။

**ဦးလှမောင်ရွှေ (အထူးအကြံပေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန)**

နိုင်ငံသားတစ်ယောက်အနေနဲ့ အခုလိုတွေ့ဆုံဆွေးနွေးတာကို ကြိုဆိုပါတယ်။ တွေ့ဆုံဆွေးနွေး၊ အဖြေရှာနေတာကိုက ပိုကောင်းတဲ့ ချဉ်းကပ်မှုတစ်ခုအဖြစ် ကျွန်တော်မြင်တယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်က အရှိန်အဟုန်ရလာပြီဖြစ်တဲ့အတွက် ဒီဖြစ်စဉ်မှာ ပါဝင်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အခြားတိုင်းပြုပြည်ပြုပုဂ္ဂိုလ်တွေရဲ့အသံကို နားထောင်ပြီး ဆွေးနွေးကြရင် ပိုကောင်းပါတယ်။

**ဦးအေးလွင်**
**(ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ)**

အခုလိုတွေ့ဆုံမှုက နိုင်ငံရေးနဲ့ ပတ်သက်တဲ့ခေါင်းစဉ်တွေကို ဆွေးနွေးတဲ့ပွဲလို့မြင်ပါတယ်။ အခုအပြောင်းအလဲကာလက အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ အများကြီးရှိပေမယ့်လည်း စိတ်ထဲမှာ မျှော်လင့်နေတဲ့အခြေအနေတွေကို တဖြည်းဖြည်းဆုပ်ကိုင်လာနိုင်ပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အခုလိုကိစ္စတွေ အသေးစိတ်ဆွေးနွေးသွားနိုင်မယ်ဆိုရင် တိုင်းပြည်ပိုကောင်းလာမယ်လို့ ထင်ပါတယ်။

**ဦးနေမင်းကျော်**
**(အတွင်းရေးမှူး၊**
**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ)**

အခုလို တွေ့ဆုံဆွေးနွေးမှုကို ကြိုဆိုပါတယ်။ တွေ့ဆုံမှုကနေ တိုင်းပြည်နဲ့ ပြည်သူအတွက် အကျိုးရှိမယ့်အရာတွေကို ထွက်ပေါ်လာစေချင်ပါတယ်။ အမျိုးသားအကျိုးစီးပွားနဲ့ အမျိုးသားလုံခြုံရေးကိုလည်း ဒီထက်ပိုပြီး ကောင်းမွန်စေချင်ပါတယ်။ နိုင်ငံနဲ့ ပြည်သူတွေအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေချင်ပါတယ်။ တွေ့ဆုံမှုတွေကနေပြီး ကောင်းမွန်တဲ့တိုးတက်မှုတွေ ဖြစ်ပေါ်မယ်ဆိုရင် ကောင်းပါတယ်။

**ဒေါက်တာဆလိုင်းငွန်ကျူးလန်**
**(ဥပဒေအကြံပေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန)**

အခုတွေ့ဆုံဆွေးနွေးပွဲကို ထောက်ခံပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲကိုလည်း အောင်မြင်စွာ ကျင်းပနိုင်မယ်လို့ ထင်ပါတယ်။

**ဦးမျိုးမြတ်သူ**
**Project Director**
**Forever Group**

တိုင်းပြည်ရဲ့အရေးပါတဲ့ ခေါင်းဆောင်တွေ အခုလိုဆွေးနွေးတာ၊ တိုင်ပင်တာ၊ ညှိနှိုင်းကြတာဟာ ဝမ်းသာစရာ ကောင်းပါတယ်။ တိုင်းသူပြည်သားတွေကလည်း သူတို့ရဲ့ဆန္ဒတွေ၊ မျှော်လင့်ချက်တွေကို သူတို့ရဲ့တိုင်းပြည်ခေါင်းဆောင်တွေအပေါ်မှာ သူတို့ ယုံကြည်အားကိုးချင်ကြတယ်။ ဒီလိုမျိုး တွေ့ဆုံဆွေးနွေးတာ တိုင်းသူပြည်သားတစ်ယောက်အနေနဲ့ဆိုရင် အင်မတန်ဝမ်းသာစရာကောင်းတယ်။ ပြီးခဲ့တဲ့ရက်ကလည်း နိုင်ငံတော်သမ္မတနဲ့ နိုင်ငံရေးခေါင်းဆောင်တွေ၊ တိုင်းရင်းသားရေးရာဝန်ကြီးတွေ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးကြတယ်။ ဒီဆွေးနွေးမှုကလည်း အောင်မြင်မှုရလဒ်တွေရှိတယ်။

တိုင်းသူပြည်သားတစ်ယောက်အနေနဲ့ ဒီလိုမျိုးအောင်မြင်မှုရလဒ်တွေကို မျှော်လင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီ ၂၀၁၅ ခုနှစ်မှာ ကျွန်တော်တို့ တိုင်းပြည်အတွက် အရေးကြီးတဲ့ ရွေးကောက်ပွဲရှိတယ်၊ နောက်တစ်ခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အပစ်အခတ်ရပ်စဲရေးဆိုတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိစ္စရပ်တွေရှိတယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ကိစ္စတွေရှိတယ်။ ဒါတွေအားလုံးဟာ တိုင်းပြည်ခေါင်းဆောင်တွေ ညီညီညွတ်ညွတ်နဲ့ တိုင်ပင် ဆွေးနွေးကြမယ်ဆိုရင် အောင်မြင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

**ဦးဇော်ထိုက် (သင်တန်းနည်းပြ၊ မြန်မာသတင်းပညာသိပ္ပံ)**

တစ်ခါတည်းတွေ့ရုံနဲ့တော့ အဖြေက ချက်ချင်းတော့ထွက်မှာ မဟုတ်ပါဘူး။ ဒါပေမယ့်လည်း သကြၤန်ပြီးရင်တွေ့မယ်လို့ သိရတယ်။ အဲဒီကနေ နိုင်ငံရေးနဲ့ပတ်သက်တဲ့ အကျပ်အတည်းတွေ၊ လိုအပ်ချက်တွေကို အကြိမ်ခပ်စိပ်စိပ်လေးနဲ့ အဖြေတစ်ခုရနိုင်တဲ့အထိ တွေ့စေချင်တယ်။ အဖြေတစ်ခုမဟုတ်ရင်တောင်မှ နိုင်ငံရေးအခင်းအကျင်းကောင်းတစ်ခုကို ရောက်နိုင်လောက်တဲ့အထိ ဆွေးနွေးသွားသင့်တယ်လို့ မြင်ပါတယ်။

**ဦးမြင့်ကျော်**
**အထွေထွေအတွင်းရေးမှူး**
**မြန်မာဂျာနယ်လစ်ကွန်ရက်**

ဆွေးနွေးပွဲက အခုမှ အစပဲရှိသေးတယ်လို့ထင်ပါတယ်။ ရှေ့မှာလုပ်စရာတွေ အများကြီးရှိသေးတယ်။ တကယ်ရလဒ်ထွက်အောင် ဖြစ်လာဖို့က ပိုပြီးအားလုံးလည်းမျှော်လင့်ကြတယ်။ အရေးလည်းကြီးတယ်။ ဥပမာဆိုပါတော့ ဒေါ်အောင်ဆန်းစုကြည်ဘက်က သူတို့မျှော်လင့်ထားတာ၊ သူတို့ဖြစ်စေချင်တာတွေက အခြေခံဥပဒေပြင်ဆင်ရေးလိုဟာမျိုးပါ။ ဒါပေမယ့်လည်း သမ္မတဘက်က ရွေးကောက်ပွဲနဲ့ ပတ်သက်တာမျိုးဆိုတော့ အဲဒီဟာတွေမှာ ဒီဘက်က ဖြစ်စေချင်တဲ့ အစီအစဉ်တွေ၊ သမ္မတဘက်က အစိုးရဘက်ကလုပ်ပေးနိုင်တာတွေ၊ အဲဒါတွေက ရှေ့မှာ တကယ်လက်တွေ့ဖြစ်လာဖို့ အဲဒီဟာက ပိုအရေးကြီးတယ်လို့ ထင်ပါတယ်။ နောက်ထပ်တွေ့ဦးမယ်ဆိုတာ သိရတော့ ဒါက လမ်းတော့ပွင့်နေပါပြီ။ အရင်ဆွေးနွေးပွဲတွေ၊ တွေ့ဆုံပွဲတွေလုပ်ခဲ့တယ်။ အဲဒီတွေ့ဆုံပွဲတွေက တစ်ကြိမ်၊ နှစ်ကြိမ်တွေ့ဆုံပွဲတွေဖြစ်ပြီးတော့ နောက်စီးရီးအလိုက် ဆက်စပ်မှုမရှိတဲ့ဟာတွေဖြစ်တယ်။ ရလဒ်လည်း ထူးထူးခြားခြားမထွက်လာတော့ လူတွေအနေနဲ့ တွေ့ဆုံပွဲဆွေးနွေးပွဲတွေဆိုသိပ်ပြီးတော့ အခုလို မျှော်လင့်ချက်ကြီးကြီးမားမား မထားကြဘူး။ ဒါပေမယ့် အခုဆွေးနွေးပွဲကတော့ ရွေးကောက်ပွဲလည်းနီးနေပြီ၊ အရေးလည်းကြီးတယ်ဆိုတော့ ဒီကနေ တကယ်ရလဒ် ထွက်လာဖို့ကတော့ အရေးကြီးတယ်လို့ ထင်ပါတယ်။

**စာရေးဆရာဆူးငှက်**
**(မန္တလေး)**

တိုင်းပြည်ရဲ့ကံကြမ္မာ၊ တိုင်းပြည်ရဲ့ လက်ရှိအခက်အခဲ၊ တိုင်းပြည်ရဲ့ လက်ရှိ စိန်ခေါ်မှုတွေအားလုံးကို ဒီထက်တောင် ဆွေးနွေးဖို့ကောင်းပါတယ်။ ပြဿနာတစ်ရပ် ဖြေရှင်းတယ်ဆိုတာ နောက်ကျတယ်မရှိပါဘူး။ ဆွေးနွေးတယ် ဆိုတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ကြရုံနဲ့မပြီးပါဘူး။ တစ်ခါနဲ့ ဆွေးနွေးလို့မပြီးရင် နှစ်ခါဆွေးနွေးရပါမယ်။ ဒါဟာအရေးကြီးတဲ့ ပြဿနာဖြစ်နေလို့ပါ။ ကျွန်တော်တို့တိုင်းပြည်ဟာ အမျိုးမျိုးသောပဋိပက္ခတွေကြောင့် ရှေ့ကို မတိုးနိုင်တာ အားလုံးအသိပါ။ တစ်တိုင်းပြည်လုံး ၅၁ သန်းကျော်သော ပြည်သူလူထုကြီးက အဓိက ငြိမ်းချမ်းချင်ကြပြီ။ တိုးတက်ချင်ကြပြီ။ တစ်ဦးနဲ့တစ်ဦး နားလည်မှု၊ ရင်ကြားစေ့နိုင်မှု ဒါဟာ ညီညွတ်မှာပါ။ နားလည်မှ ညီညွတ်မယ်၊ ညီညွတ်မှ ငြိမ်းချမ်းမယ်၊ ငြိမ်းချမ်းမှ တိုးတက်ပါမယ်။ ဆွေးနွေးပွဲဟာ ဒီတစ်ကြိမ်နဲ့ မပြီးဘဲနဲ့ အဖြေတစ်ခုရတဲ့အထိ ဆွေးနွေးကြပြီးတော့ တိုင်းကျိုးပြည်ကျိုး ဆောင်ရွက်နိုင်ပါစေလို့ နှစ်သစ်မှာ ဆုတောင်းလိုက်ပါတယ်။

**ဦးဟန်ရွှေ**
**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်**

ငါ့အဖွဲ့အစည်း၊ ငါဆိုတဲ့ဟာကို ရှေ့ကမထားဘဲ ပြည်သူ့ဆန္ဒကို၊ ပြည်သူဆိုတဲ့ဟာကို ရှေ့ကထားဖို့ လိုပါတယ်။ ပြည်သူရဲ့ဆန္ဒကို အလေးထားပါ။ ပြည်သူကို မျက်နှာမူပါဆိုတာ ဒါက ဒီမိုကရေစီဖော်ဆောင်တဲ့နေရာမှာ အရေးကြီးဆုံးပါပဲ။ ပြည်သူရဲ့ သဘောထားဖြစ်တဲ့ အခုလိုတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပတယ်ဆိုတာ အင်မတန်ကောင်းတဲ့ အစဉ်အလာဖြစ်ပါတယ်။ ဒီလိုပဲမြင်ပါတယ်။

ယခုအကြိမ် တွေ့ဆုံဆွေးနွေးမှုသည် အောင်မြင်သော တွေ့ဆုံဆွေးနွေးမှုဟု ကြားသိရသည်ဖြစ်ရာ နောက်ထပ်တွေ့ဆုံဆွေးနွေးမှုများမှ ရရှိလာမည့် ရလဒ်များသည် ပြည်သူတို့၏ မျှော်လင့်ချက်များ၊ ကောင်းမွန်သောအနာဂတ်များကို သယ်ဆောင်ယူလာပေးနိုင်မည်ဟု ယုံကြည်နေမိပါတော့သည်။

**သတင်းအဖွဲ့**

# ရန်ကုန်သင်္ကြန်အကြို မြင်ကွင်းစုံ

**ခင်မောင်ထွေး၊ ဝင်းဝင်းမော်**


ဓာတ်ပုံ - bestinmyanmar.com

သင်္ကြန်ကျတော့မည်။

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၁ ရက်မှ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ဖြစ်သည်။

မဟာသင်္ကြန်ပွဲတော်နှင့် မြန်မာပြည်သူတို့အား ခွဲခြား၍ မရ စကောင်း။

ဥသြငှက်တို့၏ တွန်ကျူးမှုနှင့်အတူ နွေဦးရောက်ပြီဆိုသည်နှင့် မြန်မာလူမျိုးတိုင်း၏ နှလုံးသားအတွင်း သင်္ကြန်အရိပ်၊ သင်္ကြန်နိမိတ်တို့က ဒွန်တွဲထင်ဟပ်လာသည်။ နွေရာသီကျောင်းပိတ်ရက်အစပြုလိုက်သည်နှင့် ဂီတပညာရှင်ကြီး မြို့မငြိမ်း၏ သင်္ကြန်တေးသံများကလည်း မြန်မာပြည်တစ်ဝန်း ပျံ့လွင့်လာသည်။

ရန်ကင်းမြို့နေ အနောက်ပိုင်းနည်းပညာတက္ကသိုလ် (လှိုင်သာယာ)မှ ဒုတိယနှစ် (IT) ကျောင်းသား မောင်သန်းထိုက်ဇော် (ဂျူးဂျူး)က “သင်္ကြန်မှာ နှစ်တိုင်းလည်ဖြစ်တယ်။ သင်္ကြန်က ပျော်စရာကောင်းတယ်။ မြန်မာတွေရဲ့ နှစ်သစ်ကူးပွဲတော်ဖြစ်လို့ လူတိုင်းပါဝင်ဆင်နွှဲချင်တာပဲလေ။ ဆင်နွှဲသင့်တယ်လို့ ထင်တယ်။ ကျွန်တော်တို့ လူငယ်တွေအနေနဲ့ သင်္ကြန်ဆိုတဲ့အသံကြားတယ်ဆိုရင် စိတ်ထဲက အလိုလိုပျော်တယ်”ဟု ပြောသည်။

၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့် အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲရန်၊ ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်နှင့် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန် ရည်ရွယ်ချက်များနှင့်အညီ ကျင်းပရန်လည်း ယဉ်ကျေးမှုဝန်ကြီးဌာနက နှိုးဆော်ထားသည်။

သို့တစေ မျက်မှောက်ခေတ် မဟာသင်္ကြန် ပွဲတော်များကို ပြန်ပြောင်း လေ့လာကြည့်လျှင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်သော အမြင်မတင့်တယ်သည့် ဝတ်စားဆင်ယင်မှုများ၊ အကအခုန်များ၊ အပြောအဆိုစရိုက်လက္ခဏာများနှင့် အရက်သေစာနှင့် မူးယစ်ဆေးဝါးပြဿနာများက ဖုံးလွှမ်းလျက်ရှိသည်။

၂၀၁၅ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်ပွဲတော်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မကိုက်ညီသည့် သရုပ်ပျက်အဝတ်အစားများ ဝတ်ဆင်ကာ Sexy Dance ကခုန်ခြင်းများကို ပြုလုပ်ပါက မဏ္ဍပ်ကို ချက်ချင်းပိတ်သိမ်းမည်ဖြစ်ကြောင်း မဏ္ဍပ်နေရာချထားရေးကော်မတီက ထုတ်ပြန်ထားသည်။

အလားတူ သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းဝေးစေရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က မတ်လ တတိယပတ်မှစ၍ စီမံချက်ချမှတ်ပြီး အရေးယူဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင်လည်း သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းဝေးစေရန် မူးယစ်ဆေးဝါး၊ ကာမစိတ်ကြွဆေးပြားနှင့် အခြားအန္တရာယ်ဖြစ်စေတတ်သည့် ဆေးဝါးများ ရောင်းဝယ်ခြင်းမပြုရန် အသိပညာပေးဟောပြောခြင်း၊ စစ်ဆေးခြင်းနှင့် ဖမ်းဆီးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သင်္ကြန်မဏ္ဍပ်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မအပ်စပ်သည့် အမည်များ၊ ပါတီနိုင်ငံရေးအရိပ်အယောင်မကင်းသော အမည်များ သုံးစွဲခြင်းမပြုရန်နှင့် မဏ္ဍပ်အမည်များကိုလည်း သတ်မှတ်စာလုံးအရွယ်အစား၊ စာလုံးအထူများနှင့်အညီ ဆောင်ရွက်ခြင်းမရှိပါက ဒဏ်ကြေးငွေကျပ် ၁၀ သိန်း ပေးဆောင်ရမည်ဖြစ်ပြီး မဏ္ဍပ်များ၌ သီးသန့်အလုံခန်းများ ထည့်သွင်းဆောက်လုပ်ပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ထားသည်။

“ဒီဘက်ခေတ်မှာ သင်္ကြန်ဆိုကတည်းက အသောက်အစားက ပါလာပြီ။ ပျော်တဲ့အခါမှာ ကိုယ့်ကြောင့် ဘယ်သူ့ကိုမှ အနှောင့်အယှက်မဖြစ်ဘဲ ပျော်တာက ပိုကောင်းပါတယ်။ စည်းနဲ့ကမ်းနဲ့ ပျော်သင့်တာပေါ့။ ကောင်းတာနဲ့ မကောင်းတာ ဒွန်တွဲရှိတာကြောင့် အသိတရားရှိဖို့ လိုအပ်ပါတယ်”ဟု မောင်သန်းထိုက်ဇော်က ဆိုသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ပွဲတော်အတွက် ရန်ကုန်မြို့ ကန်ပတ်လမ်းတွင် မဏ္ဍပ်အကြီး ၁၃ ခု၊ ကမ္ဘာအေးစေတီလမ်းတွင် မဏ္ဍပ်အကြီး ၁၁ ခု၊ အနော်ရထာလမ်းနှင့် ဆရာစံလမ်းတွင် မဏ္ဍပ်အလတ်တစ်ခုစီ၊ ပါရမီလမ်းတွင် မဏ္ဍပ်အလတ်တစ်ခုနှင့် သီးခြားမဏ္ဍပ်အကြီး ၁၆ ခု စုစုပေါင်း မဏ္ဍပ် ၄၀ ကို ဆောက်လုပ်ခွင့်ပါမစ်ခွင့်ပြုထားကြောင်း သိရသည်။

ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့တော် မဟာသင်္ကြန်သည်လည်း သည်ဘက်နှစ်များတွင် စီးပွားရေးဈေးကွက်တစ်ခုအသွင် ပြောင်းလဲသွားခဲ့သည်။

ယခုနှစ်တွင် မဏ္ဍပ်အကြီးတစ်ခုဆောက်လုပ်စရိတ်မှာ နှစ်ဆနီးပါးခန့်တက်သွား၍ စပွန်ဆာများ၏ ပံ့ပိုးမှုမှာ အဓိကကျလာသည်။ မဏ္ဍပ်ထိုင် ရေကစားလိုသူများအတွက် သင်္ကြန်မဏ္ဍပ်အချို့၏ ဈေးနှုန်းများမှာလည်း ပွဲစပွဲဆုံး ကျပ်လေးသောင်းမှ ကျပ်တစ်သိန်းကျော်ရှိနေသည်။

“ကျွန်တော်ကတော့ အင်းလျားကန်ပေါင်ရှေ့ ပြည်လမ်းပေါ်က Troll မဏ္ဍပ်မှာ ထိုင်မယ်။ All Day ကို ငွေကျပ်ငါးသောင်းနဲ့ဝယ်ထားပြီးပြီ။ နေ့လယ်စာနဲ့ Punch တိုက်မယ်။ ဈေးနှုန်းကတော့ မဏ္ဍပ်အနေအထားပေါ်မှာ မူတည်ပါတယ်။ ခြောက်သောင်းခွဲ၊ တစ်သိန်းနဲ့ တစ်သိန်းခွဲအထိ အစားစားရှိပါတယ်” ဟု ရန်ကုန်သင်္ကြန်တွင် မဏ္ဍပ်ထိုင်မည့် လှည်းတန်းမြို့နယ်နေ လူငယ်တစ်ဦးက ဆိုသည်။

မဏ္ဍပ် Organizer တစ်ဦးကမူ “မနှစ်ကလောက် အဆင်မပြေဘူး။ မဏ္ဍပ်ပါမစ်လျှောက်ထားတော့လည်း လျှောက်ထားတဲ့အတိုင်း မရဘူး။ လူစည်ကားတဲ့ ကမ္ဘာအေးစေတီလမ်းမှာ မရဘဲ ကန်ပတ်လမ်းမှာပဲ ရတယ်။ ဒီနှစ် ရန်ကုန် သင်္ကြန်က ထုံးစံအတိုင်း စည်ကားမှာပါ” ဟု ပြောသည်။

သင်္ကြန်ကာလအတွက် ဖက်ရှင်အသုံးအဆောင်ပစ္စည်းဈေးကွက်နှင့် အဖျော်ယမကာ ဈေးကွက်များမှာ အရောင်းသွက်နေ သော်လည်း သင်္ကြန်ရေပက်ခံကားအငှားဈေးကွက်နှင့် ကားဝပ်ရှော့များမှာ ပြောင်းလဲလာသော ခေတ်ကာလနှင့်အညီ ယခင်ခေတ်များကကဲ့သို့ ပန်းမပန်နိုင်တော့ချေ။

“သင်္ကြန်ဖက်ရှင်ဖြစ်တဲ့ အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ်၊ မျက်မှန်နဲ့ အသုံးအဆောင်အဆင်တန်ဆာတွေကို လူငယ်ပီသစွာ ဖက်ရှင်အဖြစ် ဝတ်ဆင်ဖို့ ဝယ်ဖြစ်ပါတယ်။ ဂျင်းကတော့ မပါမဖြစ်ပေါ့။ ဒါကြောင့် သင်္ကြန်ဖက်ရှင်တွေ အရောင်းသွက်နေတာကို တွေ့ရတယ်။ ဒါပေမယ့် ခေတ်လွန်ပြီးတော့ မဝတ်သင့်ပါဘူး” ဟု ရေပက်ခံထွက်ကစားမည့် လူငယ်တစ်ဦးက ပြောသည်။

ယခင်နှစ်များက ကားဟောင်းများများသောကြောင့် သင်္ကြန်ရက်များနီးပါက ပြင်ဆင်မှုများရှိသော်လည်း ယခုနှစ်ပိုင်းများတွင်မူ ကားအသစ်များ ဝင်ရောက်မှုများကြောင့် ပြင်ဆင်မှုများ နည်းပါးသွားကြောင်းကို ဗဟန်းမြို့နယ်မှ ကားဝပ်ရှော့လုပ်ငန်းပိုင်ရှင်တစ်ဦးက ဆိုသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာရှိသကဲ့သို့ သက်ကြီး၊ ဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ဆင်ယင်ကျင်းပခြင်း၊ တိရစ္ဆာန်များဘေးမဲ့လွှတ်ခြင်း စသောကောင်းမှုမင်္ဂလာအမှုများကိုလည်း ပြုကြသည်။

“ဒါနက တဝေဝေ၊ ရေတွေက တရွှဲရွှဲ”ဟူသည့်နှယ် ဒါန၊ သီလ၊ ဘာဝနာ အမှုများကို ဆည်းပူးအားထုတ်ရာ ရက်မြတ်အခါတော်လည်း ဖြစ်ပေသည်။

ယခုနှစ်သင်္ကြန် ပိတ်ရက်ရှည်ကာလအတွင်း မြတ်ဗုဒ္ဓ၏ ဝိပဿနာတရားမြတ်ကို စီးဖြန်းရန် တရားစခန်းဝင်ရောက်မည့် သူများလည်း အလွန်များပြားကြောင်း သိရသည်။

ရန်ကုန်မြို့တွင် မူလမင်းကွန်းတောရ၊ မဟာစည်၊ မိုးကုတ်၊ ရွှေတောင်ကုန်း၊ ချမ်းမြေ့ရိပ်သာ အပါအဝင် သာသနာ့ရိပ်သာကြီးများ အများအပြားရှိသော်လည်း သင်္ကြန်ပိတ်ရက်ရှည်ကာလအကြိုမှာပင် လက်ခံလူစာရင်းများ ပိတ်သိမ်းနေရကြောင်း သိရသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၄၀) ရပ်ကွက်ရှိ မေတ္တာမဏ္ဍိုင် သာသနာပြုကျောင်းတိုက်မှ ဆရာတော် ဒေါက်တာအရှင်တေဇမွှက “ဒီသင်္ကြန်တွင်းမှာ ဒုလ္လဘနဲ့ယောဂီတွေ တရားစခန်းဝင်တာ ပိုများတယ်။ လူလတ်ပိုင်းတွေက ပိုများပါတယ်။ ဆရာတော်တို့ကျောင်းက နေထိုင်စားသောက်ရေးကို စီစဉ်ပေးထားပါတယ်။ သင်္ကြန်ပိတ်ရက် ၁၀ ရက်စခန်းပေါ့”ဟု မိန့်ကြားသည်။

မြန်မာ့နှစ်သစ်ကူးမဟာသင်္ကြန်ကာလအတွင်း ရန်ကုန်မြို့နေ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက်လည်း ယာဉ်လိုင်းအဖွဲ့အစည်းများမှ ခရီးသည်တင်ယာဉ်လိုင်း ၁၁၉ လိုင်း၊ ယာဉ်စီးရေ ၁၆၉၄ စီးခန့်ဖြင့် နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ယာဉ်စီးခနှုန်းထားမှာလည်း မူလသတ်မှတ်ထားသော ယာဉ်စီးခနှုန်းထားအတိုင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီက ထုတ်ပြန်ထားသည်။

၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပရန် ရက်ပိုင်းမျှသာ လိုတော့သည်။ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် တွေ့မြင်ရသည့် သင်္ကြန် PLAN ခေါင်းစဉ်အောက်မှ “မဏ္ဍပ်ထိုင်မှာလား၊ ကားနဲ့လည်မှာလား၊ ချစ်သူနဲ့ပျော်မှာလား၊ အိမ်မှာပဲ နေမှာလား၊ တရားစခန်းလား၊ ဘုန်းကြီးဝတ်မှာလား” ဟူသည့် မေးခွန်းအတိုင်း စာဖတ်သူများကို ထပ်ဆင့်မေးမြန်းလိုက်ရပါတော့သည်။ ။

***

## လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး ဆောင်ရွက်

**အိုးသည်ကုန်း မေ ၁၁**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့ လျှပ်စစ်မျူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ဂုံညင်းတန်းအုပ်စု ဂုံညင်းတန်းရွာမနှင့် ဘိုကုန်းရွာများတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၁၈၀၀၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၃၀၀၀ နှင့် ၂၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံးတို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်မျူး ဦးအောင်အောင်ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ မေ ၄ ရက်တွင် လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်၍ အိမ်ခြေ ၂၀၀ ခန့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

## သင်္ကြန်ကာလမှုခင်းကျဆင်းရေး ဟောပြော

**ပျဉ်းမနား မေ ၁၁**

ပျဉ်းမနားမြို့နယ် ပျဉ်းမနားဘူတာရုံ၌ မေ ၁၀ ရက် ည ၈ နာရီခွဲက အမှတ်(၆)အစုန် ရန်ကုန်ရထားစီးမည့် ခရီးသည်များအား မဟာသင်္ကြန်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ ခရီးသွားလာနိုင်ရေးနှင့် ရထားများပေါ်၌ ခိုး၊ ဆိုး၊ နှိုက်မှုများ ကင်းရှင်းစေရေးအတွက် ရထားရဲတပ်ဖွဲ့အမှတ်(၉) တပ်ခွဲ တပ်စု (၂) ပျဉ်းမနားမှ တပ်စုမှူးရဲအုပ်တင်မောင်ဦးက အမှတ်(၆) အစုန် ရထားစီးခရီးသည်များအား အသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# အသက်(၁၀၀)နှင့်အထက် သက်ကြီးဝါကြီးများအား ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ငွေများ ဒုတိယအကြိမ်လှူဒါန်း

**ဘားအံ ဧပြီ ၁၁**

ကရင်ပြည်နယ်အတွင်းရှိ အသက် (၁၀၀)နှင့်အထက် သက်ကြီးဝါကြီး ဘိုးဘွားများအား နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစာစုဆောင်းငွေများမှ ဇန်နဝါရီလတွင် ထောက်ပံ့လှူဒါန်းခဲ့ပြီး စာရင်းပေးမှုကျန်ရှိနေသေးသော အဘိုး အဘွားများအား ဒုတိယအကြိမ် ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၈ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် တက်ရောက်အမှာစကား ပြောကြားပြီး ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်မှ အဘိုး တစ်ဦး၊ အဘွား ငါးဦးအားလည်းကောင်း၊ အခမ်းအနားသို့ မတက်ရောက်နိုင်သော မြို့နယ်များမှ အဘိုး၊ အဘွား ၁၀ ဦး၏ ကိုယ်စားလှယ်မိသားစုဝင်များအားလည်းကောင်း နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ထောက်ပံ့အလှူငွေကျပ် နှစ်သိန်းနှင့် လှူဖွယ်ပစ္စည်းကို ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က ပေးအပ်လှူဒါန်းကြသည်။ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘားအံမြို့နယ် နောင်လုံကျေးရွာရှိ အဘွား နှစ်ဦးအား အိမ်အရောက် သွားရောက်တွေ့ဆုံကာ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(နေမျိုးလွင်)**

# လက်ကျန်ဘဝလေး ကူညီပေးကြပါ

မတ်လ ၃၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှ "ကြေးမုံစာတည်းရှုထောင့်"တွင် ရေးသားဖော်ပြထားသော "သက်ကြီးရွယ်အိုများကိုစောင့်ရှောက်"ခေါင်းစဉ်ဖြင့် ဆောင်းပါးအားဖတ်ပြီး ကျွန်မ ဤစာကို ရေးသားရခြင်းဖြစ်ပါသည်။

စာတည်းရှုထောင့်မှ ရေးသားဖော်ပြချက်များအား ဖတ်မိသည့်အခါ အလွန်ဝမ်းမြောက်ပီတိဖြစ်ရပါသည်။ စာတည်းရှုထောင့်မှ စာသားအချို့အား ပြန်လည်ရေးသားဖော်ပြပါမည်။

"နေဝင်ချိန် ဘဝအတွက် ပြင်ပတွင် လုပ်ကိုင်ခဲ့ရသူ သက်ကြီးများအဖို့ ဝင်ငွေလည်းမရှိ၊ မပြေလည်သော မိသားစုဖြစ်ပါက ထောက်ပံ့မှုမရနိုင်သဖြင့် ထိုသက်ကြီးများအတွက် များစွာအခက်အခဲဖြစ်နိုင်ပါသည်"ဟု ရှုထောင့်တွင် ရေးသားဖော်ပြထားပါသည်။

ကျွန်မသည် မြောက်ဒဂုံမြို့နယ် ပင်လုံအိမ်ရာတွင် နေထိုင်သူဖြစ်ပါသည်။ ကျွန်မတို့နေထိုင်သည့် လမ်းများတွင် လုံခြုံရေး၊ သန့်ရှင်းရေးစနစ်များထားရှိသဖြင့် လုံခြုံရေးနှင့် သန့်ရှင်းရေးဝန်ထမ်းများကို နေ့စဉ်တွေ့မြင်ရင်းနှီးနေကြပါသည်။ မတ် ၂၆ ရက်တွင် လုံခြုံရေးဝန်ထမ်းကလေးမှ မိုးရေကာဖျင်စရှိလျှင် လိုချင်ကြောင်းနှင့် အဘွားဖြစ်သူ အအေးမိနေသဖြင့် ဆေးပါပေးပါရန် တောင်းခံလာပါသည်။ "အဘွားက ညက အအေးမိသွားတာ။ အိမ်က မိုးမလုံတော့ တစ်ညလုံးထီးဆောင်းနေရတယ်။ ကျွန်တော်တို့ လူငယ်တွေက အကြောင်းမဟုတ်ပါဘူး။ အဘွားက အသက်ကြီးတော့ ဖျားတာပေ့ါ"ဟုဆို၍ "မင်းအဘွားက အသက်ဘယ်လောက်ရှိပြီလဲ"ဟု မေးကြည့်ရာ "အဘွား အသက်က (၁၀၂) နှစ်ပါ"ဟု ပြောပါသည်။

ကျွန်မ များစွာအံ့ဩသွားပါသည်။ အသက် (၁၀၂) နှစ်ရှိသော အဘွားကို တွေး၍ သနားလွန်းလှသဖြင့် ကျွန်မ သွားရောက်တွေ့ဆုံခဲ့ပါသည်။

အဘွားအမည် ဒေါ်မြရီ အသက် (၁၀၂) နှစ်သည် သမီးလတ် ဒေါ်မြဝင်း အသက် (၆၀)၊ သားသမက်ဦးကြီးငွေ အသက်(၆၇)နှစ် ရွှေ့ပြောင်းအလုပ်သမားနှင့်အတူ နေထိုင်ပါသည်။ ကျန်းမာရေးကောင်းသော်လည်း မျက်စိနှစ်ကွင်း အလင်းမရပါ။ နားအနည်းငယ်လေးသော်လည်း အသံကို အနည်းငယ်မြှင့်ပြောလျှင် ကြားနိုင်၊ ပြောနိုင်ပါသည်။ အဘွား၏ မွေးသက္ကရာဇ်မှာ ၁၂၇၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ စနေနေ့ဖြစ်ပါသည်။

မွေးသက္ကရာဇ်မှန်၊ မမှန်အတွက်အထောက်အထားဖြစ်သော မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းမရှိပါ။ နာဂစ်နှင့်အတူ ပျောက်ဆုံးပျက်စီးခဲ့ပြီဟု ဆိုပါသည်။ ရပ်ကွက်အတွင်းမှ သက်ကြီးရွယ်အိုများ ကန်တော့တာ ရရှိခဲ့ဖူးလားဟုမေးလျှင် ဘာမျှမရဖူးပါ။ ဘာမျှလည်း မသိပါဟုဆို၏။ အဘွား၏သမီး(အတူနေ)သူတွင်လည်း မှတ်ပုံတင်မရှိကြောင်း သိရပါသည်။ "မှတ်ပုံတင်တွေ လုပ်ပေးနေတာ မသိဘူးလား"ဟုမေးလျှင် "တစ်နေ့လုပ်တစ်နေ့စား စားရေးရုန်းကန်နေရတာ ဘာမှမသိပါဘူး"ဟု ရိုးသားစွာ ဆိုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက အသက်(၁၀၀)နှင့်အထက် အဘိုးအဘွားများအား ချီးမြှင့်ထောက်ပံ့မှုများကို သူတို့မသိကြပါ။ ရရှိသည့်အခွင့်အရေးကိုပင် ယူရကောင်းမှန်းမသိကြသည့် ရိုးသားလွန်းသူများဖြစ်ကြပါသည်။

အဘွား၏ဇာတိမှာ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဝါးတောရွာဟု သိရပါသည်။ အဘွားတွင် သားသမီးသုံးဦးရှိပြီး အကြီးဆုံးသမီးမှာ အသက်(၆၇)နှစ်လေဖြတ်နေသည်ဟု ဆိုပါသည်။

ကျွန်မသည် အဘွားအား တတ်နိုင်သမျှ အကူအညီပေးနိုင်ရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်သတင်းပို့ပေးပြီး နိုင်ငံတော်မှ ချီးမြှင့်ငွေ ရ မရ မေးမြန်းကြည့်ရာ စာရင်းပိတ်သွားပြီဖြစ်ကြောင်း မြို့နယ်ရုံးမှ အကြောင်းကြားသည်ဟု ပြောပါသည်။

အဘွားနှင့် အတူနေသမီးဖြစ်သူ မမြဝင်း အသက်(၆၀)နှစ်အား အဘွားအတွက် မှတ်ပုံတင်နှင့် သန်းခေါင်စာရင်း အမြန်ဆုံးလုပ်ဆောင်ပေးပါရန် တောင်းဆိုထားပါသည်။

ဘဝနေဝင်ချိန် နီးနေပြီဖြစ်သော အဘွား ဒေါ်မြရီ အသက်(၁၀၂)နှစ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ချီးမြှင့်ငွေရရှိရန်နှင့် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် ပါဝင်ခံစားနိုင်ရေးအတွက် ကူညီပေးကြပါရန် အဘွားဒေါ်မြရီကိုယ်စား အသနားခံတင်ပြလိုက်ရပါသည်။

**(မကျေးဥ)**





ဧပြီ ၁၀ ရက်က စစ်တက္ကသိုလ် အမှတ်စဉ် (၂၈)ဗိုလ်လောင်းသင်တန်း၏ သင်တန်းဆင်း (၂၈)နှစ်မြောက်နေ့တွင် ကျဆုံး/သေဆုံး သူငယ်ချင်းများအား ရည်စူးပြီး နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

# မူဆယ်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆောင်ရွက်မှု သင်တန်းဖွင့်

**မူဆယ် ဧပြီ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဆိုင်ရာ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ပူးပေါင်းဆောင်ရွက်မှု (ဆင့်ပွား) သင်တန်းအခမ်းအနားအား ဧပြီ ၁၀ ရက် နံနက် ၉ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အောင်ဆန်းသူရိယ အေးချိုခန်းမ၌ကျင်းပခဲ့ရာ အစီအစဉ် ပထမပိုင်းတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းမင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အစီအစဉ် ဒုတိယပိုင်းတွင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ရမည့် နည်းစနစ်များကို တာဝန်ရှိသူများက အကျယ်တဝင့် ရှင်းလင်းပို့ချခဲ့ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**



# အား/ကာသိပ္ပံ(ရန်ကုန်)အတွက် ကစားသမားများ ရွေးချယ်

**ရန်ကုန် ဧပြီ ၁၁**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၊ အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းအတွက် ကျောင်းအုပ်ကြီး ဦးစိုးအောင်ဦးဆောင်သည့် ရွေးချယ်ရေးအဖွဲ့သည် ဧပြီ ၂ ရက်မှ ၈ ရက်အထိ လူရွေးချယ်မှုများ ပြုလုပ်ခဲ့သည်။

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်ဦးဆောင်သည့် ရွေးချယ်ရေးအဖွဲ့သည် ဧပြီ ၂ ရက်မှ ၅ ရက်အထိ မြောင်းမြနှင့် မအူပင်မြို့များတွင် သွားရောက်ရွေးချယ်ခဲ့ပြီး အမျိုးသား ၇၃ ဦး၊ အမျိုးသမီး ၃၃ ဦး ရွေးချယ်ခဲ့သည်။ ထို့ပြင် ဧပြီ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကစားသမားများရှာဖွေခဲ့ပြီး လှည်းကူးမြို့နယ်မှ အမျိုးသားခုနစ်ဦး၊ အမျိုးသမီး ၁၃ ဦး၊ ထန်းတပင်နှင့် လှိုင်သာယာမြို့နယ်အတွင်းမှ အမျိုးသား ငါးဦး၊ အမျိုးသမီးသုံးဦး ရွေးချယ်ခဲ့သည်။

**(ဖိုးသော်ဇင်)**

# သင်္ကြန်ကာလ ယာဉ်ကြောပိတ်ဆို့မှု လျော့ကျရေးနှင့် ယာဉ်မတော်တဆမှု ကင်းဝေးရေး စီမံဆောင်ရွက်မည်

**ရန်ကုန် မေ ၁၁**

မကြာမီ ကျရောက်တော့မည့် အတာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ ယာဉ်ကြောပိတ်ဆို့မှု လျော့ကျရေးနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုကင်းဝေးစေရန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ သတင်းရရှိသည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလတွင် ယာဉ်ကြောပိတ်ဆို့မှုများနှင့် ယာဉ်စည်းကမ်းချိုးဖောက်မှုများကို ကြပ်မတ်ကိုင်တွယ်နိုင်စေရန် ယာဉ်ကြောပိတ်ဆို့ကာ ရှုပ်ထွေးမှုများပြားတတ်သော နေရာခုနစ်ခုတို့တွင် တစ်နေရာလျှင် နှစ်စီးနှုန်းဖြင့် ယာဉ်ထိန်းရဲဆိုင်ကယ် ၁၄ စီးကို တာဝန်ချထားမည်ဟု သိရသည်။

"တစ်စီးကို တပ်ဖွဲ့ဝင်နှစ်ဦးနှုန်းနဲ့ တပ်ဖွဲ့ဝင် ၂၈ ဦးကို တာဝန်ပေးသွားမှာပါ"ဟု ဒုတိယရဲမှူးမျိုးအောင်မြင့်က ဆိုသည်။ ထိုခုနစ်နေရာမှာ ကမ္ဘာအေးစေတီလမ်းနှင့် ပါရမီလမ်းဆုံ၊ ကမ္ဘာအေးစေတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းဆုံ၊ ပြည်လမ်းမပေါ်ရှိ IBC ရှေ့နေရာ၊ လှည်းတန်း၊ မြေနီကုန်း၊ မြို့တော်ခန်းမရှေ့၊ ကန်ပတ်လမ်း(ဆရာဝန်အသင်းရှေ့)တို့ဖြစ်ကြသည်။

ထိုပွဲတော်ကာလအတွင်း ယာဉ်မတော်တဆဖြစ်ပွားမှု ကြုံလာပါက အချိန်မီဆေးကုသမှုရရှိစေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့၏ အရေးပေါ်လူနာတင်ယာဉ်နှစ်စီးကို အသင့်စီစဉ်ထားပြီး မြို့နယ်အလိုက် လူမှုရေးအသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ လူနာတင်ယာဉ်များ စီစဉ်ထားသကဲ့သို့ မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲများကို တာဝန်ပေးကာ လမ်းဆုံနေရာ ခုနစ်နေရာတွင် လူနာတင်ယာဉ်ခုနစ်စီးကို အသင့်စီစဉ်ထားမည်ဖြစ်သည်။

ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် အချိန်မီ ဆေးကုသခံယူခွင့်ရပါက အသက်သေဆုံးမှု လျော့ပါးစေနိုင်မည်ဖြစ်ရာ လူနာတင်ယာဉ်များကို ယင်းကဲ့သို့ အသင့်စီစဉ်ထားပေးခြင်းဖြစ်သည်။ ရန်ကုန်ဆေးရုံကြီး၊ အင်းစိန်ဆေးရုံ၊ မြောက်ဥက္ကလာပဆေးရုံ၊ သယ်န်းကွန်းစံပြဆေးရုံတို့တွင်လည်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကို တာဝန်ချကာ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရသောလူနာများကို ဆေးဝါးကုသမှုပေးနိုင်ရန် ၂၄ နာရီ တာဝန်ထမ်းဆောင်သွားမည်ဟု သိရသည်။

သင်္ကြန်ပွဲတော် ကာလများတွင် ရေပက်ကစားမဏ္ဍပ်များနှင့် ရေပက်ခံထွက်သော ယာဉ်များကြောင့် အရေးပေါ်ကိစ္စဖြင့် သွားလာနေကြသည့် မီးသတ်ယာဉ်များ၊ လူနာတင်ယာဉ်များ၊ အခြားအရေးပေါ်ယာဉ်များ သွားလာနိုင်ရန် ယာဉ်ကြောတစ်ကြောကိုစီစဉ်ထားပြီး အချို့သောနေရာများတွင် ယာဉ်လမ်းကြောင်း အရှင်းဆုံးဖြစ်စေမည့် အစွန်ဆုံးယာဉ်ကြောကို စီစဉ်ထားလျက်ရှိသည်။

ထိုရေကစားမဏ္ဍပ်များအနီးတွင် အများပြည်သူသွားလာမှုအခက်အခဲဖြစ်စေသည့် စည်းကမ်းမဲ့ရပ်နားမှုများရှိပါကလည်းကောင်း၊ စက်အတွင်းရေဝင်ကာ စက်ချွတ်ယွင်းပိတ်ဆို့နေပါကလည်းကောင်း ဖယ်ရှားရန် ယာဉ်ပိုင်ရှင်ကို အကြောင်းကြားမည်ဖြစ်ပြီး လူမရှိဘဲ ပိတ်ဆို့ရပ်နားထားခြင်းများအတွက် ကရိန်းယာဉ်ဖြင့် ချိတ်ဆွဲကာ မြေနီကုန်းယာဉ်ရပ်နားစခန်းသို့ ချိတ်ဆွဲယူသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ပွဲတော်ကာလအတွင်းတွင် သန်လျင် တံတားပေါ်မှ ဖြတ်သန်းသွားလာကြသော ယာဉ်အများအပြားရှိမည်ဖြစ်သည့်အတွက် တံတားပေါ်တွင် စက်ချွတ်ယွင်းကာ ပိတ်ဆို့မှုမဖြစ်စေရန် တံတား၏ တစ်ဖက်တစ်ချက်စီ ဖြစ်သော သာကေတဘက်ခြမ်းနှင့် သန်လျင်ဘက်ခြမ်းတို့တွင် ယာဉ်ချိတ်ဆွဲနိုင်သည့် ကရိန်းယာဉ်တစ်စီးစီကို ထားရှိပေးသွားမည်ဖြစ်သည်။

**ထက်ခိုင်(စမ်းချောင်း)**





2015 cEp &eue|r|awm0e r[mo|uer@yü a&upm;|urn trsm;jynorsm; aysm&ipm a&yuupm;qiE|uapa&;twu a&yur@yü a&t|u|pr;oyaqmi&uaeonu {|y 10 &u naeyi;uaw&p0/

"mwy - p;0i;(MLA)

# ထားဝယ်သင်္ကြန် သုံးရက်စောရေကစား

**ထားဝယ် မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့် ပတ်သက်၍ တစ်မူထူးခြားနေသည်ကို တွေ့ရှိရသည်။ သာမန်အားဖြင့် နှစ်သစ် ကူးရေကစားမှုကို တစ်နိုင်ငံလုံးအနေဖြင့် နှစ်စဉ်သင်္ကြန် အကြိုနေ့ (မေ ၁၃ ရက်)မှစတင်၍ ရေပက်ခြင်း၊ ရေပက်ခံထွက်ခြင်းများရှိကြသော်လည်း ထူးခြားမှုမှာ ထားဝယ်မြို့၌ ကလေးသင်္ကြန်ဟူ၍ မေ ၁၁ ရက် နံနက်ပိုင်းမှစတင် ရေကစားကြသည်။ ကလေးများ၊ လူငယ်များ ပျော်ရွှင်စွာဖြင့် ရေပက်ကစားခြင်းကို ထားဝယ်ရိုးရာ ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် သုံးရက်စော၍ ပျော်ရွှင်အေးချမ်းစွာ ရေကစားကြသည်မှာ အစဉ်အလာဖြစ်ကြောင်း သိရသည်။

**(ကျော်ကျော်လတ်)**



# မုဒုံသင်္ကြန် စည်ကားစွာကျင်းပမည်

**မုဒုံ မေ ၁၁**

မွန်ပြည်နယ် မုဒုံမြို့၌ကျင်းပမည့် ၁၃၇၆ - ၁၃၇၇ ခုနှစ် နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို မြို့ခံနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး၊ သင်္ကြန်နှင့် ဆက်နွှယ်သည့် အခြားသောမှုခင်းကြီး/ငယ်များ မဖြစ်ပွားရေးတို့အတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ဌာနဆိုင်ရာများနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများပါဝင်သောအဖွဲ့က ကြိုတင်စီမံထားပြီးဖြစ်သည်။

ယခုနှစ် မုဒုံသင်္ကြန်တွင် မင်းတန်းရပ် ဗိုလ်ချုပ်လမ်းမရှိ မြို့နယ်ဖျော်ဖြေရေးဗဟိုမဏ္ဍပ်နှင့် မွန်ရိုးရာဖျော်ဖြေရေးမဏ္ဍပ်တို့၌ သင်္ကြန်ပွဲတော်လာပြည်သူများကို တေးသံသာများ၊ မွန်ရိုးရာယဉ်ကျေးမှုအကများဖြင့် ဧည့်ခံဖျော်ဖြေ ရေကစားကြမည်ဖြစ်သည်။

**ကိုချစ် (မုဒုံ)**

# သင်္ကြန်ကာလ မှုခင်းကျဆင်းရေး ဟောပြော

**နေပြည်တော် မေ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်ဘူတာ၌ မေ ၁၀ ရက် ညနေ ၃ နာရီက အမှတ်(၈)အစုန် နေပြည်တော်-ရန်ကုန် ရထားစီးမည့်ခရီးသည်များအား မဟာသင်္ကြန်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ရထားများပေါ်တွင် ခိုး၊ ဆိုး၊ နှိုက်မှုများ ကင်းရှင်းစေရေးအတွက် ရထားရဲတပ်ဖွဲ့ အမှတ်(၉)တပ်ခွဲ နေပြည်တော်မှ တပ်ခွဲမှူး ဒုရဲမှူးခိုင်မြင့်က အသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# နွေရာသီ မြန်မာ့ရိုးရာခြင်းလုံး အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**သထုံ မေ ၁၁**

မျိုးဆက်သစ်လူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ရိုးရာအားကစား နည်းပညာရပ်များကို ရေရှည်ချစ်မြတ်နိုး ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်ကာ နွေရာသီကျောင်းပိတ်ရက်အတွင်း မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှဦးစီး၍ သထုံမြို့နယ် အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူးကာ မြို့နယ်ခြင်းလုံးဆပ်ကော်မတီမှ ဖွင့်လှစ်ခဲ့သည့် မြန်မာ့ရိုးရာခြင်းလုံးအခြေခံသင်တန်း (၁/၂၀၁၅) သင်တန်းဆင်းပွဲနှင့် ခြင်းအလှခတ်သရုပ်ပြစွမ်းရည်ပြပွဲကို မေ ၁၀ ရက်က သထုံခရိုင် အားကစားကွင်းအနီးရှိ မြို့နယ်ခြင်းလုံးအားကစားရုံတွင် ပြုလုပ်ခဲ့သည်။



အဆိုပါ သင်တန်းကို မတ် ၁၈ရက်မှ စတင်ကာ တစ်လနီးပါးခန့် သင်တန်းသား ၁၆ ဦးနှင့် သင်တန်းသူတစ်ဦး စုစုပေါင်း လူငယ် ၁၇ ဦးတို့ကို မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ ကြီးကြပ်သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းပွဲတွင် ယင်းလူငယ်များက တစ်ဦးချင်းနှင့်အဖွဲ့အလိုက် ရိုးရာခြင်းအလှပညာရပ်များကို စွမ်းရည်ပြသခဲ့ကြကြောင်း သိရသည်။

ယခုကဲ့သို့ မြန်မာ့ရိုးရာခြင်းလုံးခတ် အခြေခံနည်းစနစ်များအား မျိုးဆက်သစ်လူငယ်လူရွယ်များကို သင်ကြားလေ့ကျင့်ပေးခြင်းအားဖြင့် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းပြီး သမိုင်းအစဉ်အလာကြီးမားသော မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ပိုမိုမြတ်နိုး တန်ဖိုးထားတတ်လာမည်ဖြစ်သည်။

မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းသည် ညင်သာသည့် ခြေခတ်ပညာမျိုးစုံဖြင့် အနုပညာဆန်သော ကစားနည်းတစ်ခုဖြစ်ပြီး ကျား/မ မရွေး၊ လူကြီးလူငယ်မရွေး ကစားနိုင်သည့် ကစားနည်းဖြစ်သည်။ ခြင်းခတ်ကစားနည်းသည် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်အပေးအယူ မျှတမှုနှင့် စုစည်းညီညွတ်စွာဖြင့် စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများကိုလည်း ရရှိစေသည်။

မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းကို ယခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိထားသကဲ့သို့ ၂၀၁၇ ခုနှစ်တွင် မလေးရှားနိုင်ငံတွင် (၂၉)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရန် သဘောတူညီမှုရရှိထားသည်။ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အနေဖြင့်လည်း မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းကို အာရှအဆင့်မှ နိုင်ငံတကာအဆင့်ထိ ရောက်ရှိအောင် ကြိုးပမ်းလျက်ရှိပြီး ရွက်ပုန်းသီးမျိုးဆက်သစ်များ ပေါ်ထွန်းလာရန်အတွက် ဒေသအသီးသီးမှ လူငယ်များအား ခြင်းလုံးသင်တန်း သင်ကြားပေးလျက်ရှိသည်။

**သက်ဦး(သထုံ)**

## အောင်ပန်းမြို့ ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ လှူဒါန်း

**အောင်ပန်း မေ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အောင်ပန်းမြို့ ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မေ ၉ ရက်တွင် အောင်ပန်းပြည်သူ့အားကစားကွင်း၌ ငွေကျပ်သိန်း ၅၀နှင့် ဘောလုံးအလုံး ၁၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်ပန်းမြို့ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် ရှမ်းပြည်နယ်ဘောလုံးလက်ရွေးစင်(ဟောင်း) အောင်ပန်းဘောလုံးအားကစားသမားများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံရုပ်ရှင်အစည်းရုံးဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ လူမင်း၊ သရုပ်ဆောင်အကယ်ဒမီ လွင်မိုး၊ သရုပ်ဆောင်အကယ်ဒမီ ပြေတီဦး တို့က ပေးအပ်လှူဒါန်းခဲ့ကြသည်။

**(ဇော်သိန်းရည်)**



## နိုင်ငံအသင်းထက် ကလပ်မှာ မက်ဆီ ပိုမိုခြေစွမ်းပြပြဟု ပီလီဝေဖန်

အာဂျင်တီးနားအသင်း ခေါင်းဆောင် မက်ဆီအနေဖြင့် ဘာစီလိုနာတွင် အောင်မြင်မှုအလီလီရရှိထားသော်လည်း အာဂျင်တီးနား၌ ထိုကဲ့သို့သော ခြေစွမ်းမျိုးဖြင့် ပေးဆပ်ကစားနိုင်ခြင်းမရှိဟု ပီလီက ဝေဖန်ခဲ့သည်။

လေးကြိမ်မြောက် ဘလွန်ဒီအောဆုရှင် မက်ဆီသည် ဘာစီလိုနာအတွက် ချန်ပီယံလိဂ်ဖလား သုံးကြိမ်၊ လာလီဂါဖလား ခြောက်ကြိမ် ဆွတ်ခူးထားပြီး အခြားဆုဖလားပေါင်းများစွာ ရယူထားနိုင်ခဲ့သည်။

မက်ဆီသည် ၂၀၀၅ ခုနှစ် ဖီဖာကမ္ဘာ့လူငယ်ချန်ပီယံရှစ်မှ ပေါ်ထွက်လာသော ကစားသမားဖြစ်ကာ ၂၀၀၈ အိုလံပစ်ချန်ပီယံ၊ ၂၀၀၇ ကိုပါအမေရိကဖလားဗိုလ်လုပွဲနှင့် ၂၀၁၄ ကမ္ဘာ့ဖလား ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သူဖြစ်သည်။

ပီလီက "မက်ဆီက ဘာစီလိုနာမှာဆိုရင် အရမ်းကောင်းအောင်ကစားပေးနိုင်တယ်။ ဒါပေမယ့် အာဂျင်တီးနားမှာတော့ ဒီအခြေအနေနဲ့ လုံးဝမတူပါဘူး။ နေမာကလည်း ဘရာဇီးအတွက်ဆို ဒီလိုမျိုးပါပဲ။ ဒီအချိန်မှာ ကစားသမားတွေက နိုင်ငံအသင်းထက် ကလပ်အတွက် ပိုမိုခြေစွမ်းပြဖို့ ကြိုးစားကြတယ်။ ကျွန်တော်တို့ခေတ်နဲ့ ဒီခေတ် လုံးဝကွာခြားသွားပါတယ်"ဟု ဆိုသည်။

မက်ဆီသည် တောင်အမေရိက၏ အထွန်းတောက်ဆုံးကြယ်ပွင့်ဖြစ်ကာ အာဂျင်တီးနားအသင်းနှင့် အတူ အမြင့်ဆုံးအဆင့်အဖြစ် ၂၀၁၄ ကမ္ဘာ့ဖလားတွင် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည်။

## အာဆင်နယ်အသင်း၏ကမ်းလှမ်းမှုကို နှစ်ကြိမ်တိုင်ပယ်ချခဲ့ဟု ဂျူအန်ဖရန်ဆို

အက်သလက်တီကို နောက်ခံလူ ဂျူအန်ဖရန်က ၎င်းအား အာဆင်နယ်က ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း နှစ်ကြိမ်တိုင်ပယ်ချခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ အသက် (၃၀) အရွယ်ရှိ အဆိုပါ ကစားသမားက ဒီယေဂို ကော်စတာ မရှိတော့သော်လည်း အက်သလက်၏ တိုက်စစ်မှာ အားနည်းသွားမှုမရှိဘဲ ဂရစ်ဇ်မန်း၊ တောရက်စ်၊ မန်ဇူကစ်တို့ဖြင့် ဆက်လက်တောင့်တင်းနေဆဲပင်ဖြစ်သည်ဟု ဆိုသည်။

၎င်းကစားသမားအား အစောပိုင်းက ဆက်ဂနာနေရာအစားထိုးရန် ကြိုးပမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က အာဆင်နယ်သို့ ပြောင်းရွှေ့ရန် ငြင်းပယ်ခဲ့ခြင်းဖြစ်၍ နယူးကာဆယ်မှ ဒီဘူချီအား ယူရို ၁၆ သန်းဖြင့် ခေါ်ယူခဲ့ရသည်။

ဂျူအန်ဖရန်က ရေဒီယိုမာကာသို့ ပြောကြားခဲ့ရာတွင် "ကျွန်တော်ဘယ်နေရာမှာ နေရမလဲဆိုတာ ကောင်းကောင်း သိပါတယ်။ အာဆင်နယ်က နှစ်ကြိမ်တိုင်ကမ်းလှမ်းမှုကို လက်ခံရရှိခဲ့ပေမယ့် ကျွန်တော် ပယ်ချခဲ့ပါတယ်။ ကျွန်တော်တို့အသင်း မနှစ်ကထက် ပိုကောင်းလာပါတယ်။ ဘာစီလိုနာနဲ့ ရီးယဲလ်က အက်သလက်ထက်ပိုပြီး ဂိုးသွင်းနိုင်ပေမယ့် ဘိုင်ယန်လိုမျိုးစွမ်းဆောင်တဲ့ ရှားရှားပါးပါးအသင်းတွေထဲမှာလည်း ပါဝင်လာခဲ့တယ်"ဟု ဆိုသည်။

ဂျူအန်ဖရန်သည် အိုဆာစူနာ၌ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဝင်ရောက်ကစားခဲ့ကာ ၂၀၁၁ တွင် အက်သလက်တီကိုသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူ ဖြစ်သည်။ အဆိုပါကစားသမားသည် ရီးယဲလ်မက်ဒရစ်လူငယ်အသင်းမှ ပေါ်ထွက်လာခဲ့သူဖြစ်သော်လည်း အိုဆာစူနာသို့ အပြီးသတ် မပြောင်းရွှေ့မီ အက်စပန်ညိုသို့ အငှားဖြင့် သွားရောက်ကစားခဲ့သေးသည်။

**မေလဲ့သင်း**

## ပရီမီယာလိဂ်ရင်ခုန်သံ- ၃၂

**လာမယ့် မေ ၁၁၊ ၁၂၊ ၁၄ ရက်နေ့တွေမှာ ပရီမီယာလိဂ်ပွဲစဉ်(၃၂)ကို ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မန်ယူနဲ့ မန်စီးတီးဆုံတွေ့တဲ့ပွဲစဉ်ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းသလို လီဗာပူးအသင်းရဲ့ ဥရောပဝင်ခွင့်အတွက် အားစိုက်ကစားလာမှုကြောင့် အကြိတ်အနယ်ရှိပါလိမ့်မယ်။**

**ကျူပီအာ - ချယ်ဆီး** — ည ၇း၀၀ (၁၂-၄-၁၅)

အခုနောက်ပိုင်းပွဲစဉ်တွေမှာ ချယ်ဆီးကစားပုံ အနည်းငယ်အားနည်းလာတယ်။ စတုတ်နဲ့ ဟားလ်တို့ကို ခက်ခက်ခဲခဲအနိုင်ယူခဲ့ရပြီး ဆောက်သမ်တန်နဲ့လည်း သရေကျခဲ့တယ်။ ကျူပီအာကတော့ တန်းမဆင်းရရေးအတွက် အိမ်ကွင်းမှာ အတတ်နိုင်ဆုံးခံကစားမှာသေချာပါတယ်။ ချယ်ဆီး အနိုင်မပြတ်သားနိုင်ဘူး။

**မန်ယူ - မန်စီးတီး** — ည ၉း၃၀ (၁၂-၄-၁၅)

အခုနောက်ပိုင်းမှာ မန်ယူရဲ့ခြေစွမ်းအတော်ကောင်းနေတယ်။ ဟာရီယာ၊ မာတာ၊ ဖယ်လိုင်နီ၊ ရွန်းနီ၊ ကာရစ်တို့ ခြေစွမ်းပြနေတဲ့အတွက် ကွင်းလယ်နဲ့ တိုက်စစ်စွမ်းဆောင်ရည်ကောင်းမွန်နေတာကို တွေ့ရတယ်။ မန်စီးတီးကတော့ အခုနောက်ပိုင်း ခြေမတည်ငြိမ်ဘူး။ အိမ်ကွင်းမှာ မန်ယူ အနိုင်မဆုံးသရေပါ။

**လီဗာပူး - ကာဆယ်** — နံနက် ၁း၃၀ (၁၄-၄-၁၅)

ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ ခက်ခဲသွားတဲ့အပြင် ဥရောပဝင်ခွင့်ရရှိဖို့ပါ စိန်ခေါ်မှုတွေနဲ့ရင်ဆိုင်နေရတဲ့ လီဗာပူးအသင်းဟာ ထပ်မံအမှားခံမှာ မဟုတ်တော့ဘူး။ အိမ်ကွင်းလည်းဖြစ်လို့ တိုက်စစ်ဖွင့်ကစားမှာဖြစ်တဲ့အပြင် နယူးကာဆယ်ရဲ့ခြေစွမ်းကလည်း အားနည်းမှုတွေများနေတာကြောင့် ဒီပွဲမှာ လီဗာပူးနိုင်ပွဲပြန်ရမှာပါ။

**(ရှိုင်းမင်းမင်း)**

## ဟာဇက်မှာ တစ်ကောင်တည်းပြေးသည့်မြင်းဟု မော်ရင်ဟိုဆို

ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက်သည် ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံးဆုရရှိရန်အတွက် ရေပန်းစားနေပြီး ဟာဇက်၏ စွမ်းဆောင်ရည်ကောင်းမွန်မှုကြောင့် ပြိုင်ဘက်မရှိဘဲ တစ်ကောင်တည်းပြေးသည့်မြင်းဟုပင် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက ထုတ်ဖော်ချီးကျူးလိုက်သည်။

ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်သည် ယခုနှစ်ရာသီတွင် ထူးချွန်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့ချုပ် (ပီအက်ဖ်အေ)က ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံးဆုနှင့် အားကစားကလောင်ရှင်များကပေးသည့် တစ်နှစ်တာအကောင်းဆုံးဆုကိုပါ ရယူနိုင်လိမ့်မည်ဖြစ်ကြောင်း ထင်ကြေးပေးခံထားရသူဖြစ်သည်။

ဘယ်လ်ဂျီယံကြယ်ပွင့် အေဒင်ဟာဇက်သည် တစ်နှစ်တာအကောင်းဆုံးဆုရရှိရန် စပါးတိုက်စစ်မှူးဟယ်ရီကိန်းနှင့်အပြိုင် ရေပန်းစားနေသော်လည်း ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုကမူ တိုက်စစ်မှူးဟာဇက်ထက် မည်သည့်ကစားသမားမှ ထိပ်ဆုံးတွင်ရှိမနေနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ဩဂုတ်လကတည်းက ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ပြီး လက်ရှိ ပွဲစဉ်(၃၂)မကစားမီတွင်လည်း အမှတ်ပေးဇယားဒုတိယနေရာမှ အာဆင်နယ်အသင်းကို ခုနစ်မှတ်ဖြတ်ကာ ဦးဆောင်ထားနိုင်ဆဲဖြစ်ကြောင်းလည်း မော်ရင်ဟိုကဆိုသည်။

တိုက်စစ်မှူး ဟာဇက်သည် လက်ရှိပရီမီယာလိဂ်တွင် အကောင်းဆုံးကစားသမားဖြစ်သည်နှင့်အညီ ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် ဟာဇက်မှလွဲ၍ ရွေးချယ်စရာမရှိနိုင်ကြောင်း မော်ရင်ဟိုက ၎င်း၏ ယုံကြည်ချက်ကို ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်၌ သွင်းဂိုး ၂၉ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့ပြီး လီဗာပူးတိုက်စစ်မှူး ကော်တင်ဟိုသည်လည်း ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးဆုရရှိရန် ဟာဇက်နှင့်အပြိုင် ရေပန်းစားနေသော ကစားသမားဖြစ်သည်။

**(ငွေကြယ်)**


## ကရင်ပြည်နယ်လွှတ်တော်

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ကရင်ပြည်နယ်လွှတ်တော်ရုံး တည်ဆောက်ရန် ဆောက်လုပ်ရေးကုမ္ပဏီများအား တင်ဒါခေါ်ယူအပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် ၂၂-၄-၂၀၁၅
၃။ တင်ဒါပိတ်မည့်ရက် ၈-၅-၂၀၁၅
၄။ အထက်ပါ လုပ်ငန်းနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား အောက်ဖော်ပြပါနေရာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကရင်ပြည်နယ်လွှတ်တော်ရုံး**
**ဖုန်း-၀၅၈-၂၁၁၅၂၊ ၀၅၈-၂၃၂၁၆၊ ၀၉-၄၉၃၄၀၅၂၈**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ် အခြေခံပညာဦးစီးဌာနအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ် အသီးသီးမှ အခြေခံပညာကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်း ရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (၁) ဘားအံမြို့နယ် | (၆၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၅)ကျောင်း |
| | (၉၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၅)ကျောင်း |
| | (၁၃၀ပေ×၃၀ပေ) | R.C.C နှစ်ထပ် | (၁)ကျောင်း |
| (၂) လှိုင်းဘွဲ့မြို့နယ် | (၆၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၄)ကျောင်း |
| | (၉၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၁)ကျောင်း |
| | (၁၂၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၉)ကျောင်း |
| | (၁၀၀ပေ×၃၀ပေ) | R.C.C နှစ်ထပ် | (၁)ကျောင်း |
| | (၁၃၀ပေ×၃၀ပေ) | R.C.C နှစ်ထပ် | (၄)ကျောင်း |
| (၃) ဖာပွန်မြို့နယ် | (၆၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၄)ကျောင်း |
| | (၉၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၁)ကျောင်း |
| (၄) သံတောင်မြို့နယ် | (၆၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၁၆)ကျောင်း |
| | (၉၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၁)ကျောင်း |
| (၅) ကော့ကရိတ်မြို့နယ် | (၆၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၆)ကျောင်း |
| | (၉၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၄)ကျောင်း |
| (၆) ကြာအင်းဆိပ်ကြီး | (၆၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၂)ကျောင်း |
| | (၉၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၈)ကျောင်း |
| | (၁၂၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၁)ကျောင်း |
| (၇) မြဝတီမြို့နယ် | (၆၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၁)ကျောင်း |
| | (၁၂၀ပေ×၃၀ပေ) | Steel Structure တစ်ထပ် | (၈)ကျောင်း |
| | (၁၃၀ပေ×၃၀ပေ) | R.C.C နှစ်ထပ် | (၁)ကျောင်း |
| | | စုစုပေါင်း | (၈၃)ကျောင်း |

၂။ သို့ပါ၍ စိတ်ဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့်ပတ်သက်ပြီး ဆောက်လုပ်ရမည့် ပုံစံနှင့် အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ကရင်ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ ဘားအံမြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံ စတင်ရောင်းမည့်ရက် - (၉-၄-၂၀၁၅)ရက်
တင်ဒါပုံစံရောင်းချမှု နောက်ဆုံးရက် - (၃၀-၄-၂၀၁၅) ရက်၊ ၁၆း၀၀ နာရီ

၄။ အသေးစိတ်သိလိုသော အချက်အလက်များအား တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ ဖုန်း ၀၅၈-၂၃၂၂၈ သို့လည်းကောင်း၊ ကရင်ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး ဖုန်း ၀၅၈-၂၁၁၃၃၊ ၀၅၈-၂၁၄၅၅ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ**

# မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

တမူးမြို့နေ
(ဦးစိုးအောင်)-ဒေါ်အေးအေးမြင့်(စိုးအောင်-ဆေးဆိုင်၊ တမူး)တို့၏သားကြီး
**ဗိုလ်ကြီး နိုင်ထူးအောင်**
M.B.,B.S(D.S.M.A)
နှင့်
ပုသိမ်မြို့နေ အနောက်တောင်တိုင်းစစ်ဌာနချုပ်
တိုင်းမှူး ဗိုလ်ချုပ်လှူအေး-ဒေါ်ခင်လှညွန့်တို့၏သမီးကြီး
**မခင်နွာညိုအေး**
(B.Agr.Sc)

တို့၏၁၀-၄-၂၀၁၅(သောကြာနေ့)တွင် ရန်ကုန်မြို့၊ Sedona Hotel (Grand Ball Room) မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတို့တွင် မင်္ဂလာ အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေးတို့ အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်ချုပ်ငွေးဦး(ငြိမ်း)နှင့် ဇနီးဒေါ်နီနီဝင်းတို့အားလည်း ကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ လက်ထောက် တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်ခင်နှင်းယုအားလည်းကောင်း၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါ သော ဗိုလ်မှူးချုပ်မျိုးဇော်သိန်းနှင့်ဇနီး ဒေါ်ရွှေဝါတင်အုံး တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ လူကိုယ် တိုင်မကြွရောက်နိုင်ပါသော်လည်း မေတ္တာဖြင့် လက်ဖွဲ့ပစ္စည်းများပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)နှင့်ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးခဲ့ပါသော ဗိုလ်ချုပ်သန်းတင်(ငြိမ်း)နှင့်ဇနီးဒေါ်ခင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း)နှင့် ဇနီး ဒေါ်မာလာတင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်၊ ဗိုလ်ချုပ်တင်စိုး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မိမိလေး၊ မိဘဆရာသမား၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အားလည်း ကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးခြင်းမပြုနိုင်ပါသော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ ချီးမြှင့်ပေးပါသော မိဘဆရာသမား၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်း ကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မခင်ဝတ်မှုန်အေး၊ မင်္ဂလာအောင် စံပယ်ပန်းကလပ် ကိုင်ဆောင်ပေးပါသော မသက်ထားရွှေစင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးပါသော မမေမြတ်ကျော်၊ သတို့သားအရံ ဗိုလ်ကြီးဇော်ဖြိုးနှင့် ဗိုလ်ကြီးလွင်ဦးမောင်၊ သတို့သမီးအရံ မသဥ္ဇာအောင်နှင့် မဝါဝါအောင်၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေး ပါသော ဗိုလ်ချုပ်ဈေး SHWE YATI Diamond and Jewellery Shop မှ ဦးအောင်ဇေယျနှင့်ဇနီး ဒေါ်တင် သင်းသင်းသန်း(ခ)ထွေးထွေးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော ဒေါ်သီသီနွဲ့(K.T.M သောက်ရေသန့်)၊ ဒေါ်သီတာတင်(ပါရမီရှင် သက်န်းတိုက်)၊ ဒေါ်မော်မော်ခိုင်နှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူး ဥပကာရ အထူးတင်ရှိပါကြောင်းနှင့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ဖိတ်ကြားရန်အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိသွားပါသော မိဘဆရာသမား၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် မေတ္တာ ရပ်ခံအပ်ပါသည်။

**နှစ်ဖက်မိဘများနှင့်**
**ဗိုလ်ကြီးနိုင်ထူးအောင်-မခင်နွာညိုအေး**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်မူကြမ်း (Nationwide Ceasefire Agreement-NCA) ကို ၂၀၁၅ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးအား အထူးအရေးပါသည့် ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည် အလင်းတန်းများပေါ်ထွက်လာအောင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့ကိုလည်း Ayeyarwady Foundation မှ ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း။

AYEYARWADY FOUNDATION

**မြန်မာ့ရုပ်မြင်သံကြား**
**Entertainment Channel**

၁၂-၄-၂၀၁၅ (တနင်္ဂနွေနေ့)

၆း၀၀ အဖွင့်
-အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတ အဖွဲ့ဖျော်ဖြေမှုအစီအစဉ် (အပိုင်း-၁၃)
၆း၂၀ ခါသကြ်နအဆို၊ အကများ
၆း၃၅ ပြည်သူ့နီတိ "သားရဲကောင်သို့ချဉ်းကပ်ခြင်း"
၆း၄၅ ခါသကြ်နအဆိုအကများ
၇း၀၀ "လေခွန်"
၇း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "နေခါးခါး" (အောင်ရဲလင်း၊ မိုးဟေကို) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၈း၄၀ ဆိုကြမယ်၊ ပျော်ကြမယ်
၉း၃၅ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) "ဖလန်းဖလန်း ဖြစ်တဲ့အချစ်" (ရန်အောင်၊ နေတိုး၊ မို့မို့မြင့်အောင်၊ အိန္ဒြာကျော်ဇင်၊ မေသဥ္ဇာဦး၊ ချစ်စနိုးဦး) (ဒါရိုက်တာ-ညီညီထွန်းလွင်)
၁၂း၀၀ အစီအစဉ်ပြီး၏။
တစ်နေ့ (၆)နာရီစာ (၄)ကြိမ်ပြသပါမည်

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉။)**
**၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်**
**(၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)**

နိဒါန်း

နိုင်ငံတော်၏ စီးပွားရေး မူဝါဒ(၄)ရပ် ဖြစ်သော နိုင်ငံတော်တွင် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု တစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေး နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအင်းကိန်းဂဏန်းတိကျမှန်ကန်ရေး စသည်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးနှင့် ဆင်းရဲမှု လျော့နည်းလာစေရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်ထိရောက်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေးစသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး မျှော်မှန်းချက်များကို ဖော်ပြပါ စီးပွားရေး မူဝါဒများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ၂၀၁၅ ခုနှစ် ဧပြီလ(၁)ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပထမငါးနှစ် စီမံကိန်း၏ နောက်ဆုံးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက် ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စု အစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုငါးနှစ်စီမံကိန်းများနှင့် အဆိုပါ စီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ အမျိုးသား စီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ခေတ်မီ စိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်း ဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေး ကော်မတီများကို ဆိုသည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၉.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၂.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၈.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၀.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၂.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၉.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၁.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၄၆.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂၆.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၈.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၆.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းများအရ -

(၁) ကချင်ပြည်နယ်တွင် ၅.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၉.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၁၁.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၄.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၀.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၁၀.၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၁၀.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၉.၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၁၀.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၈.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၇.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၁၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၄.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၄.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၈.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက် ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစား ကို ၂၈.၆ ရာခိုင်နှုန်းမှ ၂၇.၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၅.၀ ရာခိုင်နှုန်းမှ ၃၅.၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၆.၄ ရာခိုင်နှုန်းမှ ၃၇.၁ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၅၁,၄၄၈.၄ ဘီလီယံ ဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင် အခန်းမှ အချိုးအစားအားဖြင့် ၂၅.၆ ရာခိုင်နှုန်း၊ သမဝါယမပိုင် အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင် အခန်းမှ အချိုးအစားအားဖြင့် ၇၄.၄ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၃,၁၅၈.၀ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ်၁၇,၃၄၀.၀ ဘီလီယံ တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(Per capita GDP ) မှ နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၂၈၁,၁၀၅ မှ ကျပ် ၁,၄၀၃,၉၇၈ သို့ ဖြစ်ပေါ်လာရန်၊ (၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရွှေ့ပြောင်းလူဦးရေစာရင်းအရ)

## အခန်း(၃)
## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)၊(၂)၊ (၃)၊(၄)၊(၅)၊(၆)နှင့်(၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီးပွားရေး စီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရ ရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူ ခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စာမျက်နှာ ၁၆ သို့**



ပြည်တွင်းရေးရာ



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသ ခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယခင်အပတ်မှအဆက်**

ကျွန်တော်က မာလကာပင်ပေါ်မှ မဆင်းခင် ခိုင်သည် တစ်စုံတစ်ရာကို စိတ်ဝင်စားဖွယ်တွေ့ရသဖြင့် အော်သည်။

" ဟာ . . . ဟာ . . . ဟိုမှာ ရေကန်လေး၊ အမယ် ဖောင်ကလေးလည်း ရှိတယ်ဟေ့၊ လာဟေ့ ငြိမ်းမောင် သွားကြရအောင် . . . " ခိုင်နှင့် ငြိမ်းမောင်သည် ရေကန်ဆီသို့ ပြေးသွားကြ၏။

ကျွန်တော်က မာလကာပင်ပေါ်မှ လှမ်းအော်ရသည်။

" ခိုင် . . . အဲဒီမှာ သွားမဆော့နဲ့၊ ဘာမှတ်လို့လဲ၊ ရေနက်တယ် "

ကျွန်တော် အော်သည်မှာ အချည်းနှီးဖြစ်၏။ ခိုင်နှင့် ငြိမ်းမောင်တို့သည် ရေကန်သို့ရောက်သွားသည်။ ရေကန်မှာ ရေကန်ဆိုသော်လည်း မြေရေတွင်း အကြီးစားကြီးသာ ဖြစ်သည်။ အတော်လေးမူ ကျယ်ဝန်းသည်။ ရေကန်အစပ်၌ ဝါးပိုးဝါးလုံးများကို ပူးချည်ထားသော ဖောင်ကလေးတစ်ခုရှိသည်။ ဖောင်ကလေးကို ရေစပ်၌ ထိုးစိုက်ထားသော ဝါးလုံးရှည်တစ်ခု၌ ကြိုးဖြင့် ချည်ထားသည်။ ဦးထွန်းမောင်ကြီးသည် ဤဖောင်ကလေးပေါ်တက်၍ ထိုးဝါးဖြင့် ထိုးပြီး သွားလိုရာ သွားလျက် ရေကန်အတွင်းရှိ မှော်များ၊ ရေညှိများဖယ်ရှင်းသည်အား ကျွန်တော် တွေ့ဖူးသည်။

ခိုင်နှင့် ငြိမ်းမောင်သည် ဖောင်လေးပေါ်သို့ ရောက်သွားသည်။

" ခိုင် . . . ရေထဲလိမ့်ကျလိမ့်မယ်၊ မောင် လူကြီးတွေ အော်တိုင်လိုက်ရမလား "

ကျွန်တော်သည် အော်ရင်း မာလကာပင်ပေါ်မှ ဆင်းခဲ့သည်။

ခိုင်က မမှုဘဲ ဖောင်ကြိုးကို ဖြေသည်။ ငြိမ်းမောင်က ထိုးဝါးကို နုတ်ကာ ထိုး၍ ရေစပ်မှခွာသည်။

ကျွန်တော် ကန်စပ်သို့ရောက်သောအခါ သူတို့နှစ်ဦးမှာ ကန်လယ်သို့ ရောက်နေပြီဖြစ်သည်။

ခိုင်သည် လက်ခုပ်လက်ဝါးတီးကာ ရယ်မောရင်း ကျွန်တော့်ကို လှမ်းစသည်။

"ရှက်ပါတယ်ဟေ့ . . . ရှက်ပါတယ်၊ မောင်တစ်ယောက်တည်း ကျန်နေရစ်ပြီ " ကျွန်တော်က စိတ်ဆိုးသဖြင့် လှမ်းအော်ပြောသည်။

" အေး . . . အေး . . . ပျော်နေကြ၊ တော်ကြာ မျှော့တွယ်မှ မငိုကြနဲ့ "

အမှန်ပင် ဤကန်ထဲ၌ မျှော့ပေါသည်။ အချို့မျှော့ကြီးများမှာ ကျွဲမျှော့ဟုခေါ်၍ သွေးမဝခင်ကပင် လက်မလောက်ရှိသည်။ ကျွန်တော့်စကားပင် မဆုံးလိုက်။ ခိုင် သည် သူ့ခြေထောက် သူပြန်ငုံ့ကြည့်ကာ အလန့်တကြားအော်သည်။

"အမလေး . . . မျှော့ကြီး . . . မျှော့ကြီး . . "

ခိုင် တကယ်ပင် မျှော့အတွယ်ခံရသည်။ ခိုင်က အော်ငိုသဖြင့် ကျွန်တော်က လှမ်း၍အကြံပေးရသည်။

"မကြောက်နဲ့ ခိုင်၊ လက်ဝါးကို တံတွေးဆွတ်ပြီး ဆွဲခွာပစ် "

ခိုင်က ငိုရင်းတန်းလန်းဖြင့် ပြန်ဖြေသည်။

" ဟင့်အင်း . . . ကြောက်တယ်၊ မကိုင်ရဲဘူး "

ကျွန်တော်က ငြိမ်းမောင်ကို လှမ်းအမိန့်ပေးရသည်။

" ငြိမ်းမောင် . . . တံတွေးဆွတ်ပြီး ခွာပေးလိုက်ပါကွ"

သို့ရာတွင် သတ္တိခဲလေး ငြိမ်းမောင်ခမျာ ခိုင့်ကို တွယ်နေသော မျှော့အား ခွာပေးရဲရန် ဝေးစွ၊ သူပါ ထိတ်လန့်တကြား အော်သည်။

"အမလေးဗျ . . . မျှော့ကြီး ငါ့လည်းတွယ်ပြီ "

ငြိမ်းမောင်သည် ကြောက်အားလန့်အားဖြင့် ထိုးဝါးကို လွှတ်ပစ်လိုက်သည်။

ဖောင်ငယ်သည် ရေလယ်တွင် ပတ်ချာလည်နေသည်။ ဖောင်ထက်တွင် ခိုင်နှင့် ငြိမ်းမောင်သည်

ကလေးပေါက်စကလေးများသဖွယ် အော်ငိုနေကြသည်။

ဘာလုပ်ရမှန်းမသိသော ကျွန်တော်က ကန်ကို ပတ်ပတ်လည်လှည့်ပြေးနေမိသည်။ ထို့နောက် အကြံရကာ . . . " မကြောက်နဲ့ ခိုင် . . . မောင်လာပြီ "ဟု အော်ရင်း ရေကန်တွင်းသို့ ခုန်ချသည်။

ကျွန်တော်သည် ရေလည်းကောင်းစွာ မကူးတတ်သေး။ ခွေးကူး ကူးရုံမျှသာ တတ်သေးသည်။

ကျွန်တော်က ဖောင်ဆီသို့ ကူးသွားသည်။ သို့ရာတွင် ဖောင်ဆီသို့ မရောက်။ ရေလယ်၌သာ ဘုံဘင် ဘုံဘင်နှင့် ရှေ့မတိုး၊ နောက်မဆုတ် တန့်ခံနေသည်။

ကျွန်တော့်ဒုက္ခကို မြင်သောအခါ ခိုင်သည် သူ့ဒုက္ခကို မေ့သွားဟန် အော်၏။

"မောင် ရေနစ်နေပြီ၊ မောင် ရေနစ်နေပြီ၊ ငြိမ်းမောင် သွားဆယ်ပါ"

ကျွန်တော်က ကျွန်တော် ရေမနစ်ကြောင်း လှမ်းပြောချင်သည်။ သို့ရာတွင် ပြော၍မရ။

ခိုင်ကသာ ဆက်အော်သည်။

"မောင် ရေနစ်နေပြီ . . . သွားပါဟ ငြိမ်းမောင်"

ငြိမ်းမောင်သည် သနားစရာ မျက်လုံးပြူးလေးဖြင့် ကျွန်တော့်ကို တစ်လှည့်၊ ခိုင့်ကို တစ်လှည့်ကြည့်နေရှာသည်။

"သွားပါဆို ဘာလုပ်နေတာလဲ . . . မောင် ရေနစ်နေပြီ"

ပြောပြောဆိုဆိုဖြင့် ခိုင်သည် ငြိမ်းမောင်ကို ရေထဲတွန်းချလိုက်သည်။ ငြိမ်းမောင်သည် ခဲလုံးကိုပစ်ချလိုက်သည့်ပမာ ရေထဲသို့ ကျလာသည်။ ရေအောက်နစ်သွားရာမှ တော်တော်နှင့် ပြန်ပေါ်မလာ။ ပြန်ပေါ်လာသောအခါ၌လည်း ခဏသာဖြစ်ပြီး လက်ကားယား ခြေကားယားဖြင့် ပြန်မြုပ်သွားပြန်၏။

ကျွန်တော်နှင့် ငြိမ်းမောင် ပေါ်လာရာမှာ အနည်းငယ်ကွာဝေးသဖြင့် ကျွန်တော်က သူ့ဆီကူးသွားသည်။

ငြိမ်းမောင်က ကြောက်အားလန့်အားဖြင့် ဖက်တွယ်သည်။ ကျွန်တော်တို့နှစ်ဦးလုံး ရှုန်းရင်း ဆန်ခတ် မြုပ်ချည်ပေါ်ချည် ဖြစ်နေသည်။ ထိုစဉ် ခိုင်ကပါ ခုန်ချလေသည်။ နောက်တစ်ချီ မမြုပ်မီ ကမ်းစပ်၌ ပေါ်လာသော ဦးထွန်းမောင်ကြီးနှင့် ကိုကို့ကို မသဲမကွဲမြင်လိုက်ရသည်။ ရေအောက်၌ ငြိမ်းမောင်နှင့် ကျွန်တော် ကွဲသွားသည်။

ရေမွန်းသဖြင့် ကြောက်အားလန့်အား ရုန်းတက်လာသော ကျွန်တော်သည် ကမ်းစပ်နှင့် မလှမ်းမကမ်း၌ ပေါ်မိသည်။ ကမ်းစပ်မှနေ၍ ကိုကိုက သူ့လက်တံရှည်ကြီးများနှင့် လှမ်းဆွဲယူသောကြောင့် ကျွန်တော်ကုန်းပေါ်သို့ ရောက်လာသည်။

ဦးထွန်းမောင်ကြီးမှာမူ ရေကန်တွင်းသို့ ရောက်နေ၍ ရေမျက်နှာပြင်ပေါ် ဟိုဟိုသည်သည် ရှာနေ၏။

မကြာမီ ခိုင့်ခေါင်းလေး ပေါ်လာရာ ဦးထွန်းမောင်ကြီးက လှမ်းဆွဲသဖြင့် ဆံပင်ကို မိသည်။

ခိုင်သည် ကုန်းပေါ်သို့ ရောက်လာခဲ့၏။ ငြိမ်းမောင်မှာမူ ပေါ်မလာ။ ကိုကိုသည် ခိုင့်ကို သက်သာအောင် လုပ်ပေးနေခိုက် ဦးထွန်းမောင်ကြီးက ရေငုပ်ကာ ငြိမ်းမောင်ကို ရှာသည်။ ကျန်လူကြီးများကလည်း ကန်တစ်ဝိုက်သို့ ရောက်လာကြသည်။ ကိုကိုသည် ခိုင့်ကို ဖေဖေတို့ လက်တွင်းအပ်၍ သူလည်း ရေဆင်းငုပ်သည်။

ဦးထွန်းမောင်ကြီး ဘွားကနဲ ပေါ်လာသည်။ ငြိမ်းမောင်မူ ပါမလာ။ ဦးထွန်းမောင်ကြီးသည် လေတစ်ချက်ရှူကာ ပြန်ငုပ်သွားပြန်သည်။ မကြာမီ ကိုကို ပေါ်လာသည်။ ကိုကိုနှင့်အတူ ငြိမ်းမောင်ပါလာသည်။

ထိုအချိန် ခိုင်သည် ရေမွန်း၍ မျက်လုံးအပြူးသားနှင့် ကြည့်နေရှာသည်။

ကိုကိုတို့က ငြိမ်းမောင်ကို ခြေနှစ်ချောင်းကို ကိုင်၍ ပခုံးမှ ဇောက်ထိုးချကာ ထမ်းပြေးသည်။ ငြိမ်းမောင်ရေများ အန်ပြီးသောအခါ ဖေဖေက မြေပြင်၌ ပက်လက်လှဲစေပြီး လက်နှစ်ဖက်ကို ဆန့်ဆန့်တန်းအောင် ဆွဲစေလျက် လှန်ချည်၊ ထိုင်ချည် ပြုလုပ်ပေးသည်။

အတန်ကြီးကြာစွာ ထိုသို့ပြုလုပ်ပေးမှ ငြိမ်းမောင် ပြန်အသက်ရှူလာ၏။ ငြိမ်းမောင်ကို အဝတ်နွေးနွေးတို့ဖြင့် ထွေး၍ ကားပေါ်တင်လျက် ဖေဖေနှင့်အတူ ဆေးရုံကြီးသို့ အမြန်ခေါ်သွားရသည်။ ကျွန်တော်တို့ ပျော်ပွဲစားလည်း ပျက်လေသတည်း။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## သတိပေးတားမြစ်ကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၂-ခ)ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ်-၃၂(ခ) နေကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်ကျော်[၁၂/ မဂဒ(နိုင်)၀၂၂၄၁၂] ကိုင်ဆောင်သူ၏ လွှဲအပ် ညွှန်ကြား ချက်အရ သတိပေးကြေညာပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေစံပြကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၃၀(အေ)၊ ဦးပိုင်အမှတ်(၄၃+၄၄) (၅. ၂၈)ဧက [(လန-၃၉)ရရှိထားပြီး အစိတ်အပိုင်းနှင့် (လန-၃၉) လျှောက်ထားဆဲအစိတ်အပိုင်းအပါအဝင်] မြေကွက်ကြီး တစ်ခုလုံးသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်ကျော်မှ အမည်ပေါက်လက်ရှိထားပိုင်ဆိုင်ပါသည်။အဆိုပါမြေကွက်နှင့်ပတ်သက် ပြီး လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မည်သူ့ကိုမျှ ပါဝါပေးထားခြင်း၊လွှဲအပ်ထားခြင်းလုံးဝမရှိပါ။ ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများကိုလည်း မည်သူ့ကိုမျှ ပေးအပ်ထားခြင်းမရှိပါ။ မြေကွက်ပိုင်ရှင် ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်းသိရှိသဘောတူမှုမရရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ အမည်ပြောင်းခြင်းနှင့် အာမခံထားရှိခြင်း လွှဲပြောင်းမှု တစ်ရပ်ရပ်ပြုလုပ်ခွင့်မရှိပါကြောင်း အသိပေးတားမြစ်ပါသည်။ တစ်စုံတစ်ဦးမှ မသမာသော နည်းဖြင့် မရိုးမသားဆောင်ရွက်ထားမှုရှိပါက ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အများပြည်သူမှ လွှဲပြောင်းမှု၊ ရောင်းမှား၊ ဝယ်မှား တစ်စုံတစ်ရာမဖြစ်စေရန် ကြိုတင်သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်မြင့်မြင့်ကျော်
[၁၂/မဂဒ(နိုင်)၀၂၂၄၁၂]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မြင့်(သထုံ)
**B.A,H.G.P,RL,D.B.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၄၄/၈၅)
ဖုန်း-၀၉-၄၂၅၂၆၈၀၄၉၊ ၀၉-၇၉၆၂၈၇၅၈၉



## G.P Power ပြန်လည်ရုပ်သိမ်းခြင်း

ဒေါ်အေးစန်း[၁၂/မရက(နိုင်) ၀၇၈၃၄၀)] မှဒေါ်မာမာသန်း [၁၂/ဗဟန(နိုင်)၀၅၉၀၄၇] အား လွှဲအပ်ထားသော G.P Power အား ကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ a'a t ;pe;



## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အိမ်အမှတ်(၂၄/၂၆)၊ B ၆လွှာနေ အဖ ဦးမူတူးဆာမိ(YKN-(ပြု) ၀၀၀၂၇၃)၊ အမိ ဒေါ်သီတာ(ခ) ကန်သီးမတီး [၁၂/လကန(နိုင်)၀၆၈၉၄၉]၏ သားဖြစ်သူ မောင်ကျော်သူရ(ခ)ကိုရာဂျား [YKN(ပြု)၀၀၁၀၀၈]သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိမိသဘော ဆန္ဒအရ အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။နောက်နောင်ဎင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဦးမူတူးဆာမိ၊ ဒေါ်သီတာ



## City Man Co.,Ltd (စီးတီးမင်းကုမ္ပဏီလီမိတက်)၏ ဒါရိုက်တာအဖွဲ့သို့ အောက်ပါရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေနှင့်အညီ အစည်းအဝေးခေါ်ယူပေးပါရန် အသိပေးတောင်းဆိုခြင်း

ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီ၏တရားဝင် ဒါရိုက်တာနှင့်အစုရှယ်ယာဝင်တစ်ဦးဖြစ်သူ ဦးရန်ဂျာရီ၏ လွှဲအပ်ညွှန်ကြားချက်အရ

(က) ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဂရိတ်ဝေါဦးတင်မောင်(ခ)လီစန်ရှင်းနှင့် ပတ်သက်၍ ထွက်ပေါ်နေသည့် သတင်းအမျိုးမျိုးကြောင့် ကုမ္ပဏီ၏အမည်ကောင်းများကို ထိပါးလျက်ရှိခြင်း

(ခ) Livingကုမ္ပဏီအဖြစ်ဆောင်ရွက်ရန် ကိစ္စများကို ဒါရိုက်တာအဖွဲ့မှ ဆောင်ရွက်ရန် ပျက်ကွက်နေခြင်း

(ဂ) ကုမ္ပဏီအနေဖြင့်ရရှိထားသည့် BOTလုပ်ငန်းများကို သီးခြားစာချုပ်များ လုပ်ကိုင်နေသည့် ကိစ္စများကို ကုမ္ပဏီနှင့် ရှင်းလင်းစေခြင်း

(ဃ) ကုမ္ပဏီ၏ အမည်ကောင်းနှင့် ဂုဏ်သတင်းကို ထိခိုက်စေသူတို့အား ကုမ္ပဏီဥပဒေနှင့်အညီ ထုတ်ပယ်၍ BOTအဖွဲ့အား အသစ်ပြန်လည်ဖွဲ့စည်းခြင်း စသည့်ကိစ္စများဆောင်ရွက်ရန် အရေးပေါ်လိုအပ်နေသည်ဖြစ်၍ မြန်မာနိုင်ငံ ကုမ္ပဏီအက်ဥပဒေပုဒ်မ-၇၈(Extra Ordinary General Meeting) သာမန်မဟုတ်သော သင်းလုံးကျွတ်အစည်းအဝေးခေါ်ယူပေးပါရန်နှင့် ပုဒ်မ-၈၁အရ(Extra Ordinary and Special Resolutions) သာမန်မဟုတ်သော ဆုံးဖြတ်ချက်များနှင့် အထူးဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့်အစုရှယ်ယာရှင်အားလုံးအား မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေနှင့်အညီ အစည်းအဝေးဖိတ်ကြား၍ ဤကြော်ငြာပါပြီး(၂)လအတွင်း မပျက်မကွက် အစည်းအဝေးခေါ်ယူကျင်းပပေးပါရန် ကုမ္ပဏီသို့ အသိပေးတောင်းဆိုအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဒေါ်လက်လက်လင်း | ဦးအောင်ဉာဏ်မင်း | ဒေါ်အေးသဲခိုင် |
| စဉ်-၂၉၄၃၅ | စဉ်-၂၉၈၉၁ | စဉ်-၄၁၃၅၄ |

(အထက်တန်းရှေ့နေများ)
အမှတ်-၁၀၁၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



## တောင်းပန်လွှာ

နေပြည်တော် အလှမွေးတိရစ္ဆာန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းစု၏ ဝန်ထမ်းတစ်ဦးဖြစ်သော ကျွန်မ ဒေါ်သဇင်လှိုင်(ဘ)ဦးဖိုးတိ[၁၃/မမန(နိုင်)၀၂၁၈၃၉] ကိုင်ဆောင်သူ မောက်မယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနေထိုင်သူသည် တာဝန်ထမ်းဆောင်စဉ်လုပ်ငန်း၏ ရောင်းကုန်များအား သတ်မှတ်ဈေးနှုန်းများထက်ပိုမိုရောင်းချခြင်း၊ လုပ်ငန်းပိုင်ငွေများ အား ယူငင်သုံးစွဲခြင်းများကို ပြုလုပ်ခဲ့ပါသည်။

ကျွန်မ၏ ပြုမှုမှုများကြောင့် နေပြည်တော် အလှမွေးတိရစ္ဆာန်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းစု၏ ကောင်းမွန်သော နာမည်ဂုဏ်သတင်း၊ ဝယ်ယူအားပေးကြသူများနှင့် ဝန်ထမ်းများအား ထိခိုက်နစ်နာစေခဲ့သည့်အတွက် ကျွန်မဒေါ်သဇင်လှိုင်မှ တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်းအသိပေး၍ အနူးအညွတ်တောင်းပန်အပ်ပါသည်။

သဇင်လှိုင်[၁၃/မမန(နိုင်)၀၂၁၈၃၉] မောက်မယ်၊ရှမ်းပြည်နယ်တောင်ပိုင်း

# တိမ်တောင်သဖွယ် မင်းရေးကျယ်

ကိုရင်ညြ

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်းပုံရိပ်များကို ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)*

အီရန်နိုင်ငံ အာရက်မြို့အနီးရှိ အဏုမြူစက်ရုံ



အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်အား ထိန်းချုပ်ကန့်သတ်နိုင်မည့် အခြေခံမူဘောင် သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ခြင်းနှင့် ပတ်သက်၍ အပြုသဘော ကြိုဆိုသူများရှိကြသကဲ့သို့ မယုံသင်္ကာစိတ်ဖြင့် သံသယထွေပြား ဝေဝါးနေသူများလည်း ရှိနေကြောင်း တွေ့ရှိရသည်။

အမေရိကန်၊ အီရန်နှင့် နိုင်ငံငါးနိုင်ငံတို့ ဆွစ်ဇာလန်နိုင်ငံ၌ ရရှိခဲ့သော အခြေခံမူဘောင် သဘောတူညီချက်သည် ဇွန် ၃၀ ရက်ထက် နောက်မကျဘဲ အပြီးသတ် သဘောတူညီချက်ရရှိရန် တံခါးတစ်ချပ်ကို ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။ စေ့စပ်ဆွေးနွေးရေးမှူးများသည် နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးသွားကြမည်ဖြစ်သည်။

အီရန်နိုင်ငံနှင့် သဘောတူညီချက်မူဘောင် ချမှတ်နိုင်ခဲ့ခြင်းမှာ တစ်သက်မှာ တစ်ခါသာ ကြုံရသည့် အခွင့်အခါတစ်ရပ် ဖြစ်သည်ဟု အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ဂုဏ်ယူဝင့်ကြွားစွာ ပြောကြားခဲ့သည်။ အီရန်နိုင်ငံ အဏုမြူဗုံး ပြုလုပ်ခြင်းမှ တားဆီးပေးမည်ဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေးအတွက် ရေရှည်အကျိုးရှိစေမည်ဟု အိုဘားမားက ဆိုသည်။

အဏုမြူလက်နက် အီရန်ထုတ်လုပ်မှု မရှိစေရေးအတွက် အထိရောက်ဆုံး နည်းလမ်းမှာ စေ့စပ်ဆွေးနွေးမှုများ အောင်မြင်မှုရှိရန် လိုအပ်ပေလိမ့်မည်။ သမ္မတ အိုဘားမားအနေဖြင့် ရေရှည်မျှော်ကိုးလျက် အီရန်အား ထိန်းချုပ်နိုင်မည့် နည်းလမ်းအသွယ်သွယ်ကို စဉ်းစားထားပြီးဖြစ်သည်ဟု ရှုမြင်ရသည်။

အမေရိကန်-အီရန် ဆက်ဆံရေးစာမျက်နှာသစ်တွင် နျူကလီးယား သဘောတူညီချက်က ရှေ့ဆောင်လမ်းပြနေရာ၌ ရှိနေပေမည်။

သို့ရာတွင် အီရန်နှင့် ရရှိသော သဘောတူညီချက်ကို အကောင်အထည်ဖော်ရေးတွင် နိုင်ငံရေးအရ အခက်အခဲပေါင်းစုံ တွေ့ကြုံလာရဖွယ်ရှိနေသည်။ အမေရိကန်အစိုးရနှင့် အီရန်အစိုးရအကြား ရရှိသော သဘောတူညီချက်အား အတည်ပြုခြင်း သို့မဟုတ် ပယ်ချခြင်းကို ကွန်ဂရက်လွှတ်တော်က လုပ်ဆောင်နိုင်မည့် ဥပဒေကြမ်းတစ်ရပ်ကိုမူ အိုဘားမားက ထပ်တလဲလဲ ကန့်ကွက်ထားသည်။

အီရန်နှင့် သဘောတူညီချက် ရရှိခြင်းကို ကွန်ဂရက်လွှတ်တော်က လက်ခံလာအောင် အိုဘားမားအစိုးရအဖွဲ့က စည်းရုံးသွားရမည့်အပြင် အီရန်နိုင်ငံအပေါ် သံသယရှိသည့် အာရပ်မဟာမိတ် နိုင်ငံများကိုလည်း ဆွဲဆောင်သွားရန် လိုအပ်မည်ဟု ယူဆရသည်။

သဘောတူညီချက် ရယူရာတွင် သမိုင်းနှင့်ချီကာ လုပ်ဆောင်ရမည့်ကိစ္စဖြစ်ခြင်းကြောင့် အီရန်၏ လှည့်ဖျားမှုကို အမေရိကန် မခံရရေးအတွက် အမေရိကန်အစိုးရအတွက် သတိကြီးကြီး ထားရမည်မှာ သေချာလှပေသည်။

အီရန်နိုင်ငံရှိ မသင်္ကာဖွယ်ရာ နေရာတစ်နေရာကို နိုင်ငံတကာမှ အဏုမြူရေးရာ ကျွမ်းကျင်သူများက ဝင်ရောက်စစ်ဆေးခွင့် ရရှိနိုင်မည့် စနစ်မှာလည်း အရေးကြီးလှပေသည်။

တစ်ချိန်တစ်ခါက ရန်သူတော်နိုင်ငံကြီးများ ဖြစ်ခဲ့ကြသော အမေရိကန်နှင့် အီရန်အကြား ရန်မီးငြိမ်းရန် ရှေးရှုကြလျက် သံတမန်ရေးအရ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးနိုင်ကြခြင်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အထောက်အပံ့တစ်ခု ဖြစ်စေလိမ့်မည်။

အဏုမြူလောင်စာ သုတေသနလုပ်ငန်းကြောင့် စီးပွားရေး ပိတ်ဆို့မှုများနှင့် တွေ့ကြုံနေရသော အီရန်နိုင်ငံအနေဖြင့် ရေနံဈေးနှုန်း တရိပ်ရိပ်ကျဆင်းလာခြင်းကြောင့် အင်အားချည့်နဲ့လာချိန်တွင် ယင်း၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ တင်းခံမနေနိုင်တော့ဘဲ အလျှော့ပေး လိုက်လျောမှုများ ပြုလုပ်လာခြင်းဖြစ်သည်ဟု ယူဆရသည်။

သမ္မတအိုဘားမားအနေဖြင့် ရာထူးသက်တမ်းမကုန်မီ အီရန်နှင့် သဘောတူညီချက်ရခြင်းဖြင့် နိုင်ငံရေး အောင်မြင်မှုအရ သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခြင်းဖြစ်ပေမည်။

အမေရိကန်၏ မဟာမိတ် အစ္စရေးမှာမူ အီရန်နိုင်ငံအပေါ် ယုံကြည်မှုကင်းမဲ့နေခြင်းကြောင့် အမေရိကန်အစိုးရနှင့် ဆက်ဆံရေး ထိခိုက်ရသည်။ ကမ္ဘာ့မြေပုံပေါ်မှ အစ္စရေးနိုင်ငံကို ဖယ်ထုတ်ပစ်မည်ဟု အီရန်နိုင်ငံ၏ ယခင်သမ္မတ အာမက်ဒိန်နီဂျက် ကြုံးဝါးခဲ့သည်ကို အစ္စရေးနိုင်ငံက မည်သည့်အခါတွင်မျှ မေ့ပျောက်နိုင်လိမ့်မည်မဟုတ်ဟု ယူဆရပြီး အတိတ်တစ္ဆေခြောက်လှန့်နေသည်။

ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံ (အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် တရုတ်)နှင့် အီရန်အကြား နျူကလီးယားအရေး ပဏာမ သဘောတူညီချက်သည် အီရန်၏ နျူကလီးယားဆိုင်ရာ အခွင့်အရေးကို ကာကွယ်ပေးပြီး နိုင်ငံတကာ ဒဏ်ခတ်အရေးယူမှုများကို အဆုံးသတ်စေမည်ဟု အီရန်သမ္မတ ဟာဆန်ရူဟာနီက ပြောကြားခဲ့သည်။

သို့ရာတွင် အပြီးသတ် သဘောတူညီချက် လက်မှတ်ရေးထိုးသည့်နေ့မှာပင် ဒဏ်ခတ်ပိတ်ဆို့မှု အရပ်ရပ်ကို လုံးဝ ရပ်ဆိုင်းပေးရန် သမ္မတရူဟာနီက ဧပြီ ၉ ရက်တွင် တောင်းဆိုခဲ့ရာ ဒဏ်ခတ် ပိတ်ဆို့မှုများကို အဆင့်လိုက် ရုပ်သိမ်းပေးရန် ရည်ရွယ်ထားသော အမေရိကန်အစိုးရအဖွဲ့အတွက် သံခင်းတမန်ခင်းအရ ချဉ်းကပ်လှုပ်ရှားမှုတွင် အကျပ်အတည်း တစ်ရပ်တွေ့ရပြန်သည်။

၂၀၁၃ ခုနှစ်က ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော အီရန်သမ္မတ ရူဟာနီက ၎င်း၏ နိုင်ငံအပေါ် ချမှတ်ထားသည့် နိုင်ငံတကာပိတ်ဆို့ အရေးယူမှုများကို ရုပ်သိမ်းသွားအောင် ပြုလုပ်မည်ဟု ပြည်သူလူထုကို ကတိပေးခဲ့သည်။

နျူကလီးယားအရေး မူဘောင် သဘောတူညီချက်ရရှိခဲ့သော်လည်း အသေးစိတ် ဆက်လက် ဆွေးနွေးရဦးမည်ဖြစ်ခြင်းကြောင့် မှတ်ချက်ပေးပြောဆိုရန် အချိန်စောသေးသည်ဟု အီရန် ဘာသာရေးခေါင်းဆောင်ချုပ် အယာတိုလာအလီခါမေနီက ဧပြီ ၉ ရက်တွင် ဆိုမိန့်ခဲ့သည်။

အီရန်နှင့် အင်အားကြီးနိုင်ငံများအကြား အပြီးသတ် သဘောတူညီချက်ရရှိသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သံတမန်ရေးအရ ညှိနှိုင်းနိုင်ကြခြင်းမှာ သမိုင်းဝင်တိုးတက်မှုတစ်ရပ်ပင်ဖြစ်ပြီး တိမ်တောင်သဖွယ် မင်းရေးကျယ်လှပေသည်တကား။

# အကြမ်းဖက်မှု၏ ရေသောက်မြစ်များ




ကင်ညာနိုင်ငံ ဂါရစ်ဆာတက္ကသိုလ်၌ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခဲ့သော အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့ကို စစ်အင်အားသုံး၍ ဖြိုခွင်းသွားရန်နှင့် အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်ညွှန်ကြားခဲ့သူကို တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူရန် တောင်းဆိုသံများ သောသောညံလာသည်။

ဆိုမာလီနိုင်ငံအခြေစိုက် အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့၏ လက်ချက်ဖြင့် ဂါရစ်ဆာမြို့ရှိ တက္ကသိုလ်တွင် အပြစ်မဲ့ကျောင်းသူ၊ ကျောင်းသား အများစုဖြစ်သည့် လူပေါင်း ၁၅၀ ခန့် သေဆုံးခဲ့ရခြင်းအတွက် တစ်ကမ္ဘာလုံး သည်းထိတ်ရင်ဖိုဖြစ်ကာ ဒေါမနဿပွားကြရလေသည်။

ထိုစဉ်အတွင်း ကင်ညာသမ္မတ အူဟူယူကင်ယက်တာက ဓားကိုဓားချင်း၊ လှံကိုလှံချင်း တုံ့နှင်းမည့် သဘောပြောခဲ့ပြန်သည်။

“မိစ္ဆာကောင်တွေကို အပြင်းထန်ဆုံး ချေမှုန်းပစ်မယ်” ဟူ၍ ကင်ညာသမ္မတက ကြုံးဝါးခဲ့ပြီး မကြာမတင်မှာပင် ကင်ညာ-ဆိုမာလီနယ်စပ်အနီး အယ်လ်ရှာဘတ်အဖွဲ့၏ စခန်းများကို ကင်ညာ တပ်မတော်က လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။

အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့ အင်အားပြိုကွဲသွားအောင် စစ်ရေးနည်းလမ်းကို ကင်ညာ နိုင်ငံက မဟာဗျူဟာတစ်ရပ်အဖြစ် အသုံးပြုနေ သော်လည်း ယင်းစစ်သွေးကြွအဖွဲ့ကို ထိထိရောက်ရောက် ဖြိုခွင်းနိုင်ရေးမှာ တိမ်မယောင်နှင့်နက်လွယ်မယောင်နှင့် ခက်သည့် ပြဿနာတစ်ရပ်အဖြစ် ရှုမြင်ရလေသည်။

ကင်ညာနိုင်ငံသည် ၂၀၁၁ ခုနှစ် အောက်တိုဘာလမှစ၍ ဆိုမာလီနိုင်ငံ၌ စစ်ရေးအရ ကြားဝင်စွက်ဖက်မှုပြုလုပ်လာခဲ့သည်ကို တွေ့ရသည်။

အယ်လ်ရှာဘတ်အဖွဲ့သည် အုံနှင့်ကျင်းနှင့် လူသေဆုံးမှုများကို ဖြစ်ပေါ်စေသော အကြမ်းဖက် တိုက်ခိုက်မှုများကို ဆက်တိုက်ပြုလုပ်လာခဲ့သည်။ ၂၀၁၃ ခုနှစ်နောက်ပိုင်း ယင်းအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူပေါင်း ၄၀၀ ကျော် သေဆုံးခဲ့ရသည်။

အကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်တိုင်း ပြန်လည် လက်စားချေတုံ့ပြန်တိုက်ခိုက်မှုများကို တွေ့ရလေ့ရှိသော်လည်း စစ်သွေးကြွများမှာ အင်အားချည့်နဲ့သွားခြင်းမရှိဘဲ ဆက်လက်အသက်ဆက်နိုင်သည်ကို တွေ့မြင်ရလေသည်။ အစွန်းရောက်အဖွဲ့များအား ကြည့်လျှင် ဘာသာရေးအစွန်းရောက် အုပ်စုကွဲများအဖြစ် အခြေခံကျကျ ဖွဲ့စည်းထားသည်ကို တွေ့ရသည်။

တိုင်းပြည်မငြိမ်မသက် ဖြစ်ချိန်မျိုးတွင် အစွန်းရောက် စစ်သွေးကြွအဖွဲ့များ ပေါ်လာတတ်သည်မှာ ဓမ္မတာဖြစ်၏။

ဥဒါဟရုဏ်တစ်ရပ်ကို ညွှန်းရသော် အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့သည် ဆိုမာလီနိုင်ငံ၌ နိုင်ငံတော်ပြိုကွဲနေချိန်တွင် ပေါ်ပေါက်လာသော အကြမ်းဖက်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ အလားတူပင် ဘိုကိုဟာရမ် စစ်သွေးကြွအဖွဲ့သည် နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းရှိ ကာလရှည်ဆင်းရဲတွင်းနက်နေသော ဒေသမှ ထွက်ပေါ်လာခဲ့သည်။

ဒေသဆိုင်ရာ ပြဿနာများ ဆက်လက်ရှိနေသရွေ့ အယ်လ်ရှာဘတ် သို့မဟုတ် ဘိုကိုဟာရမ်အဖွဲ့ ပြိုကွဲသွားသည့်တိုင် ဘာသာရေးအစွန်းရောက် စစ်သွေးကြွအဖွဲ့များ ပေါ်ထွက်လာနေဦးမည်ဟု ယူဆရလေသည်။

အစွန်းရောက်အဖွဲ့များက လူသားမျိုးနွယ်အပေါ် လူမဆန်စွာ ပြုမူကျင့်ကြံနေခြင်းအတွက် စစ်ရေးနည်းလမ်းအရ အရေးယူခြင်းမှာ အခြေအနေအရ လိုအပ်ချက်ဖြစ်ပေလိမ့်မည်။

သို့ရာတွင် စစ်ရေးနည်းလမ်းအရ ဖြေရှင်းသည့် မူဝါဒ အမြဲတစေ အလုပ်မဖြစ်သည်ကို အီရတ်နိုင်ငံက သာဓကဆောင်ခဲ့ပြီးဖြစ်သည်။

အီရတ်နိုင်ငံ၌ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က စစ်ရေးအရ ကြားဝင်ဖြေရှင်းပေးခဲ့သော်လည်း ဒေသဆိုင်ရာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို တည်ဆောက်နိုင်ခြင်း မရှိခဲ့ပေ။

အီရတ်နိုင်ငံ၌ နိုင်ငံရေးလေဟာနယ်ဖြစ်ပေါ်ခဲ့ ပြီး နိုင်ငံမြောက်ပိုင်း၌ လူမျိုးရေးဂိုဏ်းဂဏ ပဋိပက္ခများ ကြီးထွားလာခဲ့ကာ အိုင်အက်စ်အိုင်အက်စ်စစ်သွေးကြွအဖွဲ့က တွေ့ရာသင်္ချိုင်း ဓားမဆိုင်းသည့်မင်းမဲ့စရိုက် အပြုအမူများကို လက်ရဲဇက်ရဲ ပြုလုပ်လာသည်မှာ ရင်နှင့်ဖွယ်ရာ ကောင်းလှပေသည်။

အကြမ်းဖက်မှု၏ အခြေခံ ရေသောက်မြစ်များကို ဖြတ်တောက်နိုင်ခြင်းမရှိပါက အကြမ်းဖက်အုပ်စုများမှာ မျိုးသုဉ်းပျောက်ကွယ်သွားမည်မဟုတ်ပေ။

လူမျိုးရေးနှင့် ဘာသာရေးတို့အရ ရန်သတ္တရုပြုခြင်း၊ နိုင်ငံရေးအရ တည်ငြိမ်မှုကင်းမဲ့ခြင်း၊ အစိုးရအဖွဲ့၏ အာဏာစက် ထက်မြက်မှုမရှိခြင်းတို့သည် အကြမ်းဖက်အဖွဲ့များ ပေါ်ထွက်စေသော အခြေခံအကြောင်းတရားများဖြစ်သည်ဟု ယူဆရလေသည်။

# ရွှေလမ်းငွေလမ်းဖွင့်တော့မည့် ကျူးဘားနှင့် အမေရိကန်

အမေရိကန်နှင့် ကျူးဘားနိုင်ငံခြားရေးဝန်ကြီးများသည် ပနားမားနိုင်ငံ ပနားမားစီးတီး၌ ဧပြီ ၉ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ စစ်အေးကာလ မဟာရန်သူတော်ကြီးများဖြစ်ကြသော အမေရိကန်နှင့် ကျူးဘားတို့သည် နှစ် ပေါင်း ၅၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ် အဆင့်မြင့်ပုဂ္ဂိုလ်အဆင့် တွေ့ဆုံဆွေးနွေးနိုင်ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနိုရိုဒရစ်တို့သည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ရေးကို ဦးတည်လျက် သံတမန်ရေး အရ ထိတွေ့ဆက်ဆံမှုကို ပြန်လည်စတင်ကြခြင်းဖြစ်သည်။

အမေရိကတိုက် နိုင်ငံများမှ ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ အကြိုနေ့တွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။အမေရိကန်သမ္မတ အိုဘားမားသည် အကြမ်းဖက်သမားများကို ထောက်ခံအားပေးသည့် နိုင်ငံများစာရင်းမှ ကျူးဘားနိုင်ငံကိုဖယ်ရှားပေးတော့မည့်အသွင်ပြသနေသည်။

အမေရိကန် ကျောထောက်နောက်ခံပြု အာဏာရှင် ဘာတစ္စတာကို တိုက်ထုတ်ပြီး တော်လှန်ရေးခေါင်းဆောင် ဖီဒယ်လ်ကက်စထရိုက ၁၉၅၉ ခုနှစ်တွင် အာဏာသိမ်းပိုက်လိုက်ချိန် နောက်ပိုင်း ပထမဆုံးအကြိမ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး အပြည့်အဝထူထောင်နိုင်ရန် ဦးတည်လျက်ရှိကြလေပြီ။ ။

# မူဆယ် ၁၀၅ မိုင်၌ ထေရာသုံးထပ် ကျောင်းဆောင်ဖွင့်

**မူဆယ် မေ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကျေးရွာ အောင်သီရိမင်္ဂလာသုဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ အများပြည်သူလှူဒါန်းသော ထေရာသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းနေရာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက်မှ ၄ ရက်ထိ ကျင်းပခဲ့ပြီး အောင်သီရိသုခကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကေသရအရှင်သူမြတ်က လှူဖွယ်ဝတ္ထုအစုစုတို့ကို ရေစက်သွန်းချ အမျှအတန်းများ ပေးဝေ၍ တအာင်း(ပလောင်) ဘာသာစကားဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

ဖွင့်ပွဲအခမ်းအနားနေ့ရက်များတွင် မူဆယ်မြို့နယ်ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ တိုင်းရင်းသားရိုးရာအက၊ မင်္ဂလာအိုးစည်အကများဖြင့် ကပြဖျော်ဖြေခြင်း၊ ညပိုင်းတွင် တေးဂီတအစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေညှော့ခံခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တအောင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တားအိုက်မုန်းနှင့်အဖွဲ့များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့်အဖွဲ့ဝင်များ၊ မူဆယ်ခရိုင် သာသနာရေးမှူး ဦးနိုင်မောင်မောင်စိုးနှင့်အဖွဲ့ဝင်များ၊ မူဆယ်ခရိုင်အတွင်းရှိ ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ NGO များ၊ ရပ်နီးရပ်ဝေးမှ ဖိတ်ကြားထားသူများ၊ ဒေသခံတိုင်းရင်းသားပေါင်းစုံလူမျိုးစုများ စုစုပေါင်း ၄၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**သန့်ဇင် (မူဆယ်)**



# ရွာလမ်ကျေးရွာ၌ ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် လှူဒါန်းပွဲများပြုလုပ်

**ထန်တလန် မေ ၁၁**

ထန်တလန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မေ ၃ ရက်တွင် ရွာလမ်ကျေးရွာ၌ ကျန်းမာရေးအသိပညာနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲများကို ပြုလုပ်ရာ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် သက်ကြီးရွယ်အို ခြောက်ဦးအတွက် ဗီတာမင်နှင့်အစားအစာများ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အိအိခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင် မြို့နယ်သူနာပြုဆရာမကြီး ဒေါ်ထာကျဲရိက ကျန်းမားရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးနိုင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ယင်းနောက် မြို့နယ်သူနာပြုဆရာမကြီးက လူနာများကို အခမဲ့ကြည့်ရှုစစ်ဆေးပေးရာ အာဟာရချို့တဲ့သူများကိုလည်း အားဆေးများအခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ပထမပြန် စူဠဘွဲ့နှင်းသဘင်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုဆုနှင်းသဘင်အခမ်းအနားကျင်းပ

**ချောင်းဆုံ မေ ၁၁**

ချောင်းဆုံမြို့ အနောက်ရပ်ကွက် မင်းကျောင်းဓမ္မာရုံ၌ မေ ၇ ရက် နံနက် ၇ နာရီက ပထမပြန် စူဠဘွဲ့နှင်းသဘင်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆုနှင်းသဘင်အခမ်းအနား ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ တက်ရောက်လာသူများက မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူခဲ့ကြသည်။

ယင်းနောက် ပထမပြန်စူဠဘွဲ့ရ ပထမကြီးတန်း မွန်ရှင်သီရိဒ္ဒရ၊ အလတ်တန်း အရှင်ကောဝိဒ၊ အငယ်တန်း မွန်ရှင်သာရဏနှင့် ဦးနိမ္မလတို့အား ဌာအဆိုင်ရာမှ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအောင် မြို့နယ်အဆင့်ဝင် ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာအုပ်စုအလိုက်ဆုရသူများအား ဆရာတော်များက ပြန်လည်ဆုချီးမြှင့်ကာ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်က ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# နန်းတော်ရာရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်

**ပဲခူး မေ ၁၁**

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် အင်းဝ (၅) လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းလမ်းဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ မြို့မိမြို့ဖ ဦးဝင်းခိုင်၊ နန်းတော်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုကော်မတီများ၊ လမ်းကော်မတီများ၊ လမ်းသူ၊ လမ်းသား မိသားစုများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းအောင်က လမ်းနှင့် ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်ညို၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဖွင့်လှစ်ပေးပြီး လမ်းအားကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါလမ်းသည် အရှည် ၇၈၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိပြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်က အလှူငွေ ကျပ် သိန်း ၂၀၊ လမ်းသူ လမ်းသားမိသားစုများနှင့် အလှူရှင်များက ငွေကျပ် ၈၄ သိန်း စုစုပေါင်း ငွေကျပ် ၁၀၄ သိန်း အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး ဂဝံလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခင်းခြင်းဖြစ်သည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့်အဖွဲ့သည် လမ်းအဆင့်မြှင့်တင်ခင်းလျက်ရှိသော ဥဿာ ၁၀ လမ်း၊ ၁၁ လမ်းတို့အား သွားရောက်ကြည့်ရှုပြီး လမ်းကော်မတီများနှင့် တွေ့ဆုံကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်စိုး (ပဲခူး)**

## မုံလယ်သကြၤန်တရားစခန်း နှစ်သစ်မင်္ဂလာတရားပွဲ

မိုးကုတ်ဝိပဿနာပြန့်ပွားရေး၊ မုံလယ်တောရဓမ္မရိပ်သာ၊ အမှတ်(၁)တိုက်ခွဲ၊ (၁၀)မိုင်ကုန်း ပဲခူးတွင် ကျင်းပသော သကြၤန်(၇)ရက်တရားစခန်း၌ (၁၃၇၇ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့) ၁၇-၄-၂၀၁၅ ရက်၊ နံနက် ၇း၀၀ နာရီတွင် နှစ်သစ်မင်္ဂလာတရားပွဲကို မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်ကြီး အဘိဓမ္မနယူပဒေသကျောင်း နာယကဆရာတော် ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ (သကျသီဟ-အစိုးရဓမ္မာစရိယ၊ ပါဠိပါရဂူ)အရှင်မြတ်မှ ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

တရားပွဲမတည်အလှူရှင်နှင့်
မုံလယ်ကပ္ပိယကာရကအဖွဲ့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်(D-1)၊ အခန်း(၀၀၃)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးဇော်ထွန်း[၁၂/ကမရ(နိုင်)၀၀၅၈၅၀]ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်မို့မို့[၃/ဘအန(နိုင်)၀၁၀၂၅၄]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(5-AB(1)အခန်း(၄))၊ (ပ)ထပ်၊ (15'_49')အကျယ်အဝန်းရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းရီ[၁/မကတ(နိုင်)၀၆၀၈၀၇]မှ ဝယ်ယူရန် စရန်ငွေအချို့အား ပေးချေပြီးဖြစ်သဖြင့် ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝေမီလှိုင် **(LL.B, D.B.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)
အမှတ်(၆၇)၊ (၆လွှာအေ)၊ (၁၀)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၈၁

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၅

| | | |
|---|---|---|
| ဒေါ်တင်မေ | နှင့် | ဦးမြင့်ရွှေ |
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သဲကုန်းကျေးရွာနေ ဦးမြင့်ရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက"ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ မေလ ၄ ရက် (၁၃၇၇ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဧွေးဝင်း)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

## ဇနီးမယားအဖြစ်မှစွန့်လွှတ်လိုက်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည် (အဖ)ဦးတင်ဦး၏သား ကိုဇော်ဇော်ဦး(TGKN-၀၆၇၅၂၃)၏ ဇနီး ဖြစ်သူ (အဖ)ဦးဆန်းမြင့်၏သမီး မတင်တင်သော်[၁၂/အစန(နိုင်)၂၂၄၂၀၉]သည် (၆)လအရွယ် သားငယ်ကို ခေါ်ဆောင်လျက် အမှတ်(၁၀၅)၊ လမ်းသစ်လမ်း၊ နေပြည်တော်၊ လယ်ဝေးနေအိမ်မှ ၁၃-၃-၂၀၁၅ရက်က ၎င်း၏ဆန္ဒအလျောက် နေအိမ်မှထွက်သွားသဖြင့် မတင်တင်သော်အား ကျွန်ုပ်၏အမှုသည် ကိုဇော်ဇော်ဦးက ယနေ့မှစ၍ ဇနီးမယားအဖြစ်မှ စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးကျော်မြင့်
အထက်တန်းရှေ့နေ(၉၃၅၇)
အမှတ်-၅၀၊ ဘဏ်လမ်း၊ ရုံးခန်း**(C-10)** (ပ)ထပ်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ က ရပ်ကွက်၊ အမှတ် (၁၉)၊ ဧရိယာ (ဝ. ၀၅၅)ဧက၊ မောင်းမကန်ကမ်းသာ လမ်း၊ အကျယ်အဝန်း(၂၄၀၀) စတုရန်းပေရှိ မြေကွက်ကြီး ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဒေါ်ခင်သန်းနွဲ့ အမည်ပေါက် အမှတ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေအဆောက်အအုံတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် အထူးကိုယ်စားလှယ်လွှဲထားရှိပြီး စီမံခွင့်နှင့် ရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးဆန်းလင်း[၁၂/ဒဂတ(နိုင်)၀၀၄၅၂၅] ထံမှ ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်ခင်သူဇာ [၁၂/ဥကတ(နိုင်)၀၆၂၆၂၈] က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေအိမ်အဆောက်အအုံတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါအဆောက်အအုံတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်သူဇာ
(၁၂/ဥကတ(နိုင်)၀၆၂၆၂၈)
ဖုန်း-၀၉-၄၂၀၀၂၄၇၀၇၊ ၀၉-၇၃၀၇၇၂၉၇

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဧွေးကွယ်၊ (က)ရပ်ကွက်၊ အမှတ်(၇)၊ သူကြွယ်လမ်း၊ (၃)လွှာ ခေါင်းရင်းခန်း တိုက်ခန်းသည် ဒေါ်မြမြအေး[၁၂/တမန(နိုင်)၀၇၀၀၂၃]တစ်ဦးတည်းသာ ပိုင်ဆိုင်ခြင်းဖြစ်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြမြအေး[၁၂/တမန(နိုင်)၀၇၀၀၂၃]

## စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ ကိုတောင်ကြီးလမ်း၊ ဇီးကုန်းရပ်၊ အိမ်အမှတ် (၅၃) Bတွင် နေထိုင်သော ဦးအောင်မြင့်-(ဒေါ်ကျင်သန်း)တို့၏သမီး မစုစုသန်း[၁၀/မလမ (နိုင်)၁၈၈၀၈၁]မှ မော်လမြိုင်မြို့နယ်၊ စက်မှုဇုန်၊ အမှတ်(၁၀၇)၊ (၄) လမ်းနေ ဦးစိန်မြင့်-ဒေါ်လှလှ ဧွေး၏သားဖြစ်သူ မောင်ဇော်မင်းထိုက်[၁၀/မလမ(နိုင်)၁၆၈၅၂၁]အား စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် စေ့စပ်ကြောင်းလမ်းခြင်းကို ကျွန်မ မစုစုသန်းဘက်မှ တရားဝင်ဖျက်သိမ်း ကြောင်း ကြေညာအပ်ပါသည်။

မစုစုသန်း[၁၀/မလမ(နိုင်)၁၈၈၀၈၁]










azmi;\uaymu avmux m;ci;

ယာဉ်အမှတ် စ၅/၈၃၉၉၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွှာသာကြီး)

Mrl &m wp ci om ap cSi r; wi r ay; Ei




မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

## သာသနာရေးဝန်ကြီးဌာန
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ပေ(၁၁၆×၃၆)၊ ပေ(၇၂×၃၆) နှစ်ထပ်(သံကူကွန်ကရစ်)အခန်း(၈၀)ပါ သင်တန်းသား အိပ်ဆောင်တစ်လုံး ဆောက်လုပ်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိပ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်-

(က)တင်ဒါရောင်းချမည့်ရက်နှင့်နေရာ - ၂၂-၄-၂၀၁၅ရက်မှ ၈-၅-၂၀၁၅ရက်အထိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်

(ခ) တင်ဒါတင်သွင်းမည့်နေရာနှင့် - သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်

နေ့ရက်၊ အချိန် ၁၂-၅-၂၀၁၅ရက်၊ နံနက်(၉)နာရီမှ (၁၂)နာရီအထိ

(ဂ) တင်ဒါဖွင့်မည့်နေရာနှင့်အချိန် - သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်၊ ၁၂-၅-၂၀၁၅ရက်၊ မွန်းလွဲ(၁)နာရီ

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဖုန်း-၀၁-၆၅၀၇၀၇ သို့စုံစမ်းမေးမြန်း နိုင်ပါသည်။

လုပ်ငန်းတင်ဒါကြီးကြပ်ရေးအဖွဲ့

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်
## အမှုဆောင်အသစ်ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး
## ရွေးချယ်တင်မြှောက်ပွဲကျင်းပမည့်နေ့ရက် ကြေညာခြင်း

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၏ အမှုဆောင်အသစ်ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အဖွဲ့ချုပ် SRPS လိုင်စင်ရပြီး MYANMAR SEAFARER EMPLOYMENT SERVICES FEDERATION (MSESF)၏ အဖွဲ့ဝင်များတက်ရောက်နိုင်ပါရန် အသိပေး ကြေညာအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၅-၄-၂၀၁၅ရက်(စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီ
ကျင်းပမည့်နေရာ - M3 Food Centre (Golden Hall)

နံနက်စာ လက်ဖက်ရည်၊ မုန့်၊ ရေခဲမုန့်တို့ဖြင့် ကျွေးမွေးဧည့်ခံပါမည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်

## ကယားပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
## (ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ ယင်လုံအိမ်သာနှင့် အိမ်ရာလုပ်ငန်းများကိုဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ကတ္တရာလမ်း | (၄/၀)မိုင် |
| (ခ) | ကျောက်လမ်း | (၃၇)မိုင်၊ (၁. ၁၈)ဖာလုံ |
| (ဂ) | မြေလမ်း | (၃၂)မိုင်၊ (၇. ၆၇)ဖာလုံ |
| (ဃ) | သစ်သားတံတား | (၃၈၆)ပေ |
| (င) | ရေကျော် | (၃၅)ပေ၊ Box Culvert(၃၆)ပေ |
| (စ) | လက်တူးတွင်း | (၁၀)တွင်း |
| (ဆ) | တွင်းနက် | (၄)ခု |
| (ဇ) | စိမ့်စမ်း | (၁၈)ခု |
| (ဈ) | အခြား(ရေပေးရေး) | (၂၇)ခု |
| (ည) | ယင်လုံအိမ်သာ | (၁၀)လုံး |
| (ဋ) | ကျေးလက်မီးလင်းရေး | (၁၁၉) |
| (ဌ) | တန်ဖိုးနည်းအိမ်ရာ | (၁၁၉)လုံး |
| (ဍ) | ပြည်နယ်ရုံး | ၈၂'×၇၆'×၂၂'သံကူကွန်ကရစ်(၂)ထပ်(၁)လုံး |
| (ဎ) | လွိုင်ကော်ခရိုင်ရုံး | ၇၆'×၇၆'×၁၂'သံကူကွန်ကရစ်(၁)ထပ်(၁)လုံး |
| (ဏ) | ဘောလခဲခရိုင်ရုံး | ၇၆'×၇၆'×၁၂'သံကူကွန်ကရစ်(၁)ထပ်(၁)လုံး |

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနကသတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ် ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၄-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့် တင်ဒါများကို ၁၂-၅-၂၀၁၅ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့်တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်း(၁)ခုထက်ပိုမို၍ တင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ် ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်း ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်းတင်သွင်းရမည်။

၅။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဤဦးစီးဌာနရုံး ဖုန်းနံပါတ်(၀၈၃-၂၃၁၂၄) သို့ရုံးချိန်းအတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
## ဗဟိုစာရင်းအင်းအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Power Tree 1.25KVA UPS 35Nos. | |

၂။ တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၁၂-၄-၂၀၁၅ရက်မှ ၂၄-၄-၂၀၁၅ရက်ထိ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် အမှတ်(၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့်ရက် - ၂၄-၄-၂၀၁၅ရက်၊ နံနက် ၁၀း၀၀နာရီမှ မွန်းတိ ၁၂း၀၀နာရီ အတွင်း၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်အချိန် - ၂၄-၄-၂၀၁၅ရက်၊ မွန်းတည့် ၁၂း၀၀နာရီ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းအမှတ်-၀၁-၆၅၇၃၀၇၊ ၀၆၇-၄၀၆၃၃၀ နှင့် ၀၆၇-၄၀၆၃၂၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့၊
ရုံးအမှတ်(၃၂)၊ နေပြည်တော်

## ကယားပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကယားပြည်နယ်အတွင်းရှိမြို့နယ်များတွင်အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ် အပ်ပါသည်-

(က) အား/ကာသိပ္ပံ အဆောက်အအုံများတည်ဆောက်ခြင်းလုပ်ငန်း၊ အုပ်ချုပ်ရေးမှူးရုံး၊ နှစ်ထပ်သင်တန်းသားအိပ်ဆောင်(၂)ဆောင်၊ စားရိပ်သာ၊ နှစ်ထပ်စာသင်ဆောင် (၁) ဆောင်၊ (၄)ခန်းတွဲနှစ်ထပ်ဝန်ထမ်းအိမ်ရာ။

(ခ) ပြည်နယ် အား/ကာရုံးအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း။

(ဂ) ဒီမော့ဆိုမြို့နယ်၊ အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း။

(ဃ) ဘောလခဲမြို့နယ် အားကစားကွင်း အုတ်တံတိုင်းကာရံခြင်းနှင့် ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်း။

(င) ဖားဆောင်းမြို့နယ် အားကစားရုံ(၁)ရုံ ဆောက်လုပ်ခြင်းလုပ်ငန်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၄-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၄-၅-၂၀၁၅ရက်(၁၆း၃၀)နာရီ နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး ဖုန်း-၀၈၃၂၁၁၃၆ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ အောက်ပါမြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်များ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ် ပါသည်-

| စဉ် | ရုံးအမည် | အဆောက်အအုံအတိုင်းအတာ | တည်နေရာ |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် နမ့်စန်(တောင်)မြို့နယ် ဘဏ်ခွဲ | အဆောက်အအုံသစ်ပေ(၆၀×၃၀) သံကူကွန်ကရစ်(၁)ထပ် | နမ့်စန်(တောင်)မြို့ |
| (ခ) | မြန်မာ့စီးပွားရေးဘဏ် မိုင်းယောင်းဘဏ်ငွေတိုက်ခွဲ | အဆောက်အအုံသစ် ပေ(၅၀×၃၀)သံကူကွန်ကရစ် (၁)ထပ် | မိုင်းယောင်းမြို့ |
| (ဂ) | မြန်မာ့စီးပွားရေးဘဏ် ဆီဆိုင်မြို့နယ်ဘဏ်ခွဲ | အဆောက်အအုံသစ် ပေ(၆၀×၃၀)သံကူကွန်ကရစ် (၁)ထပ် | ဆီဆိုင်မြို့ |
| (ဃ) | မြန်မာ့စီးပွားရေးဘဏ် လောက်ကိုင်မြို့နယ် ဘဏ်ခွဲ | အဆောက်အအုံသစ် ပေ(၇၀×၅၀)သံကူကွန်ကရစ် (၁)ထပ် | လောက်ကိုင်မြို့ |
| (င) | မြန်မာ့စီးပွားရေးဘဏ် ဟိုပန်ဘဏ်ငွေတိုက်ခွဲ | ငွေသိုလှောင်ခန်းအဆောက်အအုံ အဆောက်အအုံသစ် ပေ(၁၆×၁၆) သံကူကွန်ကရစ် (၁)ထပ် | ဟိုပန်မြို့ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၂-၄-၂၀၁၅ရက်မှ ၃၀-၄-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ ရုံးဖွင့်ရက်များအတွင်း မြန်မာ့စီးပွားရေးဘဏ်(ရှမ်းပြည်နယ်ရုံး) တောင်ကြီးမြို့တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်မှာ ၈-၅-၂၀၁၅ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့စီးပွားရေးဘဏ်(ရှမ်းပြည်နယ်ရုံး)တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၀၁၉၃၅၊ ၀၈၁-၂၀၁၉၃၆သို့ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးလုပ်ငန်းကော်မတီ
ရှမ်းပြည်နယ်အစိုးရအဖွဲ့


MPT
အတာရေပက်တော့မြူး MPT နဲ့ နှစ်သစ်ကူး


မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော
အတာတန်ခူး နှစ်သစ်ဦးမှာ
ကိုယ်၊ စိတ်၊ နှလုံး သုံးပါးလုံး
အတာရေလိုအေး
ပိတောက်ကဲ့သို့ မွှေး၍
ကောင်းကျိုးမင်္ဂလာအပေါင်းနှင့်
ပြည့်စုံကြပါစေကြောင်း
ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။
SCANIA


ကမ္ဘာ့ရတနာဘဏ်
GLOBAL TREASURE BANK
Your Dream Your Success, Global Treasure Bank.
နေ့စဉ်အတိုးရရှိနေသည့် ခေါ်ယူအပ်ငွေစာရင်း (Call Deposits)အား
မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့်
စာရင်းဖွင့်လှစ်ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်၊
CALL DEPOSITS
ကျပ်သိန်း(၁၀၀) အထိ - ၄ %
ကျပ်သိန်း(၁၀၀) အထက် - ၄.၂၅ %
ကျပ်သိန်း(၁၀၀၀)မှ (၅၀၀၀)သိန်းအတွင်း - ၄.၅ %
ကျပ်သိန်း(၅၀၀၀)အထက် - ၄.၇၅ %

Hot Line No-0930500100

# မြန်မာက အမေရိကန်ကို အလဲထိုး



ထွန်းထွန်းမင်း(မုဒ္ဒိုသား)က ဆိုင်းရပ်စ်(အမေရိကန်)ကို ဤသို့ အမိအရ ထိုးသတ်စဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)

ရန်ကုန် ဧပြီ ၁၁

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူး၍ မြန်မာမီဒီယာဂရု(ပ်)က စီစဉ်ကျင်းပသည့် မြန်မာ-အမေရိကန် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဧပြီ ၁၁ရက် မွန်းလွဲ ၂ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ မကျေပွဲ ပြန်လည်ထိုးသတ်ခဲ့ရာ မြန်မာပြည်လက်ဝှေ့ချန်ပီယံ ထွန်းထွန်းမင်း(မုဒ္ဒိုသား)က ဆိုင်းရပ်စ်(အမေရိကန်)ကို အလဲထိုး၍ ရှုံးကြွေးပြန်လည်ဆပ်နိုင်ခဲ့သည်။

စာမျက်နှာ - ၈ »

## ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ မေ ၂၉ ရက် စတင်မည်

ရန်ကုန် ဧပြီ ၁၁

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံး ပြိုင်ပွဲကို မေ ၂၉ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲမှာ ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများအနက် အစောဆုံးကျင်းပမည့် ပြိုင်ပွဲလည်းဖြစ်သည်။ လက်ရှိတွင် အာဆီယံဒေသတွင်းမှအသင်း ၁၁ သင်းစလုံး ယှဉ်ပြိုင်မည်ဖြစ်ပြီး စင်ကာပူဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ထည့်သွင်းကျင်းပမည် မဟုတ်ပေ။ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုမဲခွဲပွဲကို ဧပြီ ၁၄ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ဘောလုံးမဲခွဲပွဲနှင့်အတူ ဘတ်စကက်ဘောနှင့် ဘော်လီဘောပြိုင်ပွဲတို့ကိုလည်း မဲခွဲသွားမည်ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၂၉ ရက်မှ ဇွန် ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး Jalan Besar ကွင်းနှင့် Bishan ကွင်းတို့၌ ယှဉ်ပြိုင်မည်ဖြစ်ကာ ဗိုလ်လုပွဲကိုမူ အမျိုးသားအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆီးဂိမ်း

စာမျက်နှာ ၈ ကော်လံ ၅ သို့ ○

## ယနေ့ မာတိကာ


ဆိုဗီယက်သင်္ကေတများကို ပိတ်ပင်ရန် ယူကရိန်းက ဥပဒေကြမ်းအတည်ပြု — စာမျက်နှာ - ၄
သင်္ကြန်ကာလ ယာဉ်အန္တရာယ် ကင်းဝေးအောင် — စာမျက်နှာ - ၅
အပြောင်းအလဲ မန္တလေးသင်္ကြန် — စာမျက်နှာ - ၆
လက်ကျန်ဘဝလေး ကူညီပေးကြပါ — စာမျက်နှာ - ၁၁


# အန္တရာယ်များသော ခုနစ်ရက် (သို့မဟုတ်) ထိုင်းဆွန်ခရန်ပွဲတော်

ဗန်ကောက် ဧပြီ ၁၁

ထိုင်းနှစ်သစ်ကူးပွဲတော်ဖြစ်သည့် ဆွန်ခရန်ပွဲတော်(ထိုင်းသင်္ကြန်ပွဲတော်)ကို နှစ်စဉ် ဧပြီလလယ်တွင်ကျင်းပပြီး အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိနေသည့် ထိုင်းလူမျိုးများက မိမိတို့ဇာတိမြို့ရွာများသို့ပြန်လာပြီး နှစ်သစ်ကူးအားလပ်ရက်များတွင် ပျော်ရွှင်စွာ ရေကစားလေ့ရှိသည်။

အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ဗန်ကောက်ပို့စ်သတင်းစာက ဆွန်ခရန်ပွဲတော် ကျင်းပသည့် ခုနစ်ရက်တာကာလကို အန္တရာယ်များသောခုနစ်ရက်ဟု ခေါ်ဆိုခဲ့ပြီး ပွဲတော်စတင်ကျင်းပသည့် ဧပြီလ ၉ ရက်နေ့မှာပင် လူ ၂၅ ဦးသေဆုံးပြီး ၃၄၈ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ရေးသားဖော်ပြခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖



ထိုင်းဆွန်ခရန်ပွဲတော်တွင် ဆင်ဖြင့် ရေပက်ကစားလျက်ရှိသည်ကိုလည်း တွေ့ရစဉ်။ (ဓာတ်ပုံ- gizmag.com)






themirror.npt@gmail.com
www.facebook.com/themirrordaily